www.burmeseclassic.com

# ကျွန်တော်သည်
# မျောက်က ဆင်းသက်၏
# ကိုတာ



မုံရွေး

www.burmeseclassic.com

www.burmeseclassic.com

ဒိုတာဝန်အရေး(၃) ပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

BURMESE CLASSIC .com

ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို
နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော
ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

မိုးဈေး စာအုပ် (၅၇)

## ကိုတာ

# ကျွန်တော်သည် မျောက်က ဆင်းသက်၏

အမှတ် ၁၄၇၊ ၄၅လမ်း
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၇၀၇၂။

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက် အမှတ် – [၆၇၉ / ၉၉ (၉)]
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – [၅၉၀ / ၂၀၀၀ (၇)]

●

မျက်နှာဖုံးပန်းချီ
စိုးနိုင်

မျက်နှာဖုံး ဒီဇိုင်း
ဗညား

. . . . . . . . . . .

ပုံနှိပ်ခြင်း
ပထမ အကြိမ်

. . . . . . . . . . .

ထုတ်ဝေခြင်း
စက်တင်ဘာ၊ ၂၀၀၀

. . . . . . . . . . .

ကွန်ပျူတာ စာစီ
မုံရွေး

. . . . . . . . . . .

စာအုပ်ချုပ်
ကိုတင်အေး

. . . . . . . . . . .

●

ထုတ်ဝေသူ – ဦးလှကြိုင်၊ လောကစာပေ၊
အမှတ် ၅၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်း၊ ရန်ကုန်

ပုံနှိပ်သူ – ဦးထွန်းလင်း
ဖိုးဝ အော့(ဖ်)ဆက် (၀၆၃၆၂)
အမှတ် ၁၄၇၊ ၄၅လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်

တန်ဖိုး ( ၇၀၀) ကျပ်

## မုံရွေးစာအုပ်တိုက်မှ ထုတ်ဝေပြီးစာအုပ်များ

၂၈။ မိဘနှင့်သားသမီးဆက်ဆံရေး ဝတ္ထုဆောင်းပါးများ
(ခင်မောင်သန်း – စိတ်ပညာ၊ တင်မောင်သန်း)
၂၉။ အလုပ်နှင့် လုပ်ငန်းခွင်အောင်မြင်ရေး (တင်မောင်သန်း )
၃၀။ စစ်ဘုရင် တိမူး (တက္ကသိုလ်မောင်မောင်ကြီး)
၃၁။ ပေါ်ဦးသက် အလည်လာခြင်း (ခင်မောင်ရင်)
၃၂။ ဂန္ထဝင် ဇာတ္တုတိုများ
၃၃။ အရက်နဲ့တန်ဖိုး (လူထုစိန်ဝင်း)
၃၄။ စာနယ်ဇင်း အရေးအသား ပုံစံသစ် (လူထုစိန်ဝင်း)
၃၅။ English for Self-Study( Book 1) by C.T.O
၃၆။ လှည်းဘီးတစ်ဘီး (ကိုတာ)
၃၇။ ရေးတတ်ပြောတတ်ဖို့ ဖတ်ရမှတ်ရမည့်ကောက်နုတ်ချက်အင်္ဂလိပ်စာ (C.T.O)
၃၈။ ပညာရှင်များနှင့် တွေ့ဆုံခြင်း (အောင်ဇမောင်း)
၃၉။ တွေးသူများ (ကိုတာ)
၄၀။ မဟာမင်္ဂလာ (ပါရဂူ)
၄၁။ အဘွားအိုယော်ဟန်နာ ပြောပြတဲ့ပုံ (အံ့မောင် မြန်မာပြန်)
၄၂။ ဖွင့်ထားသောစိတ် (ပ)
၄၃။ ဂန္ထဝင်သံခိပ် (မောင်ထင်)
၄၄။ ရေနီမြောင်းတေးသံ
၄၅။ နိုင်ငံ၏စီးပွားရေး (ကျော်ဝင်း)
၄၆။ နှစ်တစ်ရာက ခရီးသည် (မောင်ရဲခိုင်)
၄၇။ ရီလေတီဗီတီ (တက္ကသိုလ်ကြယ်ပွင့်)
၄၈။ စာပေသဘောတရားနှင့် ဝေဖန်ရေး အခြေခံကျမ်း (ဇော်ဇော်အောင်)

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

၄၉။ ဖွင့်ထားသောစိတ် (ဒ)

၅၀။ ဖွင့်ထားသောစိတ် (ဓ)

၅၁။ ဖွင့်ထားသောစိတ် (စ)

၅၂။ သူခိုးအာမခံ (သခင်ဘသောင်း)

၅၃။ အချိန်၏ သမိုင်းအကျဉ်း (ကျော်ဇေယျာ ပုသိမ်)

၅၄။ မမှားသိုသော် မမှန် (ကျော်ဇေယျာ.ပုသိမ် )

၅၅။ ကမ္ဘာဆရာ၏ အသိုက် (ပါရဂူ)

၅၆။ ခင်စိတ္တ (အံ့မောင်)

၅၇။ ကျွန်တော်သည် မျောက်က ဆင်းသက်၏ (ကိုတာ)

ဆက်လက်ထွက်မည့် စာအုပ်များ

၅၈။ ပင်လယ်ဝသို့ လှေကလေးနှင့် ထွက်ခဲ့ (မောင်သာချို)

၅၉။ မုံရွေးသိပ္ပံစာစဉ်

- မိုးပေါ်သို့ လိမ့်ကျခြင်း (မောင်ထင်)
- သချာ်ဘုရင်မ (လွတ်းမောင်)
- ကွမ်တမ်မကွင်းနစ် (တက္ကသိုလ်ကြယ်ပွင့်)
- နှစ်ဆယ်ရာစုသိပ္ပံ သူရဲကောင်းများ (ဒေါက်တာတင်အောင်)
- သိပ္ပံပညာရှင် မွေးမြူနည်း
- ရူပဗေဒပညာရှင်တစ်ယောက်၏ စာသင်ကျောင်း
- စူပါနန်းကြိုးမျှင် သီအိုရီ
- ဂျပန်ပြည်မှာ လုပ်သည်

# မာတိကာ


| | |
|---|---|
| အမှာ | |
| ပုံပြောခြင်း | ၁ |
| စာဖတ်သူ | ၉ |
| မှာပြန်ချင်သူ | ၁၇ |
| ကုလားထိုင်ပေါ်၌ ထိုင်ခြင်း | ၂၅ |
| အိပ်ရာထက်၌ လျှောင်းခြင်း | ၃၃ |
| ကျွန်တော်သည် မျောက်က ဆင်းသက်၏ | ၃၉ |
| ယားတတ်သောသူတစ်ယောက် အကြောင်း | ၄၉ |
| ပလီစီချောက်ချက် | ၅၇ |
| အသိအားကိုး | ၆၇ |
| ပညာခေတ်ကြီး၏ ခရီးဖာတ်ကြောင်း | ၇၇ |
| တောတွေ အသံဆိတ်တော့ | ၁၀၁ |
| အနုပညာနှင့် အားကစား . . . လုပ်ကြပါစို့ဗျား | ၁၀၇ |
| ဘာဆရာဝန်လဲဟု မေးခွန်းထုတ်ခြင်း | ၁၁၃ |
| အမေ . . . သတိလစ်ခြင်း | ၁၂၇ |
| အမေ့ ခေါ်သံ | ၁၃၅ |
| ရသမယ်လိုဒ်အတွက် ကိုတွေးထက်၏ အမေးများကို ဖြေခြင်း | ၁၄၅ |


www.burmeseclassic.com

www.burmeseclassic.com

# အမှာ

BURMESE CLASSIC .com

ကျွန်တော်သည် မျောက်က ဆင်းသက်၏ ဟု ဆိုရာ၌ ကျွန်တော်သည် နွားက မဆင်းသက်ဟူ၍ ပြောလိုရင်း အဓိပ္ပာယ် ရှိပါသည်။ တူချင်းတူလျှင် ကျွန်တော်သည် မျောက်နှင့်သာ တူရပေလိမ့်မည်။ ယင်းသည်လည်း ဓိဝဗေဒ နှင့် အညီသာ ဖြစ်ပါသည်။ ကျွန်တော်၏ သဘော သဘာဝသည် နွားနှင့်များ တူနေပါလျှင် ဓိဝဗေဒကို ဆန့်ကျင်နေပါလိမ့်မည်။ ထို့ကြောင့် မျောက်၏ သဘာဝကို အမွှမ်းတင်သော စာကလေးတစ်တိုနှစ်တို ဆိုပါသည်။ သမိုင်းတွင် ဓိဝဗေဒနှင့် ဆန့်ကျင်သော စနစ်များ ကျဆုံးသွားကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်သည် "နေခြင်းတွင် အရေးကြီးလှသော အကြောင်းအရာများ" ဟူသော စာအုပ်ကို နှစ်နှစ်သက်သက် ဖတ်ရှုရာမှ ယင်းစာအုပ်ပါ သဘောတရားများကို မှီး၍ "ကုလားထိုင်ပေါ်၌ ထိုင်ခြင်း"နှင့် "အိပ်ရာထက်၌ လှောင်းခြင်း" ဟူသော စာတိုကလေးနှစ်ခုကို ရေးကြောင်း ဝန်ခံပါသည်။

မှုံရွာမှ ကိုရဲခိုင်က ခင်ဗျား . . . ယားလို့ စာရေးတာမဟုတ်လား ဟု၍ မေးပါသည်။ မှန်လိုက်တာဗျာဟု သဘောတူသည့် အလျောက် ယားတတ်သောသူတစ်ယောက် ဟူသော စာတစ်ပိုဒ်ကို ရေးပါသည်။ ယားလွန်းလို့ဗျာ ဟု ပြောလျှင် အပြစ်တော် မတင်တန်ရာ ဟု ယူဆမိပါသည်။ ကကြည့်တာပါပဲဟု ပြောလျှင်၊ ကလည်း မကတတ်ပဲနဲ့ဟု ပြောမည့်သူများကို ကြောက်ပါသည်။

ကျန်သောစာများကတော့ ရောက်တတ်ရာရာများသာ ဖြစ်ပါသည်။ တောင်ရောက်မြောက်ရောက်ပါပဲ။

တွမ်ဝုဖ်ဆိုသော ပုဂ္ဂိုလ်ကြီးက သူကတော့ ဝတ္ထုရှည်ကြီးတွေ ရေးချင်တာပါ၊ ခု . . . ရေးတာကတော့ ပန်းတိုင်ကို မရောက်သေးသော လမ်းခုလတ်မှာ ကော်ဖီဖျော်သောက်တာပါပဲဟု ပြောပါသည်။ အရှေ့တိုင်းသား ဖြစ်သော ကျွန်တော်သည် ရေနွေးကြမ်းကို သောက်ပါသည်။ ကျွန်တော့် ရေနွေးကြမ်းမှ လက်ဖက်ခြောက်သည် ကောင်းချင်မှ ကောင်းပါလိမ့်မည်။ သို့သော် ကိုရင်တာ ရေနွေးကြမ်းလေး သောက်ကြပါဦးဗျာ။

တကြွင်း။ ။ ကိုရင်တာ့ ရေနွေးကြမ်းလေး ပူလျှင်လည်း မှုတ်သောက်ပါ၊ သူတော်ကောင်းများ ခင်ဗျား။

# ပုံပြောခြင်း

နံနက်ရောင်နီ ဝေးဝေးစွ
သပိတ်လွယ်
နက်ထယ်ငှက်ကလေး
သီချင်း ဘယ်သူ သင်ပေးပါသလဲ . . .။
လှူကလေးရေ ထ . . . ထ
သူငယ်ချင်းအတွေးရေ ထ . . .. ထနဲ့
မရမကနှိုးတတ်သည်။
ကြည်လင်မြ . . .
ဝကွက် ဂယက်ပလုံစီနှင့်

www.burmeseclassic.com

www.burmeseclassic.com



ပလိတီတာလို့
ယာပြင်တောင်ညိုအကြား
တောအုပ်လယ်ဖြတ်သွားတဲ့
ချောင်းငယ်မြောင်းငယ်ရဲ့စကား
သံလွင်ချြူငယ်အလား ပမာရှင့်
ဘယ်စော်ကိုသူယောင် သင်ကြားပါလိမ့်
နားဝလွင်စည် . . .

(ကြည်အေး)

ဒီ စကားသင်ချင်သည် ကဗျာလေးဟာ ကျွန်တော် ကျောင်းသားဘဝက ကြည်အေးဆိုသွားတောင်းပြီး ကျွန်တော်တို့ရဲ့ကျောင်းမဂ္ဂဇင်းမှာ ထည့်ခဲ့တဲ့ ကဗျာလေး ပေါ့။ ကြိုက်လို့အလွတ်တောင်ရပါတယ်။ ကျွန်တော် ခုတလော စကားပြောတတ်ချင့် စိတ်ဖြစ်နေပါတယ်။ သပိတ်လွယ်ငှက်ကလေးက သီချင်းဆိုတတ်တယ်၊ "ယာပြင်တောင်ညိုအကြား၊ တောအုပ်လည် ဖြတ်သွားတဲ့၊ ချောင်းငယ်မြောင်းငယ်ရဲ့စကားကလည်း သံလွင်ချြူငယ်အလား ပမာရှင့်" တဲ့။ ချောင်းရေစီးသံကလည်း ချြူသံလွင်လွင်လေး၊ နားထောင်လို့ ကောင်းလှတယ်။ ကျွန်တော် စကားပြောတာကတော့ နားထောင်လို့ကောင်းပါ့မလားလို့ ခဏခဏ တွေးမိတယ်။ ပြောချင်တာကတခြား၊ အဓိပ္ပာယ်ပေါက်တာက တစ်မျိုး ဖြစ်နေရင်လည်း မကောင်းဘူး။

ကျွန်တော်ကြားဖူးတဲ့ ပုံတစ်ပုံကို ပြောရဦးမယ်။ ချီလီပြည်မှာ လှလှချောချောငယ်ငယ် ဘီလီဆာဆိုတဲ့ ကလေးမလေးတစ်ယောက် ရှိသတဲ့။ သူက စကားလုံးတွေကို ရောင်းချပြီး အသက်မွေးဝမ်းကျောင်းလုပ်ပါသတဲ့။ အမှတ်တရ ကဗျာရေးပေးရင် ငါးကျပ်၊ အိပ်မက်လှလှရေးပေးရင် ခုနစ်ကျပ်၊ ရည်းစားစာရေးရင် ကိုးကျပ်၊ သရော်မော်ကားပြုတဲ့ စာရေးပေးရရင် ဆယ့်နှစ်ကျပ်နဲ့ စကားလုံးတွေကို ရောင်းသတဲ့။ တစ်နေ့ကျတော့ ဘီလီဆာ





ဟာ သူ့ရဲ့ကောင်းကြီးတစ်ယောက်နဲ့ တွေ့တယ်။ ဒါနဲ့ သူကလေးရဲ့ဘဝဟာ တစ်ခါတည်း ပြောင်းသွားသတဲ့။ တွေ့တွေ့ချင်းမှာပဲ သူ့ရဲ့ကောင်းကြီးရဲ့ လူတွေက ဘီလီဆာကို ဖမ်းတယ်။ သတ်မယ်လို့လည်း ခြိမ်းခြောက်သတဲ့ ကျွန်မကို ဘာအကြောင်းကြောင့် ဒီလိုလုပ်ရပါသလဲလို့ မေးတဲ့အခါ " င. မြို့စား ဖြစ်ချင်တယ်လို့ " သူ့ရဲ့ကောင်းကြီးက ပြောသတဲ့။ အင်အားနဲ့ လွှမ်းမိုးပြီး မြို့စား၊ နယ်စား မလုပ်ချင်ဘူး၊ ပြည်သူလူထုကကြိုက်တဲ့ မြို့စားပဲ ဖြစ်ချင်တယ်။ မင်း ငါ့ကို မိန့်ခွန်းတစ်ခုရေးပြီး စကားလုံးတွေ ရောင်းပေးမလား လို့ ပြောသတဲ့။

ဘီလီဆာကလေးဟာ ယောက်ျားတွေနဲ့ မိန်းမတွေရဲ့ စိတ်နှလုံးကို ထိခိုက်စေမယ်၊ ကတိတွေပြုထားတဲ့ စကားလုံးကော်ဖောယက် ရတော့တာ ပေါ့။ ပြီးတော့ စာမတတ်တဲ့ သူ့ရဲ့ကောင်းကြီးမှတ်မိအောင် တစ်နေ့ သုံးကြိမ် ရွတ်ဖတ်ပေးရတယ်။ သူ့ရဲ့ကောင်းကြီးက ဘီလီဆာရေးပေးတဲ့ မိန့်ခွန်းကို ကြိမ်ဖန်များစွာ ဟောတော့တာပေါ့။

အမြင်ကလည်း ကြည်ကြည်လင်လင် ရှင်းရှင်း၊ ငြင်းခုန်ချက်တွေကလည်း ကဗျာဆန်ဆန်ညို့၊ ပရိသတ်ဟာ သူတို့တစ်သက်မှာ ဒီတစ်ကြိမ်တော့ ပျော်စရာတွေ့ရပြီဆိုပြီး ပျော်ရွှင်ကြသတဲ့။ ဘီလီဆာရဲ့စကားလုံး အင်အားကြောင့် သူ့ရဲ့ကောင်းကြီးလည်း မြို့စားဖြစ်သွားပြီး သူကလေးလည်း မြို့စားကတော် ဖြစ်သွားတော့သတဲ့။

စိတ်ကူးများကို
အခြားသူများ၏ စိတ်နှလုံးသို့
ရောက်ရှိစေလျက်
ပြောစရာရှိသည်ကို . . . ပြောရာသည်။

ပုံပြောသူတွေဟာ ပုံပြောရာမှာ ယုတ္တိ၊ အာဝဇ္ဇန်း၊ ဝိသေသ ထက်ရှည်ပြ၊ အူမြူးအူရွှင်စရာ စတဲ့ ပရိသတ်ရဲ့ သဘောနေသဘောထားနဲ့



www.burmeseclassic.com

www.burmeseclassic.com



မျှော်လင့်ခြင်းတွေကို ကိုင်တွယ်တဲ့ နည်းနိသရည်းတွေကို သုံးသတဲ့။ ပုံပြင်တွေက ဘာကို ပြောချင်တာလဲ။ သဟာယ ပတ်ဝန်းကျင် ကို စုစည်းချင်လို့လား၊ အခြေခံ ဒဿန မေးခွန်းတွေကို အဖြေ ထုတ်ချင်လို့လား၊ ပုံပြင်တွေဟာ ဖတ်သူ၊ နာသူတွေရဲ့ စိတ်နှလုံးသို့ ရောက်ရတယ်။ စိတ်နှလုံးရဲ့ အစိတ်အပိုင်း နှစ်ခု ဖြစ်တဲ့ အကြောင်း အကျိုးဆင်ခြင်မှုနဲ့ စိတ်လှုပ်ရှားမှုတို့ကို ပုံပြင်တွေနဲ့ နှိုးရတယ်။ ကြားသူ နာသူများကို ငါ ဘာလဲဟု ခံစားနိုင်ဖို့၊ တွေးနိုင်ဖို့၊ ငါ ဘယ်က လာပြီး ဘယ်ကို သွားမှာ လို ပြောတဲ့ ပုံပြင်တွေကို မည်သူ မည်ဝါ မည်သည့် အရာ ဖြစ်ကြောင်းပြ ပုံပြင်များ (stories of identity) လို့ ခေါ်ရမယ် ထင်တယ်။ အဲဒီ ပုံပြင်တွေကို ပရိသတ်က သိပ် နားထောင်ချင်ကြသတဲ့။

> ပုံပြင်တွေက ဘာကို ပြောချင်တာလဲ။ သဟာယ ပတ်ဝန်းကျင်ကို စုစည်းချင်လို့လား။ အခြေခံ ဒဿန မေးခွန်းတွေကို အဖြေထုတ် ချင်လို့လား။ ပုံပြင်တွေဟာ ဖတ်သူ။ နာသူတွေရဲ့ စိတ်နှလုံးသို့ ရောက်ရတယ်။ စိတ်၏နှလုံးရဲ့ အစိတ်အပိုင်း နှစ်ခု ဖြစ်တဲ့ အကြောင်းအကျိုး ဆင်ခြင်မှုနဲ့ စိတ်လှုပ်ရှားမှုတို့ကို ပုံပြင်တွေနဲ့ နှိုးရတယ်။

ကြားနာသူပရိသတ်

ကျွန်တော်က ကျွန်တော့်သားတွေနဲ့ စကားထာဖွက်တဲ့အခါ "စပယ်ဖူးစ ဇီးယောင်းမ" လို့ သွားပြောမိတယ်။ စပယ်ဖူးကလေးက မင့်လား၊ ဇီးယောင်းမက မမွှေလား၊ ငုံမွှေ – ငွေမှုန်ပေါ့လို့





ပြောတော့ ဘယ်သူကမှ စိတ်ဝင်စားပုံ မပေါ်ပါ။ ဇီးယောင်းမနှင့်ငွေမှုန်တို့ ခေတ်မဟုတ်၊ စတားဝါးခေတ် ဖြစ်ကြောင်း၊ အတိတ်၏ ခြေရာများ ကောက်နေသော ကျွန်တော် သတိမေ့လျော့ခြင်းသာ ဖြစ်ပါသည်။

ငါးနှစ်သားအရွယ်များသည် နှစ်မျိုးနှစ်မည်နှစ်နည်းသာ သိ၍ (rigid dualities) နတ်သမီးပုံပြင်များ၊ ပဥ္စလက်စွန့်စားခန်းများကို စိတ်ဝင်စားသည်။ အလင်းနှင့်အမှောင်၊ နောင်ဂျိန်ချရာတွင် အမှောင်အကြောင်း သင်ယူလျက် တစ်ပြိုင်နက် အလင်းဖက်၌ နေကြသည်။ ကလေး၏ ကမ္ဘာသည် နှစ်မျိုးသော ပဋိပက္ခများ၊ အားပြိုင်သော ကမ္ဘာဖြစ်သည်။ အဖြူ မဟုတ်လျှင် အမည်း၊ အမည်းမဟုတ်လျှင်အဖြူဟု စဉ်းစားသည်။

ငါးနှစ်သားများအကြောင်း ပြောခြင်းမှာ အကြောင်းရှိပါသည်။ လူကြီးဖြစ်သော်လည်း ငါးနှစ်ရွယ် စိတ်ကူးများကို ဖျောက်မပစ်နိုင်ကြ၊ ထိုကျောင်းမနေခင်စိတ် (Unshcooled mind)က ရှိနေတတ်သည်။ ထိုကျောင်းမနေခင်စိတ် (ဝါ) ငါးနှစ်သားစိတ်ကို ထိခိုက်အောင် ပြောတတ်သော စကားများ ပုံပြင်များသည် အင်အားကြီးလှသည်ဟု စိတ္တဗေဒက ပြောပါသည်။

ငါးနှစ်သားက အဖြူ/အမည်း အမြင်သာရှိသော်လည်း၊ ဆယ်နှစ်သားသည် စေတနာကို ကြည့်တတ်သည်။ အကောင်းအဆိုး၊ အဖြူအမည်း၏ အကြောင်းခြင်းတများကို ကြည့်တတ်လာသည်။ တစ်ဆယ့်ငါးနှစ်သား လူပျို အပျိုပေါက်များကတော့ အကျိုးအကြောင်းများအမြင်များ၏ နှိုင်းရသဘော (Relativism)ကို ကြည့်တတ်သည်။ နတ်ဘုရားများသည်လည်း အမှား လုပ်သည်။ အမိုက်အမဲ၌လည်း အကောင်းရှိသည်။ ဟိုဘက်ခြမ်း၌လည်း မြက်ကစိမ်းသည်၊ စသည်ဖြင့် တွေးသည်မှာ တစ်ဆယ့်ငါးနှစ် သားစိတ် ဖြစ်သည်။ လူတိုင်းတော့ တစ်ဆယ့်ငါးနှစ်သားစိတ် (ဝါ) နှိုင်းရတွေးစိတ် မရှိကြ။ အချို့က ငါးနှစ်သားစိတ်က မတက်၊ အချို့က ဆယ်နှစ်သားစိတ်က မတက်ချေ။ တစ်ဆယ့်ငါးနှစ်သား စိတ်သို့ရောက်ပြီး၊ ရှိပြီးသူလည်း အဖြူ မဟုတ်လျှင် အမည်း၊ အမည်း မဟုတ်လျှင် အဖြူ တွေးသော ကျောင်းမနေခင်

www.burmeseclassic.com

www.burmeseclassic.com



(ခ) ငါနှစ်သားစိတ်သို့ ပြောင်းလဲသွားတတ်သည်။ ကျောင်းမနေခင်စိတ်သည် ရည့်တော်ပြောသောင်း၍ အမြဲလက်ယပ်ခေါ်ငင်တတ်သောစိတ်ဖြစ်သည် ဟု စိတ်ပညာရှင်များက ဆိုပါသည်။

နှစ်ဆယ့်ငါးနှစ်သား သို့မဟုတ် အသက်ငါးဆယ် စိတ်ကမူ ဆန့်ကျင်ဘက်အယူအဆ ၂ခုကို သံယောဂ ပြုနိုင်သည်။ တန်ဖိုးများ၏ နှိုင်းရဖြစ်ခြင်းကို အလေးထားသော်လည်း၊ တစ်ဘက်ဘက်၌ ရပ်တည်ရန် ထိုအခါခြင်းနှင့် မိမိသည် သင့်လျော်သော ထိုတစ်ဘက်၌ ရပ်တည်ကြောင်း ကြေငြာရန်လိုအပ်ခြင်းကို သဘောပေါက်နိုင်သည်။ ယင်းကို ပရိပုဏ္ဏ ဖြစ်ခြင်း (Personal integration) ဟု ပြောရမည်ထင်သည်။

## ပုံပြင်

မာယာများသော လောကကြီးတွင် ပုံပြင်များ၊ ဇာတ်ညွှန်းများကား များလှစွာ၏။ တစ်ချိန်တစ်ခါ၌ ပုံပြင်တစ်ပုဒ်သာ ကြား၍ ထိုတစ်ပုဒ်ကိုသာ အဓိပ္ပာယ်ဖွင့်ရလျှင် ကောင်းမည်။ သို့သော် စိတ်သည် ဘာမျှရေးမထားသော ကျောက်သင်ပုန်းမဟုတ်၊ ငါးနှစ်သားဆိုလျှင်ပင် ဇာတ်ညွှန်းအများအပြား ရေးထားပြီးသော ဇာတ်ထုတ်ကြီး / ဇာတ်ရှုပ်ကြီး ဖြစ်နေပြီ။ လူကြီးသူမများထံမှ ပုံပြင်များကို ကြားနေနာနေရပြီ။ အသက်ရလာလေ . . . ကြာလေလေ . . . ရှုပ်ထွေးသော ၊ သိမ်မွေ့သော၊ ဒွါဒိပ္ပါယဖြစ်၍ အကဲခတ်ရခက်လှသော ပုံပြင်များ ပို၍ ကြားနာရလေဖြစ်သည်။ မျက်မှောက်လူ့အဖွဲ့ အစည်း၌ ပုံပြင်တစ်ပုဒ်ရှိသည် ဆိုလျှင် ယင်းနှင့် ဆန့်ကျင်ဘက်ပုံပြင်တစ်ပုဒ် (Counter story) ရှိတတ်သည်။ ကြားဖူး၊ သိဖူးသည်နှင့်မတူ မိရိုးဖလာနှင့် မတူသော ပုံပြင်သစ်များလည်း ကြားရမည်။

မတူသော ပုံပြင်သစ်များကို ပြောရာတွင် ဆန့်ကျင်မှုများ၊ လက်မခံမှုများတွေ့ရလိမ့်မည်။ ထိုသို့သော ပုံပြင်များပြောရန် ပြောသူ၌ သတ္တိ





ရှိရလိမ့်မည်။ ပုံပြောသော သူ၏ဂုဏ်သိက္ခာ၊ သူ၏ ရပ်တည်ချက်၊ သူ၏ မိတ်ဆွေများ၊ ရန်သူများ၊ သူက ယုတ္တိသာမက အလွမ်းများ၊ နာကျင်မှုစသော ဝေဒနာများကို အသုံးပြုတတ်လျှင် ထိုပုံပြင်သည် နာသူ၏ ရင်သို့ ရောက်လိမ့်မည်။ သာမန်ပရိသတ်အဖို့ ကျောင်းမနေခင် စိတ် (Unschooled mind)နှင့် သဟဇာတ ဖြစ်သော ပုံပြင်များက ထိရောက်သည်။ ဗဟုသုတများသော ပရိသတ်အဖို့ ကျောင်းနေသောစိတ် (Schooled mind)နှင့် သဟဇာတဖြစ်သည် သိမ်မွေ့သောပုံများ ပြောရသည်။ သို့သော် ယေဘုယျ အားဖြင့် ကျောင်းမနေခင်စိတ်၏ အကြိုက် ပုံပြင်များ ကသာ အောင်နိုင်လေ့ရှိပါသည်။ ယင်းပုံပြင်တို့သည် ရှင်းသော ရိုးရိုးမှု ဖြစ်သော အဖြူအမည်းများ ဖြစ်သည်။

အဖြူအမည်းကိုသာ မဟောဘဲ အဖြူအမည်း၏ နှစ်ခုစပ်ကြား အရောင် ဖျော့ဖျော့၏ အလှကို ပြောသော ပုံပြင်များ၊ ခြင်းချက်မရှိ အမှန်၊ ခွင့်မလွှတ်နိုင်သော အမှားကို မဟောဘဲ၊ ပြန်ပြောင်း ဆင်ခြင်ခြင်း၊ သတိပြုမိခြင်း၊ အနက်ကောက်ခြင်းကို ပြောသော ပုံပြင်များမှာ သဓာသမတ် ရှိသော လောကအမြင်များ ဖြစ်၍ စိတ်ဝင်စားစရာကောင်းသည်။

## တန်ဖိုးသဘောထား

တန်ဖိုးများနှင့်စပ်လျဉ်းလျှင် အဖြူအမည်းကိုသာ မဟောဘဲ အဖြူအမည်းနှစ်ခုစပ်ကြားအရောင် ဖျော့ဖျော့၏အလှကို ပြောသော ပုံပြင်များ၊ ခြွင်းချက်မရှိအမှန်၊ ခွင့်မလွှတ်နိုင်သော အမှားကို မဟောဘဲ၊ ပြန်ပြောင်း ဆင်ခြင်ခြင်း၊ သတိပြုမိခြင်း၊ အနက် ကောက်ခြင်းကို



www.burmeseclassic.com

www.burmeseclassic.com



ပြောသော ပုံပြင်များမှာ သမာသမတ် ရှိသော လောက အမြင်များဖြစ်၍ စိတ်ဝင်စားစရာ ကောင်းသည်။

## ပုံပြောခြင်း

ထင်းမီးဖိုနံဘေး၊ လက်ဖက်ရည်ကြမ်းဝိုင်း၊ လက်ဖက်ရည်ဆိုင်၊ ထန်းတောနှင့်၊ စာအုပ်များတွင် ပုံပြင်များကို ပြောသည်။ သီချင်း၊ဂီတ၊ အက အလှနှင့် ဟောပြောပွဲများတွင်လည်း ပြောသည်။ စာရေးသူကတော့ စာအုပ်များက တစ်ဆင့်သာ ပြောရသည်။ ကျွန်တော်ပြောသော ပုံပြင်များမှာ ကြားနာရဖူးသည်များကို ပြန်ပြောခြင်းသာဖြစ်သည်။ ပုံပြင်တိုင်း၏ တန်ဖိုးသဘောထားတိုင်းကို တစ်သမတ်တည်း ကြိုက်နှစ်သက်၍ ပြောခြင်း ဟုတ်ချင်မှ ဟုတ်သည်။ တစ်ခါတစ်ရံ စဉ်းစားစရာ အဖြစ်ပြောသည်။ ပြန်ပြောင်းဆင်ခြင်ရန်လည်း ပြောသည်။ သူတို့ဆီက အနက်ကောက်သည်နှင့် ကျွန်တော့်တို့ဆီက အနက်ကောက်သည်များ မတူညီလျှင် တင်ပြသည်။ ကျွန်တော့်မှာလည်း ကျောင်းမနေခင်စိတ်နှင့် ကျောင်းနေသောစိတ် ပွတ်တိုက်ခြင်းရှိသည်။ ဆရာသမားတို့ ခင်များတို့မှာလည်း ထိုသို့ ဖြစ်ကောင်း ဖြစ်ပါလိမ့်မည်။ သူပြောသော စကားသည် သပိတ်လွယ်နက်ထယ်ငှက်ကလေး၏ အသံသော်လည်းကောင်း၊ ချောင်းငယ်မြောင်းငယ်၏ စကားသော်လည်းကောင်း ဖြစ်ပါစေဟု ကြည်အေးက ကဗျာဖွဲ့သည်။ သို့သော် "အလှစကား သင်ယူတတ်ချင်လှ၊ ပြောခက်ပြီလေး" ဟု ကြည်အေးက "စကားသင်ချင်သည်" ကဗျာကို အဆုံးသတ်ခဲ့သည်။ သပိတ်လွယ်ငှက်ကလေးသော်လည်းကောင်း၊ ချောင်းငယ်မြောင်းငယ်သော်လည်းကောင်း ကျွန်တော်လည်း ဖြစ်ချင်ပါတယ်ဗျ။

ဝန်ခံချက် ။ ။ စိတ်ပညာဆရာ ဟိုးဝဒ်ဂါဒနာ၏ Leading minds မှ စိတ်ကူးရပါသည်။





# စာဖတ်သူ

နွေဦး၌ စာဖတ်ခြင်းဟာ
ရာသီဥတုကို သစ္စာဖေါက်သလိုပါ . . .
မိုးကာလကတော့
အိပ်ဖို့သာ အကောင်းဆုံးပေါ့
ဆောင်းရာသီ နှင်းမြန်မြန်ကျလျှင်
နွေဦးအထိ မဖတ်ဘဲနေရုံပင်။

ယခု လေးငါးလ ကျွန်တော့်၌ အလုပ်မရှိပါ။ ဘာမှမလုပ်တဲ့အခါ အလုပ်ပိုရှုပ်တယ်လို့ ပညာရှိတစ်ယောက်ပြောသလို၊ ဟိုဟာကောင်းနိုးနိုး၊ သည်ဟာ

www.burmeseclassic.com

www.burmeseclassic.com



ကောင်းနိုးနိုး၊ တစ်ခုခု သင်ရရင် ကောင်းမလား၊ ပွဲစားတန်းသွားရမလား၊ အဲသလို စဉ်းစားနေပါတယ်။ နှယ်နီဆိုတဲ့မဂ္ဂဇင်းမှာ "အင်္ဂလိပ် ဘာသာနှင့် ၃ ရေးထားသော အကောင်းဆုံး စာအုပ် တစ်ရာ" စာအုပ်စာရင်းတစ်ခု ဖတ်လိုက်ရတော့ ငါ့မှာ ငယ်ငယ်ကဆရာမရှိလို့ ဂန္ထဝင်စာအုပ် တစ်အုပ်တလေပဲ ဖတ်ဖူးတာ ခုနေ အားလပ်ချိန်မှာ နှံ့နှံ့စပ်စပ် ဖြစ်အောင် ကြိုးစား ဖတ်ရင် ကောင်းမယ်လို့ အကြံရပါတယ်။ အကောင်းဆုံးစာအုပ် တစ်ရာထဲက ရှာလို့ လွယ်တဲ့ စာအုပ် ၄–၅အုပ် ဝယ်လိုက်ပါတယ်။ မဖတ်မနေ နိစ္စပတ် တစ်ခု အနေနဲ့ ဖတ်တော့မယ်ပေါ့ဗျာ။

"စာအုပ်တစ်အုပ်ကို ကောက်ကိုင်လိုက်၊ စိတ်လိုလက်ရရှိမှသာ ဖတ်။ အလွယ်တကူ ရောရောရှူရှူ ဖြစ်မှသာ အရသာခံစားနိုင်မှာ။ ချစ်သူခင်နှင့် လက်ချင်းတွဲကာ မြစ်ကမ်းနှဖူးကို သွားပါ၊ အိုမာခယမ်ရဲ့ ရှုဘာအိယက် လက်ထဲမှာ . . .။ ဦးခေါင်းထက်၌ တိမ်ထူထူများရှိသောအခါ စာအုပ်ကို ပစ်ထား၊ တိမ်များကိုသာ စာဖတ်ပါ။ သို့တည်းမဟုတ် စာအုပ်နှင့် တိမ်နှစ်ခုစလုံးကို တစ်ပြိုင်တည်း ဖတ်။ ဆေးတစ်ဖွာ နှစ်ဖွာ ရှူ၊ လက်ဖက်ရည် တစ်ခွက် သောက်ရလျှင် တကယ့်စည်းစိမ်ပင်။

"နှင်းကျသော ည
ထင်းမီးဖိုနားမှာ ထိုင်လျက်
စဖိုပေါ်က ရေနွေးအိုး
သီချင်းဆိုနေစဉ် . . .
ဒဿန၊ ဘေဒဂဇေဒ၊
ကဗျာ၊ အတ္ထုပ္ပတ္တိ၊
စာအုပ်တစ်ဒါဇင် . . .
တချို့ကိုသာ လှန်လှောကြည့်ကာ
အားအားယားယား စိတ်ရှုးပေါက်ရာ
စာတစ်အုပ်ကိုသာဖတ်နေမှာ။"





တရုတ်ပညာရှိတစ်ယောက်က၊ နှင်းကျတဲ့ ညတစ်ည၊ ပိတ်ထားတဲ့ တံခါးနောက်ကွယ်မှာ တားမြစ်ထားတဲ့ စာတစ်အုပ်ဖတ်ရခြင်းဟာ လောက ရဲ့ဖိမ်တွေ ထဲမှာ အတော်ကြီးတဲ့ဖိမ်တစ်ခုတဲ့။

ရှေးလူကြီးတွေက စာအုပ်တွေ ပန်းချီတွေ ဟာ ပျော့အိပျော့နဲ့ နုနု နယ်နယ်တွေပါတဲ့၊ စာတစ်အုပ် ဖတ်မယ်ဆိုလျှင် လတ်လတ်လျားလျားရှိမှ ဖတ်တဲ့။ အဲလိုအချိန်မှာမှ အရာရာကို သည်းညည်းခံနိုင်တယ်။ ခရီးသွားလေ့ ရှိတဲ့ ခရီးသွားဟာ တောင်တစ်တောင်ကို တက်ဖို့ လမ်းဆိုးကို မညည်းသလို၊ နှင်းကျတဲ့ရှုခင်း ကြည့်ရဖို့ တံတားအိုကို သည်းခံသလို၊ ပန်းပွင့်တွေ ကြည့်ဖို့ အရက်ညံ့ကို သောက်နိုင်သလို၊ စာအုပ်ကို ဖတ်ရာမှာ အကျအပေါက်တွေကို ဂရုမစိုက်ဘဲ ဖတ်နိုင်မှာတဲ့။ ဖစ်ဇ်ဂျရယ်၊ ဟင်နရီဂျိမ်း . . . စတဲ့ ဆရာကြီးတွေရဲ့ စာတွေကို မရှုနိုင်၊ မကာယ်နိုင်အရသာ မတွေ့နိုင်ဘဲ ဖတ်နေတဲ့ ကျွန်တော်ဟာ စာဖတ်ခြင်း အတတ်ကို တတ်လိုတတ်ငြား၊ စာဖတ်ခြင်းနဲ့ ပတ်သက်ပြီး လင်ယုတာန်ရေးတဲ့စာကို ရှာ၍ ဖတ်ပါတယ်။

> 'မဖတ်မဖြစ်ဖတ်ရမယ့် စာအုပ်ဆိုတာ မရှိ၊ သင့်ဉာဏ်စွမ်းဟာ . . . သစ်ပင်သို့ ကြီး၍ မြစ်သို့ စီး၏။ ဩဇာရှိသလောက် အပင်ပေါက်သည်။ စမ်းထွက်သလောက် ရေစီးသည်။'

"မဖတ်မဖြစ်ဖတ်ရမယ့် စာအုပ်ဆိုတာ မရှိ၊ သင့်ဉာဏ်စွမ်းဟာ . . . သစ်ပင်သို့ ကြီး၍ မြစ်သို့စီး၏။ ဩဇာရှိသလောက် အပင်ပေါက်သည်။ စမ်းထွက်



www.burmeseclassic.com

www.burmeseclassic.com



သလောက် ရေစီးသည်၊ ထိုရေစီးသည် ကျောက်ဆောင်ကို ဆောင့်ကိုက်လျှင် လှည့်ပတ်၍သွားမည်၊ သာယာသော ချိုင့်ဝှမ်းကြောင် ဆေတ္တ ခွေပတ်လျက်၊ တောင်ခြေရေကန်ရောက်သောအခါ ထိုနေရာ၌ နေရန် ရောင့်ရဲတင်းတိမ်မည်။ ရေတံခွန်၌ ရေစီးသည်မှာ ခပ်သော့သော့ ဓမ္မတာ၊ အားမစိုက်သည် ဖြစ်စေ၊ မရည်ရွယ်သည် ဖြစ်စေ၊ တစ်နေ့မှာ ပင်လယ်ကို ရောက်သည်သာ။ အချိန် တစ်ချိန်၊ နေရာတစ်နေရာ၊ အခြေအနေတစ်ခု၌ ဖတ်သင့်သော စာအုပ်ဆိုတာတော့ ရှိ၏။ လူတိုင်း

> **သုံးရက် စာမဖတ်သော စာသင်သား၏ စကားသည် အနံ့မမွှေး၊ သူ့မျက်နှာသည် မလှပတဲ့၊ စာဖတ်တဲ့လူမှာသာ နှစ်လိုဖွယ်ရာ ကောင်းတဲ့ မျက်နှာရှိပြီး ပြောတဲ့ စကားကလည်း ရနံ့သင်းသတဲ့။**

လူတိုင်း မဖတ်မနေ ဖတ်ရမယ့် စာအုပ်ဆိုတာ တော့မရှိ။” လင်ယုတန်က အဲလို ပြောပါတယ်။

ကျွန်တော်က နိစ္စပတ်အနေနဲ့ အတင်းဖတ်တဲ့အခါ အရသာမတွေ့တာ မဆန်းပါ။ စည်းစိမ်ရှိရှိ၊ အားအားယားယားလည်း မဖတ်မိပါ။ စာရေး ဆရာဖြစ်ချင်တယ်။ စာများများဖတ်ရမယ်။ ဘယ်စာအုပ်တော့ ဖတ်ပြီးပြီ။ ဘယ်ဟာကိုတော့ ဖတ်ရအုံးမယ်၊ နှိပ်စက်မှုဖြစ်မယ်၊ ဒီသဘောတရားကြီးနဲ့ ကြိုးစားနေမိပါတယ်။ “ဗဟုသုတ တိုးဖို့ ရည်စူးလျက် စာမဖတ်ရာ၊ စာဖတ်ခြင်း အရသာ ဆုံးရှုံးမှာ မလွဲပါ။ ကျွန်တော် ရှိတ်စပီးယား ဖတ်ရမယ်၊ ကျွန်တော် ဆိုဖိုကလိ ဖတ်ရမယ်၊ ကျွန်တော် အီလီရော့ ဖတ်ရမယ်။ ထိုအခါ





ကျွန်တော် ပညာတတ်တဲ့လူ ဖြစ်မယ် . . .။ အဲသလို လူဟာ ပညာတတ်မဖြစ်နိုင်ပါ။ တစ်ညနေမှာ သူ့ ဟင်းမလက်ပြဇာတ် ပြီးအောင် ဖတ်သည်မှာ အိပ်မက်ဆိုးက နိုးလာသလို ပါ။ ငါ ဟင်းမလက်ကို ဖတ်ပြီးပြီလို့ ပြောနိုင်ရုံမှ . . . အကျိုးမရှိလှ။ မဖတ်မနေ ဖတ်တယ်ဆိုသူဟာ စာဖတ်ခြင်း အတတ်ကို မတတ်သူသာ။”

စီးပွားရေးသမားနှင့် နိုင်ငံရေးသမားများ အစီရင်ခံစာနဲ့ ဖိုင်တွဲတွေ လှန်နေတာ၊ စာဖတ်ခြင်းမဟုတ်ပါ။ သတင်းစာဖတ်တာလည်း စာဖတ်သည် မမည် . . . ဆင်ခြင်စဉ်းစားခြင်း မပါလျှင် အဖြစ်အပျက်အစီရင်ခံစာကို လှန်လှောခြင်းသည် မည်မည်ရရ ဘာမျှမဟုတ်။

စေ့စေ့စဉ်းစားသော စိတ်အနေသို့ ရောက်စေသော ဖတ်ခြင်းသည်သာ အကောင်းဆုံးစာဖတ်ခြင်းဟူ၍ ပြောရပေသည်။ “သုံးရက် စာမဖတ်သော စာသင်သား၏ စကားသည် အနံ့မမွှေး၊ သူ့မျက်နှာသည် မလှပတဲ့၊ စာဖတ်တဲ့လူမှာသာ နှစ်လိုဖွယ်ရာကောင်းတဲ့ မျက်နှာရှိပြီး ပြောတဲ့စကားကလည်း ရနံ့သင်းသတဲ့။ နှစ်လိုဖွယ်ရာ မျက်နှာဆိုသည်မှာ ရုပ်ဆိုးခြင်း၊ ရုပ်လှခြင်းနှင့် မသက်ဆိုင်ပါ။ နဖူးရဲ့နောက်မှာ အကြံဉာဏ်တွေရှိကာ၊ စူးစူးရှရှ မျက်လုံးတွေကတစ်ဆင့် ဉာဏ်ထွက်လာဖို့ အဆင်သင့်ရှိသော မျက်နှာကိုသာ ဆိုလိုတာ။ စာအုပ်များ၏ အနံ့အရသာကို ခံစားနိုင်သောစာဖတ်သူ၏ စကားများ၌ အနံ့အရသာရှိလျက်။ ထိုသူစာရေးလျှင် သူ၏စာလုံးများလည်း အနံ့အရသာ ရှိလိမ့်မည်၊ ဧကန်ပါ။

ထိုအရသာသည် စာဖတ်နည်းတကာ၏ သော့ချက်ပါ။ အစာ၏ အရသာသည် ပုဂ္ဂလိက တစ်ဦးချင်းနှင့် သက်ဆိုင်သလို စာ၏အရသာသည်လည်း ထိုနည်းတူသာ။ အစာ၌ တစ်ယောက်၏ နတ်သုဒ္ဓာသည် နောက်တစ်ယောက်အတွက် အဆိပ်ဖြစ်သကဲ့သို့ စာ၌လည်း ထိုနည်းအတူ ဖြစ်တတ်တာ။ ဆရာသည် တပည့်အား သူကြိုက်နှစ်သက်ရာကို ညွှန်ပြနိုင်သော်လည်း



www.burmeseclassic.com

www.burmeseclassic.com



အတင်းအဓမ္မအကြိုက်ခိုင်း၍ မရနိုင်သည့်အလားပမာ . . .။ ကိုယ်မကြိုက်သည့် စာအုပ်များကို မဖတ်နှင့်၊ တခြားသူတွေ ဖတ်ပါစေ။

စာဖတ်ခြင်းသည် ရေးသူနှင့်ဖတ်သူ နှစ်ဦးနှစ်ဖက် ပါဝင်ရသောအလုပ်ဖြစ်လျက် ရေးသူ၏အတွေ့အကြုံနှင့် အတွေးအမြင်ကို ဖတ်သူ၏ အတွေ့အကြုံနှင့် အတွေးအမြင်ဖြင့် စရနယ်ရသည့်ကိစ္စပါ။ ထိုအခါ၌ ရလဒ်တစ်ခု ထွက်ပေါ်လာ . . .။ တချို့ကဘာမျှမရ၊ တချို့ကတော့ စာတစ်ကြောင်းနှစ်ကြောင်းမျှနှင့်ပင် ကြည်နူးရွှင်ပျ၊ လက်တွေက ဝှေ့ယမ်း၍ ခြေတွေက က။

ကိုယ့်အကြိုက်စာရေးဆရာ ဘယ်သူဘယ်ဝါဟူသည်မှာလည်း ဉာဏ်အဆင့်ဆင့် မြင့်လာခြင်းပေါ်၌ မူတည်တာ။ သူ့မနော ကိုယ့်မနော သဘောချင်းညီသောအခါ ထိုထို စာရေးဆရာသည် အနှစ်သက်ဆုံးသူဖြစ်လာ။ မြင်မြင်ချင်း ချစ်ခင်သည့် ပုံပမာ၊ သူ့ကိုချစ်ပါ၊ သူ့ကိုမချစ်ရ ပြော၍မဖြစ်ပါ၊ ရာစုနှစ်များ တော်တော်ခြားလည်း ရေစက်ရှိသည့် စာရေးဆရာကို ချစ်လေ့ရှိတာ။ ရှူးဆိုးကို အီလီရော့ စဖတ်သောအခါ လျှပ်စစ်နဲ့ တို့သလိုတဲ့၊ ရှိုပင်ဟောကို နှစ်ရှေးဖတ်သောအခါလည်း အဲသလိုပဲတဲ့၊ ဒီလိုတွေ့ခြင်းမျိုးကသာ အရသာရှိတာ။ ကလေးဘဝက ခူးတဲ့ ပထမဆုံး စပယ်ဖူးနဲ့ တွေ့သောအခါ လုံးဝဥဿုံ . . . အကုန်ဟန်နေသလိုပါ။ အရပ်သင့်သင့်၊ မျက်နှာလှလှ၊ ဆံပင်နက်နက်၊ အသံ သာသာ၊ စကားချိုချို၊ အပြုံးစိုစို ဘာမျှမလို။ ကိုယ်ကြိုက်သောစာရေးဆရာသည်လည်း ထို့အတူပင်၊ သူ့စတိုင်၊ သူ့အတွေး၊ သူ့အရေး၊ သူ့အမြင်၊ အားလုံးဟန်နေသည်မှာ သူ့စကားလုံးမှန်သမျှ အလိုလိုအလွတ်ရ၊ ဝိညာဉ်တွယ်သလို စိမ့်ဝင်ကာ ကျေကျေညက်ညက် ငမ်းငမ်းတက်ဖတ်။ စာရေးဆရာက ဂါထာမန္တန်နှင့် ညှို့လျက် ထိုအညှို့တွင် နစ်မျောပျော်ပါးသည်မှာ ကြာသောအခါ ဖတ်သူ၏ အရယ်အပြုံး အပြောအဆိုပင် ရေးသူကဲ့သို့ဖြစ်လာ။ ၃–၄ နှစ်ကြာမှ ညှို့ဓာတ်မှထွက်နိုင်လျက်၊ နောက်စာရေးဆရာ ရှာပြန်ပါရော၊ ၃–၄ ယောက်ရှာပြီးသောအခါ ဖတ်သူကိုယ်တိုင်





ရေးသူဖြစ်လာပါလေရော။ ရေးသူ ဘယ်လောက် တွေ့တွေ့ ညှို့ဓာတ်မမိသောသူ ကံမကောင်းသူလည်း ရှိတော့ရှိနိုင်ပါသကော။

ကျွန်တော်ကတော့ ကံကောင်းပါသဗျ။ ၇တန်းမှာ မမညွှန့်က "ပန်းလက်ဆောင်"ပေးသောအခါ မှတ်မှတ်ရရ ရှိသည်မှာ၊ ရကတည်းက တစ်ညနေလုံးဖတ်၊ ၃–၄ကြိမ်၌အလွတ်ရ။ "ရွှေစာမည်သို့ ကုံးမည်နည်း" တဲ့ ဦးမောင်မောင်တင်၏အမှာ၊ နောက်တော့ ကြည်အေး၊ တာရာ၊ ဇော်ဂျီ . . . ယင်းတို့သည် ကျွန်တော်၏ အချစ်ဦးများပါ။ ယခု အနောက်ဂန္ထဝင်ဆရာများကို ကြိုးစား၍ ဖတ်လို့ရမလား၊ ထိုစာတို့၏အရသာကို ဆရာစိတ်ဒိုအားမျှပေးပါဟု အကြောင်းကံ နှင့် တောင်းပန်ရပါကြောင်း။



www.burmeseclassic.com

www.burmeseclassic.com



# ရွာပြန်ချင်သူ

**တော** သားမှန်သမျှ ရွာပြန်ချင်စိတ်ရှိသည်။ ထိုစိတ်ကို မြို့သားတွေ နားမလည်နိုင်ပါ။ မြို့သားသည် ပြန်ရန် ရွာမရှိသောကြောင့် ဖြစ်သည်။ ရွာ မရှိသော မြို့သားသည် ရွာအကြောင်းကို မသိသောကြောင့် ဖြစ်သည်။ ထိုသို့သော မြို့သားများ နားလည်နိုင်ရန် အဘယ့်ကြောင့် တစ်နှစ်လျှင် တစ်ခါ တစ်ခေါက်တော့ ရွာသို့ ရောက်လိုသည့်အကြောင်း တောသားတစ်ဦး၏ လွမ်းချင်းကို တင်ပြပါမည်။

www.burmeseclassic.com

www.burmeseclassic.com



"ရတနာတြိ နမာမိ၊ ရတနာသုံးပါးကို ဦးထိပ်ထား၍ အရိယာ ဝံသ၊ အာဒိစ္စ၏ မွေးရပ်ဌာန၊ မုံရွေးမည်ရ၊ ရွာဂါမနေ အလှူ့ဒါယကာ သန့်လွင်မောင် အလှူ့ဒါယိကာမ အေးမြင့်ကြည်တို့က မြတ်လှသည့် စေတနာ၊ စိတ်မနော ဖြူစွာနှင့် ဖိတ်ကြားအပ်ပါသည်။ မိတ်ဆွေများ ခင်ဗျား၊ ကျွန်တော် ကျွန်မတို့မှာ သံသရာဝဋ်မှ၊ လွတ်ကင်းရာ အမှန်၊ ပြည်နိဗ္ဗာန်ကို ရည်သန် တောင့်တ၍၊ ဥရုမွှာ သားလှရတနာမောင်မြတ်သန့်ထွန်း၊ မောင်ထွန်းထက် အောင်နှင့် မောင်သာထက်အောင်တို့ အား သာသနာ့ဘောင်တွင်း၊ သွတ်သွင်း ချီးမြှင့်လိုခြင်းနှင့် တူမများဖြစ်သော မူးသန့်စင်၊ ထူးသန့်စင် တို့အားလည်း ကဏ္ဏဝိဇ္ဇနန၊ အပ်သွားလှနှင့် မြတ်နားသ မင်္ဂလာ ပြုလုပ်ကြပါမည်။ ချိန်ခါသင့်ပွဲ ဆင်နွှဲ အချိန်မှာ၊ ကောဇာ သက္ကရာဇ် ၁၃၅၆ခု၊ နှာညိုသင်းစ၊ နတ်တော်လ ၏ လပြည့်ကျော် ၁၄ရက်နေ့ ဖြစ်ပါသည်။ ကျွန်တော် ကျွန်မတို့၏ မင်္ဂလာ အလှူ့အား မိတ်ဆွေအပေါင်းက ကြွရောက်၍ ချီးမြှောက်ပါမည့် အကြောင်း၊ ကောင်းမြတ်သော စိတ်ထားရင်းနှင့် ဖိတ်ကြားခြင်း ပြုလိုက်ပါသည်၊ မိတ်ဆွေ အပေါင်း သူတော်ကောင်း များ ခင်ဗျား . . . " တောအလှူ့တစ်ခု၏ ဖိတ်စာသည် အထက်ပါအတိုင်း ဖြစ်သည်။ ကာလပေါ် ကဗျာဆရာ

> **ကျွန်တော် ကျွန်မတို့၏ မင်္ဂလာ အလှူ့အား မိတ်ဆွေအပေါင်းက ကြွရောက်၍ ချီးမြှောက်ပါမည့် အကြောင်း၊ ကောင်းမြတ်သော စိတ်ထားရင်းနှင့် ဖိတ်ကြားခြင်း ပြုလိုက်ပါသည်၊ မိတ်ဆွေအပေါင်း သူတော်ကောင်းများ ခင်ဗျား**





များ နှာခေါင်းရှုံ့စရာ ကာရန်နဘေပါသည်။ ကျွန်တော် တို့ ရွာကတော့ ရွာအဝင်မှ သာလာယံဇရပ်ကြီး ပြီးစီးသောနှစ်ကိုလည်း "အစဉ်ကောင်းအောင် ပြု တည်ထောင်၊ ကြယ်ပြောင်စိတြ၊ တန်ခူးလ" ဟူ၍ မှတ်ထားသည်။ အ – ၁၊ စဉ် – ၃၊ ကောင်း – ၂၊ အောင် – ၁ဖြစ်၍ ထိုဇရပ်ကြီးကို ၁၃၂၁ခုနှစ်၌ တည်ဆောက်သည်။ စိတြကြယ် ထွန်းသည့် တန်ခူးလပေါ့ဗျာ။

အထက်က အလှူ့ဖိတ်စာမှာ ကျွန်တော့်အလှူ့ဖိတ်စာဖြစ်ပါသည်။ ထိုဖိတ်စာအရေးအသားမှာ ရွာအနောက်ပိုင်းမှ အလှူ့ဖိတ်စာရေးနေကျ ဦးအောင်စိန်၏အရေးအသားကို မမှီပါ။ ရွာသစ်မှ ကဗျာရှင်၊ နွားထိန်းရပ်မှ စာဆယ်တို့ကိုတော့ ဝေလာဝေး ဖြစ်ပါသည်။ တောနှင့် အတန်ငယ် ကွာဝေးနေသော ကျွန်တော်၏ နဘေထပ်ချင်စိတ်အား မော်ဒန်များက တားထားပါသည်။ သို့သော် အလှူ့ဖိတ်စာသည် မော်ဒန်ကဗျာမဟုတ်ချေ။ ထို့ကြောင့် ကျွန်တော်လည်း ကြိုးစားလျက် ကာရန်ထည့်ရာ အတော်အသင့်ရွတ်၍ ရသော ဖိတ်စာဖြစ်လာသည်။ တော်ပါသေးရဲ့ဗျာ။

နေရာတကာ၌ ကာရန်နှင့်၊ အတန်ဟန်သော ကျွန်တော့်ရွာမှာ ပြောင်းဖူးသည်တွေများသော မုံရွေးရွာ ဖြစ်ပါသည်။ ထိုရွာ၌ ယခု တော်သလင်းလဆိုလျှင် " ရှု – သက် – ဆံ – ကင်း၊ တော်သလင်း" ဟူ၍ ဘုရားပွဲ ၄ပွဲ ရှိသည်။ ရှု ဟူသည်မှာ ရှုဉ္ဇာမဏိ၊ သက် – သက်တော်ရှည် သက်တော်ရ၊ ဆံ – ဆံတော်ရှင်၊ ကင်း – ကင်းဝန်မင်းကြီး ဘုရားပွဲများ ဖြစ်ပါသည်။ ပြောလိုရင်းမှာ ပွဲနှင့် လမ်းနှင့်၊ ဘုရားနှင့်ကျောင်းနှင့်၊ ရွာကြီး ရပ်ကြီး၊ အလင်္ကာ အသေးအနုတ်၊ မဟုတ်မဟတ်၊ အစုထ်အပြတ် မဟုတ်ကြောင်းပါ။ (ကျွန်တော့်လေသံ အတန်မာလျှင် ဇာတိပုညာ၊ ဂုဏ်မာနဖြစ်၍ ခွင့်လွှတ်တော်မူကြပါမည့်အကြောင်း။)

ကျွန်တော့် ချက်မြှုပ်ရာ အဲဒီရွာကြီးသို့ တစ်နှစ်တစ်ခေါက်တော့ အလည်အပတ်ရောက်လေ့ရှိပါသည်။ "သားသမီးကို ဂရုစိုက်သည်မှာ



www.burmeseclassic.com

www.burmeseclassic.com



လူတိုင်းပါ!" "မိဘများကို ဂရုစိုက်သည်မှာ ယဉ်ကျေးသောသူသာ" ဟူသော စကားရှိ၍ ကျွန်တော်သည် ယဉ်ကျေးသောသူဖြစ်သည်။

အမေသည် ရှစ်ဆယ်တွင်းရောက်နေပြီ ဖြစ်ပါသည်။ အမေ့အိမ် ကျွန်တော် ရောက်သည်ဆိုလျှင် တော၏အရသာကို စတင် ခံစားရပါပြီ။ မောင်တာ လာသတဲ့ ဟူသည်မှာ ၁၀မိနစ်အတွင်း တစ်ရွာလုံးသို့ ရောက်သွားပါပြီ။ ရွာလည်မှ ကြီးဒေါ်ကြီး ဒေါ်အုံးမေသည် လည်းကောင်း၊ ရွှေဂူရပ်မှ ကြီးဒေါ်စိန်စိန်သည် လည်းကောင်း၊ ကပ်လျက်အိမ်မှ ကြီးဒေါ်အောင်အောင်သည်လည်းကောင်း၊ ရတတ်သမျှ စားဖွယ်ခဲဖွယ်ယူလာခဲ့ပါပြီ။ ပြောင်းဖူးပြုတ်၊ ညာဒယာ၊ မုန့်ကတိုး ရောက်လာသည်။ အကျိုးချွတ်နှင့် ကျွန်တော့်ငယ်သူငယ်ချင်းများလည်း ရောက်လာပြီ၊ ချက်ဟယ်ပြုတ်ဟယ်နှင့် နမလေး အလုပ်ရှုပ်ပြီ။ ပြည်ပန်းညိုရွက်၊ ဆူးပုတ်ရွက်၊ မန်ကျည်းရွက်နုများ၊ ခါသား၊ ပဒတ်သား ရအောင်ရှာပြီ၊ ပဲနီပြုတ်ကို ကြက်သွန်နီနိုင်းချင်း သုတ်၍ ဆီရွှဲရွဲဆမ်းထားသော ပဲပြုတ်တစ်ပန်းကန် စားပွဲပေါ်သို့ ရောက်လာပြီ။ အစ်မကတော့ (ကျွန်တော်တို့ရွာမှာ အမေ့ကိုအစ်မဟု ခေါ်ပါသည်။) သားကို အရိပ်တကြည့်ကြည့် နေရှာသည်။ ကြီးဒေါ်ကြီးကတော့ ဆူပွက်နေအောင် ကျယ်လောင်ကျယ်လောင်ပြောနေသည်။ ရပ်ရေး၊ ရွာရေး၊ သာရေးနာရေး၊ ကြီးဒေါ်ကြီးပြောသော်ငြား၊ ကျွန်တော်ကတော့ စိတ်မဝင်စားလှပါ။ ရွာရောက်လျှင် တင်းနေသောစိတ်ကို ဖြေလျှော့ဖို့ပဲ စိတ်ဝင်စားသည်။ ရယ်မောဖို့ပဲ စိတ်ဝင်စားသည်။ မြို့တော်ရန်ကုန်မှာ ကျဉ်းကျဉ်းကြပ်ကြပ်ကြာခဲ့လှပြီ။ ထို့ကြောင့် အိမ်၌ ချွေးသိပ်ပြီးလျှင် ရွာရိုးကိုးပေါက် လျှောက်သည်၊ ညနေစောင်းအထိပေါ့။

မြို့မှာခင်များကို ဘယ်သူဂရုစိုက်ပါသလဲ။ ခင်များနှင့်အတူ ညလုံးပေါက် စကားထိုင်ပြောမည့်သူ ရှိပါသလား၊ ခွင့်လွှတ်သည့်သူ ရှိပါသလား။ မုံရွေးရွာ၏အလည်၊ ဒေါ်အုံးကြည်၏အိမ်၌၊ မောင်တာနှင့်ထိုသို့ စကားပြောသည့်သူ တစ်ဒါဇင်ခန့်ရှိပါသည်။ ကြမ်းပေါ်တွင် ထိုင်ကာ





ရောက်ရာပေါက်ရာ ပြောကြသည်။ ကျွန်တော်တို့ အကြာကြီး ပြောသည်။ တစ်ညလုံးပြောသည်။ တောင်စဉ်ရေမရ ပြောသည်။ ရေနွေးကြမ်းသောက်၍ ပြောသည်။ ရေနွေးကြမ်း တစ်ကရားပြီး တစ်ကရား ကုန်သည်။ ထန်းလျက် တစ်ပန်းကန်နှစ်ပန်းကန် ကုန်သည်။ ရောင်နီလာမှ ပြန်ကြသည်။ သူတို့မှာ နှီးမယား ရှိလည်း ဇနီးမယားသည် ထိုအချိန်၌ မရှိ၊ လုပ်ငန်းကိုင်ငန်းရှိလည်း၊ လုပ်ငန်းကိုင်ငန်းသည် ထိုအချိန်၌မရှိ၊ ဘာတွေများ ပြောကြသလဲဟု မေးလျှင်တော့ ဘာရယ်လို့မည်မည်ရရမရှိပါ။ သို့သော် လူအများ၏ အမှားကိုတော့ မပြော၊ လူအများသည် မမှားသောကြောင့် ဖြစ်သည်။ ကျွန်တော်တို့ ပြောသည်ကို အခြားသူတစ်ပါး နားမလည် နိုင်လောက်ပါ၊ ချစ်ခင်ကြင်နာစိတ်မှ ထွက်လာ စကားကို အခြားသူများ နားမလည်နိုင် သောကြောင့် ဖြစ်ပါသည်။ သူတို့ပြော၍ ကျွန်တော်နားထောင်သည်။ ကျွန်တော် ပြော၍ သူတို့နားထောင်သည်။ အမေက နံဘေးမှာ ငုတ်တုတ်၊ အမေသည် သူတို့အားလုံး၏ ဘန်ကူ လက်လှည့်ဆရာဖြစ်သည်။ အမေ့အိမ်သည် သူတို့ လာနေကျ ဖြစ်သည်။ အမေ့အနားမှာ သူတို့ ထိုင်နေကျ ဖြစ်သည်။ အမေ့ စကားကို သူတို့

> 'သားသမီးကို ဂရုစိုက်သည်မှာ လူတိုင်းပါ' 'မိဘများကို ဂရုစိုက်သည်မှာ ယဉ်ကျေးသောသူသာ'



www.burmeseclassic.com

www.burmeseclassic.com



နားထောင်နေကျ ဖြစ်သည်။ အဖေကတော့ မရှိတော့ပြီ။ အဖေ့ကို အုံးမောင်လေးဟု သူတို့ကခေါ်သည်။ (ဦးမောင်လေးကို အုံးမောင်လေးဟု ကျွန်တော်တို့ အရပ်၌ အသံထွက်သည်။)

ကျွန်တော့်သူငယ်ချင်းများ၏ အမည်များကို ပြောရလျှင် ရယ်မောရမှာဖြစ်၍ ပြောပါရစေ။ တစ်ယောက်ကို ပြောင်တက်ဟု ခေါ်သည်။ တက်တက်ပြောင်အောင် ဖဲရိုက်သဖြင့် ပြောင်တက်ဟု ခေါ်ခြင်းဖြစ်သည်။ ဆားချိုဟု ခေါ်သူလည်းရှိသည်။ ဆားဟူသည် ငန်သောအရသာရှိသော်လည်း သူ့ကိုဆားချိုဟု ခေါ်ခြင်းမှာ ဆားကဲ့သို့ နေရာတကာ၌ အသုံးတည့်သောသူဖြစ်၍ အမည်ရင်း မောင်ချိုနှင့် ဖက်စပ်၍ ဆားချိုဟု ခေါ်ခြင်းဖြစ်သည်။ လေလိုင်ကတော့ လေပေါ လွန်းသော မောင်လှိုင်ကို ခေါ်သည်။ အသားမည်း၍ မောင်စိုးကို ကုလားဟု ခေါ်သည်။ ဒံလင်ပန်းဟု ခေါ်သောသူ တစ်ယောက်လည်းပါသည်။ ကိုမန်းကို ဒါလင်မန်းဟု နောက်ပြောင်ခေါ်ရာမှ ကာလရွေ့လျော၍ ဒံလင်ပန်းဟု အမည်ရ ခြင်းဖြစ်သည်။ အရပ်ပုသော မိုးဌေးကို တက်ပုဟုလည်း ခေါ်သည်။ ခြောက်လက်မဟူ၍လည်း သရော်သည်။ ဘိသိက်မြှောက်ရာ၌ နတ်လုပ်၍ကသော မြညွန့်သည် နတ်မြညွန့်ဟု အမည်တွင်သည်။ မာမာအေး၏ "မေ့ကွက်ကိုရှာ" သီချင်းဆိုသော ကိုခင်လင်းအား မာမာအေးလင်းဟု သမုတ်သည်။ ကျောင်းဆရာ ကိုတင်အောင်အား ပန်းစကားတင်အောင်ဟု ခေါ်သည်။ မော်တော်ပိုင်ကျော်စိုးကို မော်တော်ဆပ်ဟူ၍လည်းကောင်း၊ ဘဲသွားသွားသော မြသိန်းအား ဘဲကြီးဟူ၍လည်းကောင်း၊ သမုတ်သည်။

ပြောင်တက်၊ ဆားချို

ဒံလင်ပန်း

ဘဲကြီး၊ ကျော်စိုး

တက်ပုဗမ်း၊





ဟူသော ငယ်ငယ်က ကဗျာကို ရွတ်၍ ကလေးလို ရယ်မောကြသော သူများသည် အသက် လေးဆယ်ကျော်သူများ ဖြစ်ကြသည်။

ယခုလိုခေတ်ကြီးတွင် အသက်လေးဆယ်ကျော်များ တဟီးဟီး တဟားဟားရယ်မောဖို့ လိုအပ်ချက်များမှာ (၁) ဤကမ္ဘာကြီး၌ ထိုအချိန် အတန်တွင် ဘေးကြီးရန်ကြီး ဖြစ်ဖွယ်မရှိဟု ယုံကြည်ခြင်း၊ (၂) အလုပ်များကို ပြီးအောင် လုပ်သည့် အတတ် ထက် အလုပ်များကို မပြီးသော်လည်း ရှိသည့် အတိုင်း ထားနိုင်သော အတတ်ကို ပို၍တတ်ခြင်း၊ (၃) မော်ဒန်လွန်ခေတ်ကို "အသော့နှင်ခြင်း" အပေါ်၌ တည်ဆောက်ထားသော်လည်း၊ ထိုခေတ်နှင့် ယှဉ်မှာ သိန်းသန်းကုဋေကျာဝေးသော ရွာ၌ အသော့အမြန် အလုပ်သည် နတ်ဆိုး၏ အလုပ်ဟူသော ပရောဖက်၏ စကားကို နှစ်သက်လက်ခံ လိုက်နာကြခြင်းဟူ၍ နံပါတ်စဉ် ထိုးကြည့်သည်။ တကယ်တော့ ထိုသို့ ချွဲခြမ်းစိတ်ဖြာနေသော ကျွန်တော်သည် အလွန် အသုံးမကျသောသူ ဖြစ်သည်။ ထိုညများကို ခွဲခြမ်းစိတ်ဖြာစရာ မလိုပါ။ အရာရာကို ခွဲခြမ်းစိတ်ဖြာသူသည် မိုက်မဲသူသာ ဖြစ်လေသည်။ ပီတိဖြင့် ကြည်လင်ရွှင်ပျနေသော သူငယ်ချင်းများ၏ အပျော်တတ်ကူး၍

တကယ်တော့ ထိုသို့ ချွဲခြမ်းစိတ်ဖြာနေသော ကျွန်တော်သည် အလွန် အသုံးမကျသောသူ ဖြစ်သည်။ ထိုညများကို ခွဲခြမ်းစိတ်ဖြာစရာ မလိုပါ။ အရာရာကို ခွဲခြမ်းစိတ်ဖြာသူသည် မိုက်မဲသူသာ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



မမိုက်မဲလှသော ကျွန်တော်လည်း ပျော်ရွှင်သည်။ မာမာအေးလင်းက မေ့ကွက်ကိုရှာသီချင်းကို ချွဲသံဖြင့် ဆိုပါသည်။ ကျွန်တော်လည်း မေ့ကွက် (၀၁) အေးကွက်ကို တွေ့ပါသည်။ ဒီလိုလူများနှင့်တွေ့ဆုံရခြင်းသည် တောသား ဖြစ်၍သာ ဖြစ်သောကြောင့်၊ ငါသည် တောသားဟု ကျေနပ်မိပါသည်။ ရွာပြန်လိုစိတ်မှာ ရွာ၏လေ နှင့်အမေ့ကြောင့်သာဖြစ်ပေါ်ကြောင်း ရွာပြန်ချင်စိတ် ကို ထိုသို့ဆင်ခြင်မိပါသည်။

အမေ့ရွာကို ကာရန်နှင့်ကာထားလေသည်တမုံ့။ ကာရန်နှင့် ကာထား၍ သွားချင်သည်လား မသိ။





# ကုလားထိုင်ပေါ်၌ ထိုင်ခြင်း

ကျွန်တော့်အခန်းထဲမှာ ထိုင်ခုံနှစ်ခု ရှိပါသည်။ တစ်ခုက သားရေ ကုလားထိုင်၊ ဆုံလည်ပါပြီး လှည့်လို့ရသည်။ အဖိုးတန်သည်။ ဒါပေမဲ့ မတ်မတ်စန့်စန့်ထိုင်မှ ရသည်။ နောက်တစ်ခုကတော့ "ထိုင်ဖုံ" လို့ ပြောရမလား မသိပါ။ မွဲခြောက်ခြောက် ဖြူရော်ရော်၊ အောက်ခံ စပရင်က ပြော့ပြီး အားမရှိတော့လို့ ထိုင်လိုက်ရင် ဖင်နေရာ ချိုင့်သွားတဲ့ ဖုံကလေး၊ ရုံးခန်း ပိတ်ရတော့ ရုံးခန်းက ရွှေ့လာတဲ့ အဟောင်းလေး၊ ပုံထဲက အတိုင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဘယ်ခုံမှာ ထိုင်မည် ထင်ပါသလဲ။

"ထိုင်ဖုံ" ဖြူရော်ရော် မွဲခြောက်ခြောက်မှာ ခန္ဓာကိုယ်ကို ကွေးကောက်ပြီး ထိုင်ပါသည်။ ကျွန်တော်က တော်တော်ပျင်းတယ်လို့ နာမည်ကြီးပါသည်။ ကျွန်တော့်ကို အတော်ပျင်းတဲ့ အကောင်လို့ ပြောတဲ့အခါ ကျွန်တော်က မျက်စိ မှေးမှေးနှင့် ကြည့်၍ ဝါးဟားဟားဟု သမ်းဝေတတ်သည်။

"ကုလားထိုင်ပေါ်၌ထိုင်ခြင်း" ဆိုသော ခေါင်းစဉ်ကို ဖတ်ရသောအခါ ကုလားထိုင်ဆိုတာ အရေးကြီးတဲ့နေရာလို့လည်း အဓိပ္ပာယ် ပေါက်သည်။ "ထိုင်စရာ တစ်နေရာ ရလေတော့" ဟူသော စာတစ်ပုဒ် စာရေးဆရာကြီး ဦးသိန်းဖေမြင့် ရေးဖူးသည်။ မဂ်လာဒုံသို့ သွားသော လူ့ခပ်ကြပ်ကြပ်ကိုး နံပါတ် ဘတ်စကားပေါ်၌ ထိုင်စရာ တစ်နေရာ ရသောအခါ ဖောက်လွှဲဖောက်ပြန် စိတ်ကူးသော လူကြီး တစ်ယောက်အကြောင်း ရေးသော လူ့သဘာဝပုံပြဝတ္ထု ကောင်း ဖြစ်သည်။ ထိုသို့ လူ့သဘာဝ၏ ကမောက်ကမကို ရေးရန်လည်း စိတ်မကူးမိပါ။

> သို့သော် စာတစ်တို နှစ်တို ရေးသော စာရေးဆရာ ဖြစ်သော အခါ၊ စာရေးဆရာဟူသည် ဇိမ်မယစ်ရဟူသော အလိုအလျောက် နားလည် ပြဋ္ဌာန်းမှုကြောင့်၊ ကုလားထိုင်ပေါ်မှာ ထိုင်ရုံမျှနှင့် ဇိမ်ယစ်သော လူတန်းစားတစ်ခု ထဲသို့ ကျွန်တော့်ကို ထည့်သွင်း နိုင်ကြပါသည်။

"ကုလားထိုင်ပေါ်၌ ထိုင်ခြင်း" မှာ ကျွန်တော်၏ ထိုင်ခြင်း အကြောင်းကို ရိုးရိုးရေးသော စာတိုတစ်ခုသာ ဖြစ်ပါသည်။ ခါတိုင်းတော့ ကျွန်တော်





က ဆန်းဆန်းရေးတတ်ပါသည်။ အကိုး အကားများနှင့် ရေးတတ်ပါသည်။ ဟိုစာအုပ် သည်စာအုပ်မှ ပညာရှိများကို ဆွဲထည့်တတ်ပါသည်။ ယခု စာတိုမှာမူ ခြေထောက်ကို တွဲလွဲချ၍ ခါးကို ကွေးပြီးလျှင် ဂုတ်တိုကို နောက်မှီသို့ တင်လျက်၊ မျက်စိအစုံကို မှိတ်သော၊ ကျွန်တော်၏ ထိုင်ခြင်းအကြောင်းကို ရေးထားခြင်းသာ ဖြစ်ပါသည်။

ဘောင်းဘီတိုကို ဝတ်ထားပါသည်။ စွပ်ကျယ်ဂျိုင်းပြတ်ကို ဝတ်ထားပါသည်။ ရေနွေးကြမ်းတစ်ခွက် နံဘေးမှာ ရှိပါသည်။ လဘက်ခြောက်ဖတ် သုံးလေးဖတ် မျောနေလျက် စိမ်းဖန့်ဖန့်အရောင်ရှိသော ရေနွေးကြမ်းမှာ တော်တော်လေး ပူပါသေးသည်။ ဇယမ်းလဘက် မြက်မြက်နှင့် မြေပဲ၊ နှမ်းကြော် ပန်းကန်လည်း အနား၌ ရှိသည်။ ဆေးပေါ့လိပ်ကလေး ဖွာရလျှင် ကောင်းမည်လားဟု စဉ်းစားပါသည်။ သို့သော် ကျွန်တော် ဆေးလိပ် မသောက်တတ်ပါ။ ကိုယ့်ဟာကိုယ် လိပ်သော ပြောင်းဖူးဖက် ဆေးလိပ်ကို နပ်၍ သောက်သော အဖွား ဒေါ်စောကြွယ်၏ မြေးဖြစ်သော်လည်း ဆေးလိပ် မသောက်တတ်သောကြောင့် လောက၏ ဇိမ်တစ်ခု လျော့သွားပြီလား ဟု ကျွန်တော်က ဝမ်းနည်းနေပါသေးသည်။ သို့သော် ယခုလည်း တော်တော် ဇိမ်ကျနေပါပြီ။ နွေနေ့လည် နေပူပူတွင် တမာပင်ရိပ်၊ မန်ကျည်းပင်ရိပ် အောက်၊ ပက်လက်ကုလားထိုင်တစ်ခု၌ လျော့တိလျော့ရဲ ထိုင်ရသော အရသာကို မိတ်ဆွေ ခံစားဖူးပါသလား ခင်ဗျာ။

ကျွန်တော်သာ ပက်လက်ကုလားထိုင်တွင် ထိုင်၍ ဇိမ်လုပ်သည် မဟုတ်ပါ။ ပက်လက်ကုလားထိုင်တွင် ထိုင်သောသူများမှာ ဤခေတ်သစ်ကြီး၌ အများကြီး ရှိပါသည်။ သို့သော် စာတစ်တို နှစ်တို ရေးသော စာရေးဆရာဖြစ်သောအခါ၊ စာရေးဆရာဟူသည် ဇိမ်မယစ်ရ ဟူသော အလိုအလျောက် နားလည်ပြဋ္ဌာန်းမှုကြောင့်၊ ကုလားထိုင်ပေါ်မှာ ထိုင်ရုံမျှနှင့် ဇိမ်ယစ်သော လူတန်းစားတစ်ခုထဲသို့ ကျွန်တော့်ကို ထည့်သွင်းနိုင်ကြပါသည်။ ကျွန်တော်သည် ပက်လက်ကုလားထိုင်တွင် ခါးကို ကွေး၍ ခြေတွဲလွဲ ချလျက်



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ကြောင်း ဝန်ခံပါသည်။ သို့သော် နှစ်ဆယ်ရာစု၏ ဂုဏ်သရေရှိ လူကြီးလူကောင်းများသည် ခါးကို စန့်၍ ခပ်မတ်မတ်သာ ထိုင်သင့်သည်ဟု ပညတ်ထားကြလျှင် ပက်လက်ကုလားထိုင်ဟူသော ကုလားထိုင် အမျိုးအစား တီထွင်ပေါ်ပေါက်လာစရာ အကြောင်း မရှိပါ။ တောင်ရောက် မြောက်ရောက် တွေးသော စာရေးဆရာ ကျွန်တော်သည် ခါးစန့်၍ ထိုင်ခြင်းနှင့် ခါးကွေး၍ ထိုင်ခြင်းသည် ရှိသေလေးမြတ်ဖွယ် ကောင်းခြင်း ဂုဏ်ကျက်သရေ ရှိခြင်းများနှင့် သက်ဆိုင်သောကိစ္စ ဖြစ်နေမလားဟု စဉ်းစားမိပါသည်။ ခေတ်ဟောင်းနှင့် ခေတ်သစ် ကွာခြားခြင်းနှင့် သက်ဆိုင် မလားဟုလည်း စဉ်းစားမိပါသည်။ ရှေးခေတ်က လူများသည် ရှိသေလေးမြတ်ဖွယ် ဖြစ်အောင် ခါးစန့်၍ ထိုင်ကြပါသည်။ ယခုခေတ် လူများသည် သက်တောင့်သက်သာ ဖြစ်အောင် ခါးကွေး၍ ထိုင်ကြပါသည်။ ရှေးခေတ် လူ့အဖွဲ့ အစည်းတွင် သက်တောင့်သက်သာ စည်းစိမ်ရှိအောင်နေခြင်းကို မကောင်းမှုဟု သတ်မှတ်ကြပုံရသည်။ ဘုရင့်သီဟာသနပလ္လင်သည် ကြာကြာထိုင်၍ ဟန်ပုံ မပေါ်။ ဘုန်းကြီးတရားဟော ပလ္လင်သည်လည်း မတ်မတ်ထိုင်ရန်သာ ဖြစ်သည်။ ကလီယိုပါထရာမင်းသမီးနှင့် ကွန်ဖျူးရှပ် တွေ့လျှင် ဂျူးလိယက်ဆီဇာနှင့် တွေ့သလို၊ အလုကြော့ကွင်းတွင် မသက်ဆင်းပဲ၊ ပညာရှိ ကွန်ဖျူးရှပ်က ကလီယိုပါထရာ၏ ညို့သကျည်းကို တုတ်နှင့် ရိုက်ကောင်းရိုက်တန်ရာသည်ဟု ကျွန်တော် တွေးကြည့်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ကလီယိုပါထရာ မင်းသမီးသည် သလွန်ညောင်စောင်းပေါ် မှီအုံးကို လက်ထောက်လျက် ခါးကို ကွေးထားသောကြောင့် ဖြစ်သည်။ ကွန်ဖျူးရှပ်သည် သူ့တပည့် ရိယန်ကို ထိုင်ပုံ စနစ်မကျ၍ တုတ်နှင့် ရိုက်ခဲ့ဖူးပါသည်။ ရှေးဟောင်း တရုတ် လူ့အဖွဲ့ အစည်း၌ ဂုဏ်သရေရှိ လူကြီးလူကောင်းများသည် အနိမ့်ဆုံးအားဖြင့် အခန်းအနားများတွင် ကိုယ်ကို မတ်မတ်ထားကြရသည်။ ခြေထောက်တစ်ဖက်ကို နောက်တစ်ဖက်ပေါ် သို့တင်၍ တွဲလွဲချထားလျှင် ထိုအပြုအမူကို အောက်တန်းစားတို့၏ အပြုအမူဟု သတ်မှတ်ပါသတဲ့။





ခေတ်သစ်ကြီးတွင် ရှေ့ရောက်နေသော ကုလားဖြူတို့က ကုလားထိုင်ကို ခေတ်ထဲသို့ ယူဆောင်လာသည်။ သူတို့ကတော့ သက်တောင့်သက်သာဖြစ်အောင် လုပ်ခြင်းအမြင်နှင့်သာ လောကကြီးကို ကြည့်သည်။ စားပွဲပေါ်သို့ ခြေထောက်တင်၍ ထိုင်ကြသည်။ တကယ်တော့ စားပွဲပေါ်သို့ ခြေထောက်တင်ခြင်းသည် မယဉ်ကျေးခြင်းနှင့် မသက်ဆိုင်ချေ။ ကျွန်တော်၏ ပြည်တွင်းဖြစ်စစ်စစ် တမာပင်ရိပ်အောက်တွင် ကုလားဖြူတို့ ယူဆောင်လာသော ပက်လက်ကုလားထိုင်၌ ခြေထောက်တစ်ဖက်ကို နောက်တစ်ဖက်သို့ တင်၍ ထိုင်ခြင်းသည် ခေတ်မီခြင်းသာ ဖြစ်သည်။

ဤစာတိုကို အမည်တပ်ရာတွင်လည်း ထိုင်ခြင်း ဒဿနဟု အမည်တပ်ရမလားဟု စဉ်းစားကြည့်သည်။ ဒဿနပညာရပ်ကြီးသည် လေးနက်သောအကြောင်းအရာများနှင့်သာ စပ်လျဉ်းဖို့ကောင်း၍ ထိုအမည်သည် မသင့်မလျော်ဟု ပယ်လိုက်ရပါသည်။ ထိုင်ခြင်း အနုပညာဟု ကဗျာဆန်လိုက်ရမလားဟု တွေးပြန်သည်။ အနုပညာကို နေရာတကာ၌ အမည်တပ်နေလျှင် အနုပညာကြီး ပေါ်သွားရာသည်ဟု တွေးမိပြန်သည်။

ဆရာကြီးစီတီအိုကလည်း မှတ်လောက် သားလောက် အတွေးတစ်ခုကို အဘိယာစကပြုသည်။ “ကုလားဖြူတွေ ယူလာတဲ့ထိုင်ခုံဖြစ်လို့ ကုလားထိုင်လို့ ခေါ်တယ်၊ ပေါ်တူဂီတွေသာ ယူလာရင် ပူတဂေးထိုင်လို့ ခေါ်ရမယ်။ (ပေါ်တူဂီကို ရှေးစာထဲ၌လည်း ပူတဂေး၊ မုံရွာအနား၌ ရှိသော ချောင်းဦးတွင်လည်း ပူတဂေးဟု ခေါ်ကြသည်ဟု သူက ရှင်းပြသည်။) တရုတ်တွေ ယူလာရစ် တရုတ်ထိုင်လို့ ခေါ်ရမယ်။ ကုလားထိုင်ကသာ ထိုင်လို့ ကောင်းတယ်၊ တရုတ်ထိုင်ဆိုလျှင် ထိုင်လို့ ကောင်းချင်မှ ကောင်းမယ်” တဲ့။

တကယ်တော့ ၁၈ ရာစုနှောင်းပိုင်းနဲ့ ၁၉ ရာစု အစပိုင်းက ရောမန္တိကဝါဒကြောင့်သာ သက်တောင့် သက်သာ ရှိဖို့လုပ်တာဟာ မကောင်းမှုလို့ မယူဆကြခြင်း ဖြစ်သည်။ ကျေးဇူးတင်ပါတယ်။ ရောမန္တိကဝါဒရယ်၊ ခင်ဗျားကြောင့်သာ လူတွေမှာ လူ့ဘဝကိုပိုပြီး သစ္စာရှိတဲ့ အတွေးအခေါ် ရှိလာသည်။



www.burmeseclassic.com

www.burmeseclassic.com



လူတွေ လူ့စိတ်သဘာဝကို ပိုပြီး နားလည်မှု ရှိလာသည်။ ထိုခေတ်က လေဒီကြီးတွေမှာ ရေကူးဝတ်စုံ၊ ရေချိုးဇလုံတွေ ရှိနေပြီတဲ့။ လေဒီကြီးတွေမှာ ရေကူးဝတ်စုံ၊ သန့်ရှင်းလှပတဲ့ ရေချိုးဇလုံ ရှိသလို၊ ကျွန်တော့်မှာလည်း ကိုယ်ကို လှုပ်လို့ရတဲ့ ကုလားထိုင်ရှိတော့ ဘဝအပေါ် သစ္စာရှိတဲ့၊ ရင်းနှီးတဲ့၊ လွတ်လပ်တဲ့၊ လွယ်ကူတဲ့ စာတွေ ရေးနိုင်သည်။

အိမ်က ကုလားထိုင်ပေါ်မှာ ထိုင်တဲ့အခါ ခြေထောက်နှစ်ချောင်းကို တခြားကုလားထိုင်တစ်ခု၏ လက်ရန်းပေါ် သို့တည်းမဟုတ် စားပွဲပေါ်မှာ တင်သည်။ ကြွက်သားများကို လျော့ခြင်းသည် ပြစ်မှုတစ်ခု မဟုတ်ကြောင်း ရှင်းပြပြီး ဖြစ်ပါသည်။ အမြဲတမ်း ကြွက်သားများကို လျော့ရိလျော့ရဲ ထားရမည်ဟု ကျွန်တော်ဆိုလိုသည် မဟုတ်ပါ။ လူ့ဘဝသည် အလုပ်နှင့် အကစား တစ်လှည့်စီ၊ အတင်းအကြပ်နှင့် အဖြေအလျှော့ တစ်လှည့်စီ ကျွန်တော် သိပါသည်။ ရုံးက ကုလားထိုင်မှာ တော်တော် ကြာကြာ မတ်မတ် ထိုင်တာကို မေ့ပြီး၊ တစ်နေ့တာ အလုပ်ပြီးလို့ အိမ်မှာနားတဲ့အခါ၊ ကြွက်သားတွေ လျော့လျော့ကွေး ထိုင်တာဟာ၊ "ဉာဏ်ရှိရှိ ထိုင်ခြင်း အနုပညာ" မဟုတ်ဘူးလားဗျာ၊ အသုံးမတဲ့သော ညနေစောင်းကို၊ ကဗျာဆန်ဆန် ကုန်ဆုံးတာ ဖြစ်သည်။ တခြားစည်းစိမ်ခံဖို့ ငွေကုန်ကြေးကျများသည်၊ ရေနွေးကြမ်း တစ်ခွက်နှင့် ခါးကွေး၍ ပျင်းတိပျင်းတွဲ လုပ်ဖို့ ငွေမကုန်ပါ။ ထိုအချိန်မျိုးမှာ

- ဖတ်ပြီး ရပ်လိုက်လျှင် ကဗျာတွေ မရှိတော့တာမို့
  ကဗျာဖတ်ဖို့ ... ပျင်း၊
- ကြိုးပေါ်မှာပဲ ဂီတက သေဆုံးသမို
  ဂီတာတီးဖို့ ... ပျင်း၊
- အရက်မှူးရဲ့ အိပ်မက်အလွန်မှာ လိမ့်ကျမယ့် မြစ်နဲ့ ကန်ပဲရှိတာမို့
  အရက်သောက်ဖို့ ... ပျင်း၊





- နယ်ရုပ်တွေအပြင် တခြားအရုပ်တွေ ရှိအံမို့
  စစ်တုရင် ကစားဖို့ ... ပျင်း၊
- ကျွန်တော့်နှလုံးသားမှာ ပန်းချီကားတစ်ချပ်ရှိပြီမို့
  တောင်ကုန်းတွေ မြစ်ချောင်းတွေ ကြည့်ဖို့ ... ပျင်း၊
- ကျွန်တော့်ရင်မှာ ကျွန်တော့်တဲကလေး၊ ကျွန်တော်ပိုင်ဆိုင်တဲ့ ပစ္စည်း ရှိပြီးမို့
  လောဘကြီးဖို့ ... ပျင်း၊
- ကုလားထိုင်ပေါ်မှာ ထိုင်ရင် ဒီလိုပဲ ပျင်းတာပါပဲဗျာ။



www.burmeseclassic.com

www.burmeseclassic.com



# အိပ်ရာထက်၌လျောင်းခြင်း

ပြေးတာနဲ့နှိုင်းရင် လမ်းလျှောက်တာ မဆိုးဘူး၊
ထိုင်တာက သက်သာတယ်၊ အိပ်တာက အကောင်းဆုံးပဲ။

**အိပ်** ရာထက်၌လက်ယာဘက်ကိုစောင်း၍ လဲလျောင်းလျက် ဖိမ်ကျနေသော ကျွန်တော်သည် နံနက် ၃နာရီ၌ ဤစာတိုကို ရေးပါသည်။ "ဘဝ ဆိုသည် တိုက်ပွဲ"။ ကရှတ်ကင်းလျှောက်တဲ့ ပုံပမာ။ အဲဒါ ဘဝသံသရာ၊ စသည်ဖြင့် ဘဝဆိုသည်ကို အမိပ္ပာယ် ဘယ်လို ကောက်ကြသော်လည်း၊ ကျွန်တော်၏ အမြင်၌ ဘဝ ဆိုသည် စားခြင်းနှင့် အိပ်ခြင်း၊ တွေ့ဆုံခြင်းနှင့် ခွဲခွာခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



အငိုနှင့်အရယ်၊ ၂ပတ်ခါကြိမ် ဆံပင်ညှပ်ခြင်းနှင့် ပန်းပင် ရေလောင်းခြင်း၊ အစေ့ အိမ်မှ မမကြီးကို စကားစမြည်ပြောခြင်းနှင့် ခေါင်းရင်းအိမ်မှ ကောင်မလေးကို ချောင်းတို့ဖြင့် ပြုလုပ်ထားသောအရာဖြစ်သည်။ ဗဟာဝါဒ၊ ရုပ်ဝါဒ၊ လူ့အားဝါဒ စသည်ဖြင့် သာမန်နေ့စဉ်ဖြစ်ပျက် အစဉ်ကို၊ အတွေး အမြင်တစ်ခုခု တပ်ဆင်လျက်ရှင်းသည်ကိုရှုပ်အောင် လုပ်ခြင်းသည် ဆင့်ခွယ် နန်းတော်ထက်မှ ဒဿနဆရာကြီးများ၏ အလုပ်ဖြစ်သော်လည်း၊ ဈေးဒဿန ဆရာ ကျွန်တော်ကတော့ ရှင်းသည်ကို ရှင်းသည့်အတိုင်းသာ ထားလိုက်ချင် ပါသည်။ ထိုဈေးဒဿနဆရာ ကျွန်တော် ရေးမည့် ဒဿနမှာ အိပ်ရာထက်၌ လျောင်းခြင်းဆိုင်ရာ ဒဿနဖြစ်ပါသည်။

အိပ်ရာထက်၌လျောင်းခြင်း အနုပညာဟု ခေါ်လျှင်လည်းရပါသည်။ လူကမ္ဘာကြီး၏ ဆယ်ပုံပုံလျှင် ကိုးပုံ ရှိသော တီထွင်ဖန်တီးမှုများကို အိပ်ရာ ထက်မှာ ခွေနေရင်း ပြုလုပ်ကြခြင်းဖြစ်ပါသည်။ ဘယ်အချိန်လဲဟု တိတိ ကျကျ ပြောရလျှင် နံနက် နစ်နာရီမှ ငါးနာရီအတွင်း ဖြစ်ပါသည်။

အိပ်ရာထက်၌လဲလျောင်းခြင်းသည် လောကကြီးမှ ရနိုင်သော ဓိမ်တို့တွင် အင်မတန်အရသာရှိသော ဓိမ်တစ်ခု ဟု သဘောတူသော သူသည် ရိုးသားသောသူဖြစ်သည်။ သဘောမတူသော သူသည် ညာသောသူ ဖြစ်သည်။ ကျွန်တော်၏ လဲလျောင်းခြင်းသည် ကိုယ်ရောစိတ်ပါ လဲလျောင်းခြင်းကို ဆိုလိုပါသည်။ ခေါင်းအုံးကို အသာပွေ့လျက်၊ ဒူးတစ်ဖက်ကို ကွေးလျက်၊ ဘေးသို့ စောင်းလျက်၊ လျော့တိလျော့ရဲ လျောင်းခြင်းကို ဆိုလိုသည် လူအများစုမှာ ညဝဲ၍လျောင်းပြီး လူတချို့ကနေ၍ လျောင်းသည်။ တက်ကျမ်း များဖတ်သူ၊ အီစွတ်ပုံပြင်များဖတ်သူတို့သည်၊ တက်ကြွနေစေကာမူ နေ၍ လျောင်းသူများတွင် ပါဝင်နိုင်သည်။ သမိန်ပေါသွပ်ဖတ်သူနှင့်၊ အဲလစ်နှင့် အံ့ဖွယ်တိုင်းပြည် ဖတ်သူများမှာ ညဝဲသာ လျောင်းသည်။ အဲလစ်တွင် မည်သည့်ကျင့်ဝတ်နီတိ အတွေးအမြင်မျှမပါ၊ အီစွတ်တွင် အတွေးအမြင် ပါသောကြောင့်ဖြစ်သည်။





အိပ်ရာထက်၌လဲလျောင်းရာတွင် လဲလျောင်း တက်ရန် ပညာ လိုသည်။ အိပ်ရာထက်၌လျောင်းခြင်း ဟူသည်မှာ ကိုယ်ကာယအားဖြင့် နားခြင်း၊ ပြင်ပ လောကကြီးနှင့် အဆက်အသွယ်တံခါးပိတ်ခြင်း ဖြစ်သည်။ ထို့ကြောင့် ငြိမ်သက်၊ ငြိမ်းချမ်း၊ ဘာဝနာ စီးဖြန်းရန် သင့်လျော်သော အနေအထားရှိအောင် လျောင်းတတ်ရလိမ့်မည်။ ဓိမ်လည်းကျသော လျော်လည်း လျော်ကန်သော ကိုယ်နေဟန်ထားတတ် ရသည်။ အကြီးကျယ် ဆုံး ဘာဝအနုပညာရှင်ဖြစ်သော ကွန်ဖျူးရှပ်က “အိပ်ရာထက်မှာ ဖြောင့်ဖြောင့်ချည်း မလှဲရာ၊ အသေကောင်နှင့် မတူစေရ၊ နံစောင်းထက်၌ ကွေး၍သာ လျောင်းပါ” ဟု အကြံပေးသည်။ ဒူးများကို ကွေး၍ လျောင်းဖို့ မမေ့ပါနှင့်။ စိတ်အင်အား တိုးတက် ရန်နှင့် ဓိမ်ရှိရန် တံတောင်ဆစ်များကို ကွေးရန်လည်း မမေ့နှင့်။ ကျောခင်း၍ လျောင်းခြင်းသည် အသင့် လျော်ဆုံးဟု ကျွန်တော် မယုံကြည်။ ခေါင်းအုံးများ နှင့် သုံးဆယ် ဒီဂရီခန့် မြှောက်ထားသော ဦးခေါင်း အောက်တွင် လက်များကို သွင်းထားကာ နံစောင်းပေါ်၌ လျောင်းခြင်းသာ အသင့်လျော်ဆုံးဟု ကျွန်တော်

ဘာဝနာစီးဖြန်းခြင်း၊ စေ့စေ့ စဉ်းစားခြင်းနှင့် တစ်ကိုယ်တည်း စေကစားရှိခြင်း အဖိုးတန်နားကို သိသူ နည်းလှသည်။ အိပ်ရာထက်၌ လျောင်းခြင်း၏ အဓိပ္ပာယ်သည် တစ်နေ့လုံး ပင်ပင်ပန်းပန်း အလုပ် လုပ်ထားသော ကိုယ်ကာယကို အနားပေးခြင်းထက် ပိုသည်။



www.burmeseclassic.com

www.burmeseclassic.com



ထင်သည်။ ထိုအနေအထား၌ ကဗျာဆရာလည်း ကဗျာ အတွေးရလျက်၊ ဒဿနဆရာလည်း ဒဿနအတွေးရမည်။ သိပ္ပံဆရာကတော့ တုန်လှုပ်ချောက်ချားမည့် အတီအထွင် လုပ်နိုင်မည်။

ဘာဝနာစီးဖြန်းခြင်း၊ စေ့စေ့စဉ်းစားခြင်းနှင့် တစ်ကိုယ်တည်းကေစာ ရှိခြင်း၏ အဖိုးတန်ပုံကို သိသူ နည်းလှသည်။ အိပ်ရာထက်၌ လျောင်းခြင်း၏ အဓိပ္ပာယ်သည် တစ်နေ့လုံးပင်ပင်ပန်းပန်း အလုပ် လုပ်ထားသော ကိုယ်ကာယကို အနားပေးခြင်းထက် ပိုသည်။ စိတ်နောက်အောင် ပြက်လုံးထုတ်သောမိတ်ဆွေများ၊ အမှားပြင်ပေးနေသော ညီအစ်ကို မောင်နှမများ၊ ကိုယ့်စားရိတ်ကိုယ်စား၍ ကျွန်တော့်ကို နတ်ပြည်သို့ ပို့ပေးလိုသော ဆရာသမားများနှင့် တစ်နေကုန် ဆွေးနွေးရသော၊ စိတ်ကို ဖြေလျှော့ခြင်းလည်း ဖြစ်သည်။ ဒီထက်မကသေးပါ၊ အိပ်ရာထက် လဲလျောင်းခြင်းကို စိတ်ထဲမှ အမှိုက်သရိုက်များကို လှဲကျင်းရှင်း လင်းသော အချိန်အဖြစ်လည်း အသုံးချနိုင်သည်။ နံနက်စောစောလည်း အပြေးအလွှား၊ ညနေစောင်းလည်း အပြေးအလွှား၊ ရုံးစားပွဲပေါ်က တယ်လီဖုန်းသုံးလုံးလည်း အဆက်မပြတ်မြည်အောင် အလုပ်ရှုပ်သော၊ ထိုသို့ အလုပ်ရှုပ်ခြင်း၌လည်း ဂုဏ်ယူနေသော လုပ်ငန်းရှင်သည်၊ နံနက် ၁နာရီ သို့မဟုတ် နံနက် ၇နာရီ အိပ်ရာထက်၌ နိုးကာ၊ တစ်ကိုယ်ထီးထီး ကေစာ၊ ၁နာရီအချိန် ယူလျှင်၊ သူ ယခုရနေသော ဝင်ငွေထက် နှစ်ဆပိုရမည်ကို သူမသိရှာ။ ရှစ်နာရီထိုးလည်း အိပ်ရာထက်မှ အမြန်မထပါနှင့်၊ သွားကို သွားပွတ်တံနှင့် မပွတ်မီ ဤယနေ့အလုပ်အားလုံးကို အိပ်ရာထဲ၌ပြီးအောင် လုပ်နိုင်သည်။ စောင်ထဲ၌ ကွေးရင်းသို့မဟုတ် ခြေထောက်များကို ဆန့်ရင်း၊ ငှက်မြည်သံကို နားခံရင်းလုပ်ပါ။

နံနက် ၁နာရီ ၂နာရီ၌ ကြည်ကြည်လင်လင် ဘယ်လိုနိုးမလဲဟု ကျွန်တော့်သူငယ်ချင်း တစ်ယောက်က မေးသည်။ ကျွန်တော်က ၁ပတ်တွင် ၁ကြိမ် ၂ကြိမ် မင်္ဂလာရှိသော ထိုအချိန်၌ နိုးတတ်သည်။ အိပ်ရာမဝင်မီ ညစာနည်းနည်းသာ စားသော ည၊ ၂ပက်ခန့်သာ သောက်၍ သည့်ထက်မများသော





ညမျိုး၌ ထိုလင်းအားကြီး အချိန်၌ ကြည်လင်စွာနိုးတတ်သည်။ ထိုအခါ ရေအေးအေး တစ်ခွက်သောက်၍ အသက်ပြင်းပြင်း ငါးကြိမ်ခန့်ရှုလိုက်သည်။ အထူးတလည် ကြိုးစားရန် မလိုပါ၊ မလုပ်ရသေးသော အလုပ်များ၊ စဉ်းစားရန်ရှိသော စဉ်းစားစရာများ သူ့အလိုလို ဝင်ရောက်လာတတ်ပါသည်။ နာရီဝက်ခန့်၊ တစ်နာရီခန့် ကြာလျှင်တော့၊ ခြုံစောင်ကို ခွာ၊ လက်ရုံးကို ဆန့်၍ အိပ်ရာမှ ထသည်။ ဖနိုးခင်၏ နဖူးကိုတော့ တစ်မွှေးမွှေးခဲ့သည်။ ၎င်းနောက် စာကြည့်ခန်းသို့ဝင်၍ စာဖတ်သည်။ စာရေးချင်စိတ် ရှိလျှင်ရေးသည်။ ထိုနေ့ တစ်နေ့လုံး အဆင်ပြေ ကျေနပ်လေ့ရှိသည်။ နံနက်စောစောနိုး၍ ကြည်လင်စွာ နိုးထနိုင်လျက်၊ ဒူးခေါက်ကွေး၊ ကျောကွေးစည်းစိမ်ရရှိရန် ဆေးစာမှာ၊ အိပ်ရာဝင် မနက်စေနှင့်၊ ဗိုက်လေးအောင် မစားရာ၊ မူးအောင် မသောက်နှင့် ဟူ၍ ဖြစ်ပါသည်။

"အိပ်ရာထက်၌လျောင်းခြင်း" အကြောင်းသည် အိပ်ရာမှထသော အခါ ပြီးဆုံးသွားပြီ။ တစ်ခုတော့ ကျန်ခဲ့သည်။ အိပ်ရာထက်၌ လျောင်းရင်း ကြားရသော နံနက်ခင်းငှက်သံများ အကြောင်းဖြစ်သည်။ ငှက်သံများ အကြောင်း နောက်တော့ ရေးဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



# ကျွန်တော်သည် မျောက်ကဆင်းသက်၏

ကျွန်တော်ဟာ မျောက်က ဆင်းသက်တယ်လို့ ထင်တာပါပဲဟု ပြောသောအခါ . . . မောင်သစ်ဆင်း က ဘာများထူးဆန်းလို့တုန်း၊ လူဆိုတာ မျောက်က ဆင်းသက်တယ်ဆိုတာ လူတိုင်းသိတာပဲ ဟု ပြန်ပြောလေသည်။ "အနောက်သို့ ခရီး" ဟူသော မျောက်ဝူခုန်းပါသော တရုတ်ကားကို ကြိုက်သော ကျွန်တော့်သားအငယ်ကောင်ကတော့ အဖေက ဝူခုန်းပေါ့ ဟု သဘောကျစွာ ရယ်မောသည်။

မျောက်တွေ တစ်ပင်မှတစ်ပင်၊ အကိုင်းတစ်ကိုင်းမှ နောက်တစ်ကိုင်းခုန်ကူးသလို ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



လည်း အလုပ် တစ်ခုမှာ တစ်နေ့သို့ ခန့်ကူးခဲ့သည်။ မျောက် အငြိမ်မနေနိုင်သကဲ့သို့ ကျွန်တော်လည်း အငြိမ်မနေနိုင်ပါ။ တောဆရာဝန်မှ မြို့ဆရာဝန်၊ ထို့နောက် အလုပ်ထွက်၊ ဆောက်လုပ်ရေး ကုမ္ပဏီတစ်ခုတွင် ရှယ်ယာဝင်၊ အလုပ်မဖြစ်။ အထည်ချုပ် စက်ရုံတစ်ခုလုပ်၊ ပျက်သွား၊ စာအုပ်ဆိုင်တစ်ဆိုင်ဖွင့်၊ နေရာရွှေ့ရ။ ၎င်းနောက် ထုတ်ဝေသူ၊ စာရေးသူ။ ယခုထိ ကျွန်တော်ဟာ မျောက်ပါပဲ။ အားလပ်နေလျှင် တစ်ခုခုကို လုမ်းကိုင်ချင်သည်။ ကြွက်ဆိုလျှင်ခိုးသည်။ ခွေးဆိုလျှင်ဟောင်သည်။ ကျားဆိုလျှင် ကိုက်သည်။ ကြောင်ဆိုလျှင် ညဉ့်၌ အိမ်မပြန်၊ လိပ်ဆိုလျှင် နေ့၌ အိပ်သည်။ မျောက်ဆိုလျှင် အငြိမ်မနေ။ ခိုးသောကြွက်ကို သူခိုးဟု အပြစ် မတင်။ ဟောင်သောခွေးကို တိတ်ဆိတ်ခြင်းကို ဖျက်ဆီးသူဟု အပြစ်မပြော။ ရက်စက်သော ကျား၏ ကိုက်ခြင်းကို အပေါက်ကလေးနှင့်လားဟု မမေး၊ အိမ်လည်သောကြောင်ကို မျက်နှာများသူဟု မပြော၊ အိပ်သော လိပ်ကို အအိပ်ကြီးသူဟု မေးမငေါ့ကြပါ။ ထိုသို့ဖြစ်လျှင် ဆော့သောမျောက်မှ ဆင်းသက်သော ကျွန်တော့်ကို အိမ်နေမရသို့မဟုတ် အစိဋ္ဌာန်ပါရမီ နည်းနည်း မှမရှိဟု ပြောလျှင် ပြောသူအလွန်သာ ဖြစ်ပါလိမ့်မည်။

မျောက်ကဆင်းသက်သည်ဟု ပြောသည်ကို အမေက မကြိုက်။ ငါ့သားရယ် လူဆိုတာ ဗြဟ္မာကြီး လေးယောက်က ဆင်းသက်ပါတယ်ဟု ပြောသည်။ လူဆိုတာ မြင့်တယ် မြတ်တယ်ဟု ဆိုချင်ပုံရပါသည်။ အမေရာ ဗြဟ္မာ ဟာ မျောက်လို ပျော်စရာ မကောင်းပါဘူး။ လူဟာ ဗြဟ္မာနဲ့ နှိုင်းစာရင် မျောက်နဲ့ ပိုတူပါတယ်ဟု ပြောရသည်။ ဗြဟ္မာကြီးက အချွန်တွေ၊ အတက်တွေနဲ့ဗျ။

✦ ✦ ✦

ကျွန်တော့်အမေလည်း မျောက်ဝူခုန်းကားကို ကြည့်သည်။ ကျွန်တော်နှင့်အမေ ဝူခုန်းအကြောင်း ဆွေးနွေးကြသည်။ ဆန်းဝူခုန်းမှာ





ခြောက်ပြစ်မကင်း သော သတ္တဝါများ။ အိန္ဒိယပြည်သို့ ဗုဒ္ဓကျမ်းစာများ ရယူရန် သွားသော ခရီးရှည်ကြီး အကြောင်း ပုံဝတ္ထုကြီး ဖြစ်သော်လည်း၊ တကယ်တော့ မျောက်ဝူခုန်းမှာ လူသား၏ အသိအမြော်အမြင်ကို ကိုယ်စားပြုသည်ဟု ပြောကြသည်။ ဝက်နှင့် တူသော ပါကျဲမှာ လူသားတွင် ရှိတတ်သော အောက်တန်းကျသော သဘာဝကို ကိုယ်စားပြုပါသည်။ ဘိုးသူတော်ဆန်မှာ သာမန် အသိဉာဏ်ကို လည်းကောင်း၊ ဘုန်းကြီးမှာ ဉာဏ်ပင်္ဂိုဘာန်နှင့် မြတ်သော အကျင့်ကို လည်းကောင်း အသီးသီး ကိုယ်စားပြုပါသည်။ လူသား၏ တိုးတက်မှုဖြစ်စဉ်မှာ ထိုသို့သော ခြောက်ပြစ်မကင်းသော သတ္တဝါများ သွားသော ခရီးရှည်ကြီးနှင့် အလားသဏ္ဍာန်တူကြောင်း ပြောကြသည်။

မျောက်မှာ ပဉ္စလက် အတတ်တော့ တတ်ပါရဲ့ . . . ကောင်းကင်ဘုံကို ရောက်ပါရဲ့။ မျောက်ဆိုတော့ ကောင်းကင်ဘုံနှင့် ထိုက်သော သန့်ရှင်းသော စိတ်မရှိ။

ခြောက်ပြစ်မကင်းသော သတ္တဝါများ ဖြစ်သည့်အလျောက် သွားရသည့်ခရီးရှည်ကြီးတွင် အန္တရာယ်များ ဆိုက်ရောက်ချင် ဆိုက်ရောက် လျက်ဆောင်စရာဖြစ်ချင် ဖြစ်သည်။ အရှုးအနှမ်းအလုပ်တွေ လုပ်မိလျက် အမှောင့်ပယောဂနှင့် ခလောက်ဆန်ချင်ဆန်သည်။ ခလောက်ဆန်သော မျောက်နှင့်ကာမဂုဏ်ကြူးသော ဝက်ကို ဘုန်းတော်ကြီးက အကြိမ်ကြိမ် အဖန်ဖန် ပြုပြင်သည်။ သို့သော် ခြောက်ပြစ် မကင်း



www.burmeseclassic.com

www.burmeseclassic.com



သော စိတ်နှင့် အောက်တန်း၌ စွဲလန်းသောစိတ်ကြောင့် အကျိုးယုတ် အရှက်ရဖွယ်များ ကြုံကြသည်။

မျောက်ဝှုခုန်းမှာ ပဥ္စလက် အတတ် တတ်ပါသည်။ မျောက်က ပဥ္စလက်တတ်သောအခါ၊ ဗြောင်းဆန်တော့သည်။ မျောက်မှာ ပဥ္စလက် အတတ်တော့ တတ်ပါရဲ့. . . . ကောင်းကင်ဘုံကို ရောက်ပါရဲ့။ မျောက် ဆိုတော့ ကောင်းကင်ဘုံနှင့် ထိုက်သော သန့်ရှင်းသော စိတ်မရှိ၊ နိုင်းနိုင်း ချိန်ချိန်မဖြစ်၊ ငြိမ်းငြိမ်း ချမ်းချမ်း မနေနိုင်။ ခြိုးခြိုးခြံခြံ မလုပ်။ ဝှုခုန်း အဖြစ်မှာ မြေအပြင်မှာလည်းမဟုတ်၊ သို့သော် ကောင်းကင်ဘုံနှင့် လည်း မတန်၊ မျောက်ဝှုခုန်းတွင် အကြမ်းပတမ်းစိတ်၊ ခလောက်ဆန်ချင်သော စိတ်၊ ပုန်စားလိုသော စိတ်တို့သည် သူ၏ သန့်ရှင်းသော ရှေလို ဥသောစိတ်တွင် အနည်အနှစ်၊ အညစ်အကြေးအဖြစ် ရောဈ ရှိနေသည်။ ကျွန်တော် သို့မဟုတ် လူလိုပါပဲ။

'နွားကတော့ ခိုင်းတာ လုပ်ရတယ်၊ တံပြာနဲ့ တို့ ရင် သွားရတယ်၊ နဖါးကြိုး ဆွဲရင် ရပ်ရတယ်၊ ဒါဝင်က တော်ရှာ ပါတယ်ကွယ်၊ လူဟာ မျောက် က ဆင်းသက်တယ်လို့ ပြောခဲ့ ရှာတယ်'

"ကြီးကျယ်သော ပညာအိုးကြီး၊ ကောင်းကင်ဘုံနှင့် တန်းတူသည်" ဟူသော အလံထူ၍ ကောင်းကင်ဘုံကို ပုန်စားသော၊ ပဥ္စလက်အတတ်ကို တတ်သော၊ စွမ်းသော ဝှုခုန်းသည် ဘဝင်မြင့်နေသည်။ စကြာဝဠာအဆုံးသို့ သွားနိုင်သည်ဟု ထင်နေသည်။





လျှပ်လိုအမြန်နှုန်းနှင့် စကြာဝဠာအဆုံးသို့ သွားရာ အထွတ်ငါးခုရှိသော တောင်ကြီးတစ်ခုသို့ ရောက်ခဲ့ သည်။ ဒါ စကြာဝဠာအဆုံးပါပဲ။ သူမှလွဲ၍ မည်သူမျှရောက်နိုင်မည် မဟုတ်သော နေရာဟု ထင်မြင်ရာ ထိုနေရာသို့ သူရောက်ကြောင်း အထိမ်း အမှတ်အဖြစ် အလယ်တောင်ထွတ်၏ ခြေရင်း၌ သေးပန်းခဲ့သည်။ ငါတကားဟု ကျေနပ်လျက် ပြန်ခဲ့ပြီး ဗုဒ္ဓအား သူ၏ စကြာဝဠာခရီးအကြောင်းကို တင်လျှောက်သောအခါ ဗုဒ္ဓမြတ်စွာက သူ့လက်ဝါးတစ်ဘက်ကို ဖွင့်ပြ၍ သူ၏ လက်ခလယ် လက်ချောင်းအရင်းတွင် မျောက်သေးနံ့ နံနေသည်ကို ပြရသည်။ ဝှုခုန်းလျှပ်လို မြန်သော်လည်း ဗုဒ္ဓ၏လက်ဝါးအပြင်ဘက်သို့ပင် မရောက်ပါ။ အမေကငါသားလည်း သောဝစသတာဂုဏ်ရှိအောင်လုပ်ဟု ပြောပါသည်။ အမေရာ ကျွန်တော် ခလောက်ဆန်တာ၊ ကျွန်တော် ဘဝင်မြင့်တာဟာ မျောက်နဲ့တူလို့ပါဟု ပြန်ပြောရသည်။

✦ ✦ ✦

ဒေါ်ဒေါ်ကြီးက "မင်းကတော့ မျောက်ရိုးရိုးပဲ၊ ဒါပေမဲ့ မျောက်ဖြစ်တာဟာ နွားဖြစ်တာထက်တော့ ကောင်းပါတယ်ကွယ်"ဟု လှောင်သည်။ "နွားကတော့ ခိုင်းတာလုပ်ရတယ်၊ တံပြာနဲ့တို့ရင် သွားရတယ်၊ နဖါးကြိုးဆွဲရင် ရပ်ရတယ်၊ ဒါဝင်က တော်ရှာပါတယ်ကွယ်၊ လူဟာ မျောက်က ဆင်းသက်တယ်လို့ ပြောခဲ့ရှာတယ်" ဟု ပြောသည်။

ကျွန်တော့်ကြီးဒေါ်မှာ မူလတန်းဆရာမသာဖြစ်ပါသည်။ သို့သော် တစ်ရွာလုံးကို ဆရာလုပ်သူ ဖြစ်ပါ သည်။ စာမဖတ်လှသော်လည်း စွယ်စုံကျမ်းကိုတော့ လှန်လှောသူ ဖြစ်ပါသည်။ မျောက်ကလူအဖြစ် ပြောင်းတဲ့ ပြောင်းလဲ ခြင်းဖြစ်စဉ်မှာ လက်နှစ်ဖက်အားတဲ့ကိစ္စက အရေးအကြီးဆုံးပဲ။ ဘာဘွန်းနဲ့အိုရန်အူတန် မျောက်နှစ်မျိုးမှာ ဘာဘွန်းက လေးဘက်ထောက်ရတော့ ရှေ့လက်နှစ်ဖက် သိပ်မအားတော့ဘူး၊ ဒါကြောင့်

www.burmeseclassic.com



ဟိုကိုင် ဒီကိုင်၊ ဟိုဆော့ ဒီဆော့ မလုပ်ဘူး။ ဒါကြောင့် မျောက်ကနေ မတိုးတတ်ဘူး၊

လူမဖြစ်တော့ဘူးပေါ့ကွယ်။

အိုရန်အုတန်ကတော့ ရှေ့ လက်နှစ်ဖက်အားတော့ ဟိုကိုင်ဒီကိုင် ဟိုဆော့ ဒီဆော့ လုပ်တယ်။ ဒါနဲ့ အသိဉာဏ်တွေ တိုးပြီး တရွေ့ ရွေ့ လူအဖြစ် ပြောင်းလဲ တိုးတက်လာတာ၊ ကလေးတွေ ဟိုကိုင် ဒီကိုင် ဟိုဆော့ဒီဆော့ လုပ်တာ မတားမြစ်ပါနဲ့ကွယ်၊ လုပ်ကြပါစေဟု အကြံပေးသည်။

မျောက်တွေသန်းရှာတာက စားဖို့ မဟုတ်ဘူးကွယ့်။ စားတာထက် ဆော့တာက အရေးကြီးသကွယ့် ဟု ထူးဆန်းသော အတွေး အခေါ်တစ်ခုကို ကျွန်တော့်အား ပြောသည်။

မျောက်တွေသန်းရှာတာက စားဖို့မဟုတ်ဘူးကွယ့်။ စားတာထက် ဆော့တာက အရေးကြီးသကွယ့် ဟု ထူးဆန်းသော အတွေးအခေါ်တစ်ခုကို ကျွန်တော့်အား ပြောသည်။ ကျွန်တော်ကတော့ နွားနှင့်မတူရင် ကောင်း၏ ဟူသော ဒေါ်ဒေါ်ကြီး၏အဘိဓမ္မာကို ကြိုက်နေပါသည်။ မျောက်က ဆင်းသက်သော လူကို နွားနှင့်တူအောင်လုပ်၍လည်း မရပါဟု ထင်သည်။ အဘယ်ကြောင့်ဆိုသော် နွားနှင့်တူလျှင် လူမဟုတ်နိုင်တော့ခြင်းကြောင့် ဖြစ်သည်။ “ဩဇာရှိသူ နှင့် နွားသည် ခရီးအတူသွား၏။ သို့သော် သူသည် မျောက်နှင့် ခရီး အတူမသွား” ဟူသောစကားရပ်သည် မျောက်ဖြစ်ခြင်းကို အမွှမ်းတင်သည်ဟု ယူဆ၏။ ထို့ကြောင့် သန်းရှာသော၊ နားရွက်ကို အတွင်းအပြင်လှန် ကြည့်သော





မျောက်များ ထိန်းမနိုင် သိမ်းမရ ဖြစ်သော်မှ ကျွန်တော် က သဘောကျနေသည်။

✦ ✦ ✦

ပုံတောင်ပုံညာ၊ မြိုင်ဟေမာဝယ်  
သိတာဝန်းမြောင်၊ ကိုးလုံးတောင်၌  
လျှံပြောင်တေဇာ၊ စိုးစောင့်ပါသော  
မဟာစန္ဒီ၊ မယ်ဒေဝီနှင့်  
ဟရိမ်သွာ၊ ဂဇာနာထ  
ဝါသဝနှင့်၊ ကဿပရှင်  
မယ်ရေယျဉ်တို့၊ နားဆင်ကြပါ  
ယခင်ရှေးခါ၊ ဤခေရာကား  
မဟာမျောက်မင်း၊ ဆွေတာသင်းတို့  
မှီတင်းရာပေ၊ မျောက်အခြေမှ  
လူနေလူဟန်၊ ကူးပြောင်းရန်ဟု  
ကျင့်ကြံကြိုးပမ်း၊ ဤစခန်းမှ  
တက်လှမ်းလေရာ၊ တောင်ပုံညာသည်  
နောင်ခါကာလ၊ အချိန့်ကျလျှင်  
တံဝတလီ၊ မြန်မာပြည်၏  
နာမည်သတင်း၊ မိုးသို့ချင်းအောင်  
ကြိုင်သင်းစေမည်၊ မလွဲတည်း။

ကျွန်တော်တို့ မုံရွာ အမြင့်ရွာသား အိုးဝေ ဦးညိုမြ၏ ပုံတောင်ပုံညာသွား တောလားမှ ပုံတောင်ပုံညာ၌ ကမ္ဘာဦးက မျောက်ရိုးတွေ ကြောင်း လေးလုံးစပ် ကဗျာကို ကူးချလိုက်ပါသည်။ နှယ်ခွေ၌လည်း ထိုနည်းအတူ



www.burmeseclassic.com

www.burmeseclassic.com



မျောက်ရိုး တွေ့ပါသည်။ သို့သော် ကျွန်တော် သည် သူ့လိုကဗျာ မစပ်တတ်၍ မစပ်တော့ပါ။ ပုံတောင်ပုံညာဖြစ်စေ၊ နွယ်ခွေဖြစ်စေ မှုံရွေးနှင့်တော့ မဝေးလှပါ။ ဒေါ်ဒေါ်ကြီးက အဲဒီအရိုးတွေကတော့ အရိုးတကာ့ထိပ်ပိတ် ကွယ့် ဟု ပြောပါသည်။

✦ ✦ ✦

လူ့ ပီပီသသ၏ ဂုဏ်အင်္ဂါများမှာ ရှင်မြူးသောစိတ်ရှိလျက် ကိုယ်နှင့်မဆိုင်သော်လည်း သိလိုခြင်း၊ တောင်ရောက် မြောက်ရောက် စိတ်ကူးယဉ်အိပ်မက် မက်နိုင်သော အစွမ်းအစရှိခြင်း၊ ထို စိတ်ကူးယဉ်ခြင်းများ များယွင်းလျှင် များတဲ့အခါလည်း များပေမပေါ့ဟု ရယ်သွမ်းသွေးနိုင်သော ဟာသဓာတ်ခံရှိခြင်း၊ ဖွတ်တရွတ် တဖောက်ကန်းပြုတတ်ခြင်းနှင့် ထင်ရာလုပ် တတ်ခြင်းကြောင့် ပုံသေကားချတွက်၍ မရခြင်းများ ပါဝင်သည်ဟု ကျွန်တော် နှစ်သက်သော ဒဿနဆရာများ ပြောသည်ကို မှတ်ထားပါသည်။ အနောက် တိုင်းပညာရှိများက ပြောသော လွတ်လပ်သည့် ပုဂ္ဂလိက သဘောသဘာဝ နှင့် တူမည်ထင်သည်။ မျောက်များ သန်းရှာသကဲ့သို့ လူတို့သည်လည်း လူလောကကြီးကို ယားယံစေသော သန်းများကို လိုက်၍ ရှာသည်။ ထို သိလိုစိတ်၊ ထို အယားဖျောက်လိုစိတ်သည် အစာရှာခြင်းနှင့် မဆိုင်ပါ။ လူ့သဘာဝကို လေ့ကျင့်ခန်း ဆင်းနေခြင်းသာဖြစ်သည်။ မျောက်များ သန်းရှာသည်မှာ စားဖို့မဟုတ်သကဲ့သို့၊ လူသားများ၏ သင်လို သိလိုခြင်းမှာ လူ့သဘာဝဖြစ်သော ကစားလိုစိတ်ကြောင့်သာ ဖြစ်သည်။ ထိုကစား မြူးတူး လိုစိတ်ကြောင့် လူသိပ္ပံပညာရှင်သည် အဝေးကြီးက ကြယ်များကို ကြည့်သည်။ အဏုကြည့်မှန်ပြောင်းအောက်တွင် သူ့ဖါသာ နေရှာသော ပိုးမွှားများကို ကြည့်သည်။ အားအားယားယားကောင်းကင်မှ ခုန်ချလျက် ပင်လယ် အောက်သို့ ငုပ်သည်။ တကယ်တော့ ဆော့နေကြတာပဲ ဟု ထင်သည်။ သို့သော်ထိုသို့ဆော့ခြင်းကြောင့် လူ့လောကီဘုံ အနှမ်းကြီး တိုးတက်လာသတဲ့။





ဆော့ရင်းမိုက်မှားသော အခါတွင် မျိုးချစရာ ဟာသ ကလေးလည်း ရှိသည်။

ဒေါ်ဒေါ်ကြီးပြောသည့် နွားဖြစ်ရန်ကိုတော့ ကျွန်တော် မကြိုက်နိုင်ပါ။

စားကျက်သို့ သွားရန်ဖြစ်စေ၊ သားသတ်ရုံသို့ သွားရန်ဖြစ်စေ၊ သခင့်အလိုကျ သွားနေသော၊ သဘော ကောင်းကောင်းနှင့် သခင့်အတွက် အသက်ကိုပင် စွန့်သော နွားများကို၊ လူပီပီ တစ်ကိုယ်ကောင်းဆန်သော ကျွန်တော်တို့က သဘောကျ ပါသည်။ ကိုယ်ကိုယ်တိုင် နွားဖြစ်ရန်ကိုတော့ လူပီပီ သဘောမကျပါ။ ကိုယ့် ကိုယ်ကိုယ် ရွေးချယ်ခွင့် ရလျှင်၊ မျောက်ဖြစ်ရန်ကိုပဲ သဘောကျပါသည်။ တောင် ခြေရင်းမှာ သေးပန်းသော် သေးပန်းပါစေ၊ အရက် မူးသော် မူးပါစေ၊ ကပျက် ကချော်လုပ်သော် လုပ်ပါစေ၊ ကြီးကျယ်သော ပညာအိုး ကြီး ကောင်းကင်ဘုံနှင့် တန်းတူသည်ဟု ပြောရ သလား။ ဘဝင်မြင့်တဲ့ ကောင်ဟု ပြောသော် ပြော ပါစေ၊ မျောက်သည် နွားမဟုတ်သောကြောင့်၊

ထိုကစား မြူးတူးလိုစိတ်ကြောင့် လူသိပ္ပံပညာရှင်သည် အဝေးကြီးက ကြယ်များကို ကြည့်သည်။ အနုကြည့် မှန်ပြောင်းအောက်တွင် သူ့ဖါသာ နေရှာသော ပိုးမွှားများကိုကြည့်သည်။ အားအားယားယား ကောင်းကင်မှ ခုန်ချ လျက် ပင်လယ်အောက်သို့ ငုပ်သည်။ တကယ်တော့ ဆော့နေကြတာပဲဟု ထင်သည်။ သို့သော် ထိုသို့ဆော့ခြင်း ကြောင့် လူ့လောကီဘုံအနှမ်းကြီး တိုးတက်လာသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် မျောက်က ဆင်းသက်၏ဟု ပြောခြင်းအားဖြင့် မျောက်သဘာဝကို အမွှမ်းတင်ပါသည်။ မျောက်သည် ခြောက်ပြစ်မကင်းလည်း ဒါဟာ မျောက်ဖြစ်လို့ပါပဲ။





# ယားတတ်သောသူ တစ်ယောက် အကြောင်း

ဆရာပါက အတွေးအခေါ်တွေ၊ ဘာတွေ လုပ်မနေနဲ့ဗျာ၊ အတွေ့အကြုံလေးတွေကို ရေးစမ်းပါဟု ပြောဖူးသည်။ အတွေးအခေါ် မြော်မြင်ရေး ဟရားများကို မီးဖုတ်၍ ပြာချလိုက်လျှင် ဘာကျန်မည်နည်း။ ဤလောကကြီး၌ ရယ်စရာ ရှင်စရာများနှင့် ငိုစရာ လှောင်စရာများသာ ကျန်နေပါလိမ့်မည်ဟု ထင်သည်။ ကျွန်တော် ငိုစရာကိုတော့ မရေးတတ်ပါ။ ရယ်စရာ ရွှင်စရာ ကလေး နည်းနည်း၊ လှောင်စရာလေး နည်းနည်းတော့ ရေးကြည့်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားဟာက စာဖတ်သူ အကျိုးမရှိဘူးဗျာ ဟု တချို့က ပြောပါသည်။ စာဖတ်သူ အကျိုးမရှိလှသော စာကို ခင်ဗျားက ဘာကြောင့် ရေးသတုန်းတဲ့။ ကလေးတွေ ကစားသလိုပါပဲဗျာ၊ ကျွန်တော်လည်း အခါ တစ်ပါးမှာတော့ ကလေးလေးလိုပါပဲ။ စာသင်ကျောင်းက အပြန်၊ လွှတ်လာတဲ့ ကလေးတွေ ကစားကွင်းမှာ ကစားပါတယ်၊ ကစားချင်လို့ ကစားတာပါပဲ၊ ကျန်းမာအောင် ကစားတာ မဟုတ်ပါ၊ ကိုယ်ခန္ဓာ သန့်စွမ်းအောင် ကစားတာ မဟုတ်ပါ။ ကစားရင် ကျန်းမာမယ်၊ ကိုယ်ခန္ဓာ သန့်စွမ်းမယ်ဆိုတာကတော့ ပညာရှိတွေက စဉ်းစားတာပါ။ ပညာရှိတွေက ကစားပွဲရဲ့ စည်းမျဉ်းစည်းကမ်းကိုလည်း သတ်မှတ်ကြမှာပါ။ ကလေးကတော့ ကစားချင်လို့ ကစားတာပါပဲ။ ကစားခြင်းရဲ့ အကြောင်းရင်းကို လိုက်လံရှာဖွေရင် ကစားချင်စိတ်ကိုပဲ တွေ့မှာပါပဲ။ ပညာရှိတွေ မရှိလည်း ကစားမှာပဲ ဟူ၍ ကျွန်တော်က ပြန်ဖြေပါသည်။

ခင်ဗျားက ကလေးမှ မဟုတ်တာ ဟု တချို့က ပြောပါသည်။ ကျွန်တော်က တောသားဆိုတော့ ရွှေမန်းတင်မောင်ကို ကြိုက်သည်။

လေးနှစ်သား ကျွန်တော်က ရွှေမန်းတင်မောင် ဝေ့၍ ဝေ့၍ ဝဲ၍ ဝဲ၍ ကသည်ကို လမ်းမလျှောက်တတ်သောကြောင့် ဟု ထင်သည်။ ကတယ် ဆိုတာ လမ်းမလျှောက်တတ်လို့ မဟုတ်ဘူးလား၊ တည့်တည့် မလျှောက်တတ်လို့ ဝိုင်းပြီး လှည့်ပြီး လျှောက်တာကို က တယ် ခေါ်တာပဲ မဟုတ်လား။





နွားချေးပုံပြော့ပြော့အကြောင်းကို ပြောတတ်သော ဒေါ်ဒေါ်ကြီးနှင့် ကျွန်တော်သည် မုံရွာမြို့၊ အောင်မင်္ဂလာရုံတော်ကြီးသို့ ရွှေမန်း တင်မောင် ပွဲကြည့်သွားလေ့ရှိသည်။ “ရွှေမန်းတင်မောင်က လမ်းမလျှောက်တတ်ပါဘူး ကြီးဒေါ်ရာဟု ကျွန်တော်က ပြောသောအခါ ဒေါ်ဒေါ်ကြီးက ဟက်ဟက်ပက်ပက် ရယ်ပါသည်။ ရွှေမန်းတင်မောင်က ဝဲ၍ဝဲ၍ ကသည်၊ ထို့ကြောင့် စိန်လှကြည်၊ အောင်သန်းတင်၊ မျိုးချစ်စိန်၊ နွဲ့နွဲ့ကြည် (အခြားမင်းသမီးများ အမည်ကို ကျွန်တော် မမှတ်မိတော့ပါ) ထိုမင်းသမီးများထံသို့ တည့်တည့် မတ်မတ် ဘယ်တော့မှ မရောက်ပါ။ လေးနှစ်သား ကျွန်တော်က ရွှေမန်း တင်မောင် ဝေ့၍ဝေ့၍ ဝဲ၍ ဝဲ၍ ကသည်ကို လမ်းမလျှောက်တတ်သော ကြောင့်ဟု ထင် သည်။ က, တယ်ဆိုတာ လမ်းမလျှောက်တတ်လို့ မဟုတ်ဘူးလား၊ တည့်တည့်မလျှောက်တတ်လို့ ဝိုင်းပြီး လှည့်ပြီး လျှောက်တာကို ကတယ် ခေါ်တာပဲ မဟုတ်လားဟု မေးရာ၊ တော့နှယ် အလိုက်တာဟု ဒေါ်ကြီးက ပြောပါသည်။ သို့သော် ရွှေမန်းတင်မောင် လမ်းမလျှောက်တတ်သည်မှာ အတော်လှပါသည်။ ထို့ကြောင့် အတော်ကြည့်ကောင်းပါသည်။ ကျွန်တော် စာရေးသောအခါ လိုရင်းကို မရောက်သော်လည်း (အမေကလည်း တောင်ရောက် မြောက်ရောက်ဟု ပြောပါသည်။ ဖိုးနိုင်လင်းကလည်း ရှင်းရှင်း လင်းလင်း မရှိ၍ အားတောင်အားလျော့သည် ဟု ဝေဖန်ပါသည်) နည်းနည်း ပါးပါး ဖတ်မကောင်းဘူးလားဗျာ။

“ရယ်ရွှင်ဖွယ်” ဟူသောစာအုပ်တွင် ကလေးလို ပြန်ငယ်အောင် တောင်ပူစာပေါက လိုမ့်ချပါ။ မူးသွားတဲ့အထိ ပတ်ချာလှည့်ပါ ဟူသော ကျွန်တော်ရေးသောစာကို ဖတ်၍ ဆရာကြီး ဒေါက်တာသန်းထွန်းက ပင်ပန်းလိုက်တာဗျာဟု ကောက်ချက်ချပါသည်။ ကျွန်တော်ကလည်း သင့်ဦးနှောက်ကို နိုးစမ်းပါ ဟူသော စာအုပ်ထဲမှ ကျွန်တော် သဘောကျသော စာကြောင်းအချို့ကို ပြန်ရေးခြင်းသာ ဖြစ်ပါသည်။ ဆရာ့နှယ် ဉာဏ်ကောင်း သတဲ့ဗျ ဟု ပြောရာ ကလေးစိတ်ကူးရှိတဲ့ လူအိုကြီးကို ဉာဏ်ကြီးရှင်လို့



www.burmeseclassic.com

www.burmeseclassic.com



ခေါ်တာကိုတော့ ကျွန်တော် ထောက်ခံပါတယ် ဟု ဒေါက်တာသန်းထွန်းက ပြန်၍ ပြောပါသည်။

ဘာကြောင့် ခင်ဗျား စာရေးသတုန်းဟု မေးသောသူများ ရှိပါသည်။ မုံရွာမှ ဆရာအံ့နှင့် ကျွန်တော် တယ်လီဖုန်းနှင့် အမေးအဖြေ လုပ်သည်ကို ပြန်၍ ပြောပြပါမည်။

ဆရာအံ့။ ။ ဆရာကြီး . . . ရှိပါသလား ခင်ဗျာ၊ ဆရာကြီး . . . နေကောင်းပါ ရဲ့လား။

ကိုတာ ။ ။ ဟာ . . . ဆရာ . . . ကျွန်တော် ငရဲကြီးလိမ့်မယ်၊ ကျွန်တော်မြန်မာ့ခနက ဆောင်းပါးတွေကြောင့် ပြောတာလား ခင်ဗျား။ ကျွန်တော့်မှာ တစ်သမတ်တည်း ဖြစ်တဲ့ အယူဝါဒ ရှိနေတာ မဟုတ်ပါဘူးဗျာ၊ ကျွန်တော် ဖတ်တဲ့ဟာက စဉ်းစားစရာ တစ်ခုလို ယူဆတဲ့အခါ၊ အဲဒီ စဉ်းစား စရာလေးကို အများလည်း စဉ်းစားချင်ရင်၊ စဉ်းစားလို့ ရအောင် ရေးတာပါ ဆရာ။ ကျွန်တော်က သူဖုန်းစားရဲ့ အကျီမှာ ရှိနေတဲ့ သန်းတစ်ကောင်ပေါ့ ဆရာ၊ ယားကျိကျိ ဖြစ်အောင် လုပ်တဲ့ အလေးအမွှားပေါ့၊ ယားကျိကျိဖြစ်တာ ခိမ်ရှိချင် ရှိမှာပေါ့၊ ခိမ်ရှိရင် ထားလိုက်ပေါ့

ကျွန်တော်က သူဖုန်းစားရဲ့ အကျီမှာ ရှိနေတဲ့ သန်းတစ်ကောင်ပေါ့ ဆရာ၊ ယားကျိကျိ ဖြစ်အောင် လုပ်တဲ့ အလေးအမွှားပေါ့၊ ယားကျိကျိ ဖြစ်တာ ခိမ်ရှိချင် ရှိမှာပေါ့၊ ခိမ်ရှိရင် ထားလိုက်ပေါ့ ခင်ဗျာ၊ အခံရ ခက်ရင်တော့





ခင်ဗျာ၊ အခံရ ခက်ရင်တော့ အကျီကို လှန်ပြီး သန်းကို ဖယ်ပစ်သလို ကျွန်တော်ရေးတဲ့ စာထဲက အတွေးအခေါ် ကို ဖယ်ပစ်လိုက်ပေါ့ ဆရာ၊ ဆရာ . . . မေးခွန်းတစ်ခု မေးပါရစေ၊ ကျွန်တော် စာရေးဆရာလား။

ဆရာအံ့ ။ ။ အဲဒီကိစ္စက ခက်တယ်ဗျ၊ ကျွန်တော်လည်း စာရေးဆရာလားလို့ ကိုယ့်ကိုယ်ကိုယ် မသေချာဘူး။ ကျွန်တော်တို့ဟာ ရေချိုးခန်းထဲမှာ သီချင်းအော်ဆိုတဲ့ လူတွေလိုပါပဲဗျာ၊ ဆိုချင်စိတ်ရှိလို့ဆိုတာပါပဲ။ နားထောင်သူတွေအဖို့ ကောင်းချင်မှ ကောင်းမယ်၊နှစ်မြို့ စရာ ဖြစ်ချင်မှလည်း ဖြစ်မယ်။ အဲ . . . သီချင်းညည်းတဲ့ အလေ့ကတော့၊ ကျွန်တော်တို့မှာ ရှိနေပြီဗျ။

ကစားတာရယ်၊ ကတာရယ်၊ ရေချိုးခန်းထဲမှာ သီချင်းဆိုတာရယ်၊ ကျွန်တော့်မှာ ဘာရယ် ညာရယ် မဟုတ်သော အခါများ ရှိပါသည်။ ကိုယ် ကိုယ်တိုင်က ယားကျိကျိဖြစ်၍ ကျွန်တော့်

ကာရေးချင်တယ်ဆိုတာ ပိုးဝင်တာပါပဲတဲ့။ ခန္ဓာကိုယ်ထဲမှာ ပိုးတွေ ရှိသည်။ သူများအိမ်ယာကို ပြစ်မှားတာဟာ အူထဲမှာ ရှိသော ပိုးတွေကြောင့် ဖြစ်သည်။ ရည်မှန်းချက် ကြီးတာ၊ ရန်လိုတာဟာ၊ ခေါင်းထဲမှာရှိသော ရှုပိုးတွေကြောင့်ဖြစ်သည်။ စာတစ်အုပ်ရေးတာကတော့ ပါးစပ်နဲ့ လက်မှာ ရှိသော ထပိုးတွေကြောင့်

www.burmeseclassic.com



ကိုယ်ပေါ်မှ အကျႌကို ချွတ်၍၊ ထိုအခါတစ်ပါးမှာ ထိုအကျႌကို ခင်ဗျားတို့ ခန္ဓာပေါ်သို့ တင်လိုက်သောအခါလည်း ရှိပါသည်။

ပညာရှိတစ်ယောက်ကတော့ ပိုးမွှားသီဝရီတစ်ခု ထုတ်ဖော်ခဲ့ဖူးသည်။ ထိုသီဝရီအလိုအရ၊ စာရေးချင်တယ်ဆိုတာ ပိုးဝင်တာပါပဲတဲ့။ ခန္ဓာကိုယ်ထဲမှာ ပိုးတွေရှိသည်။ သူများအိမ်ယာကို ပြစ်မှားတာဟာ အူထဲမှာရှိသော ရှပိုးတွေကြောင့် ဖြစ်သည်။ ရည်မှန်းချက်ကြီးတာ၊ ရန်လိုတာဟာ၊ ခေါင်းထဲမှာရှိသော ကြွပိုးတွေကြောင့်ဖြစ်သည်။ စာတစ်အုပ် ရေးတာကတော့ ပါးစပ်နဲ့လက်မှာ ရှိသော ထ, ပိုးတွေကြောင့် ပါးစပ်ကလည်း တဟာဟာ၊ လက်ကလည်း တလှုပ်လှုပ်၊ မနေနိုင်တာ ဖြစ်သည်။

ကျွန်တော်က ပန်းချီဆရာကြီး ဦးခင်မောင်ရင်ကို မေးကြည့်ဖူးပါသည်။ ဦးခင်မောင်ရင်သည် စစ်စစ် စစ်စစ် မြည်သော ပန်းချီဆရာအစစ်ကြီး ဖြစ်သည်။ သူက ပန်းချီဆွဲတဲ့အခါ၊ ဆွဲတဲ့စိတ် (ဝါ) ဖန်တီးချင်စိတ်ပဲ ရှိသော သဘောမျိုး ပြောပါသည်။ "ရှင်းရှင်းပြောရရင် ကျွန်တော်က ဖန်တီးချင်တာ၊ ကိုယ့်ကိုယ်ကိုယ် ဘာဖန်တီးရမှန်း မသိဘဲနဲ့ ဖန်တီးတာ၊ ဖန်တီးတိုင်း ကောင်းချင်မှလည်း ကောင်းမယ်၊ မကောင်းချင် မကောင်းဘူး၊ ကိုယ့်အတွက်တော့ ဖန်တီးမှုသာ အဓိကပဲ။ ကောင်းတာ မကောင်းတာ ကိုယ့်ပြဿနာမဟုတ်၊ လူများကြိုက်တာ မကြိုက်တာ ကိုယ့်ပြဿနာ မဟုတ်ပါ"

ကျွန်တော် ဘာကြောင့် စာရေးသလဲ။ ဘာကြောင့် စာရေးသလဲ။ တစ်ခါတစ်ရံမှာ စာရေးတာဟာ လမ်းလျှောက်တာပါ၊ တစ်နေရာရာကို သွားဖို့ပါပဲ။ တစ်ခါတစ်ရံမှာတော့ စာရေးတာဟာ က, လိုက်တာပါ။ ကစားမြူးတူးတဲ့ စိတ်ပဲ ရှိပါသည်။ ဘာရယ်မဟုတ် သီချင်း ညည်းလိုက်တာပဲ ဖြစ်သည်။ ထိုအခါ၌ ရယ်မော





ချင်စိတ်ရှိနေတတ်သည်။ လောကကြီး၏ ကမောက်ကမကို လှောင်တောင်တောင် ပြုချင်စိတ် ရှိနေတတ်သည်။ ကျွန်တော်၌ သရော်မော်ကားပြုချင်စိတ်တော့ မရှိဟု ထင်ပါသည်။

ရှာအပြင် သာလာယံဇရပ်၌ သူတောင်းစားတစ်ယောက်သည် သူ့အကျႌကို အတွင်းအပြင်လှန်ပြီး၊ သန်းရှာတတ်ပါသည်။ စာဖတ်သူများ၊ ဝေဖန်ရေးဆရာများသည်လည်း စာရေးသူကို အတွင်းအပြင် လှန်ကြည့်ကြပါသည်။ သန်းမတွေ့ တွယ်နေသော၊ ကျွန်တော်၏ သူတောင်းစားအကျႌကို ယားကျိကျိဖြစ်သော်လည်း ဝတ်မည်လား၊ မဝတ်ဘဲ ချွတ်မည်လား။

ကျွန်တော်တို့ရွာ၌ မခင်ညို၏ အမှား သုံးမှားဟူ၍၊ ကုန်းကျောင်းရပ်မှ မခင်ညိုအား ဟားကြသည့် ပြောစမှတ်တစ်ခု ရှိပါသည်။ ကုန်းကျောင်းအရပ်၌ မခင်ညိုဟူသော မျက်စိမှုန်သော မိန်းမပျိုတစ်ယောက် ရှိသည်။ သူ့မှာ မောင်တစ်ယောက် ရှိသည်။ မခင်ညိုမှာ အလွန်ရိုးသားသည်။ ခင်ညိုနော်၊ ခင်ညို . . . နင်မှားတာသုံးခါ ရှိပြီဟု တစ်နေ့သ၌ သူ့မောင်က ပြောပါသည်။ ဘာတွေတုန်းတော် . . . ဟု ခင်ညိုက မေးသောအခါ အောက်ပါအတိုင်း ဖြေပါသည်။

(၁)သံဃာစင်ပေါ် ထိုင်နေတဲ့ ဦးကျား ဘုရားမှတ်လို့ ရှိခိုးတာက တစ်ခါ

(၂)နှမ်းဖတ်ချဉ် ရေဆေးချက်တာက တစ်ခါ

(၃)မသန်းရှင် ချည်စက် မီးလောင်တာကို ကုန်းကျောင်းဘုရားရောင်ခြည်တော် လွှတ်တယ်ဆိုပြီး ထိုင်ရှိခိုးတာက တစ်ခါ

ဟူ၍ ဖြစ်ပါသည်။ စာရှုသူများ ခင်ဗျား . . . ကိုရင်တာသည် ဦးကျား သို့မဟုတ် နှမ်းဖတ်ချဉ် သို့မဟုတ် မသန်းရှင်၏ ချည်စက်



www.burmeseclassic.com

www.burmeseclassic.com



သာ ဖြစ်နိုင်ပါသည်။ ကိုရင်တာ ဟူသည်မှာ လူသာမန် ဦးကျား သံဃာစင်ပေါ်၌ ထိုင်မိခြင်းသာ ဖြစ်၍ စာရေးသော်ငြား ဘာမျှ သိလှသူ မဟုတ်ပါ။ နမ်းဖတ်ချဉ် ရေဆေး သကဲ့သို့ အရည် ပျော်သွားနိုင်ပါသည်။

သို့သော် ယားတတ်သောသူ တစ်ယောက် အကြောင်းဟူ၍ တပ်ထား သော ခေါင်းစဉ်လိုပင်၊ ကျွန်တော်သည် ယားတော့ ယားတတ်ပါသည်။ ထိုအခါ တစ်ပါး၌ တော်တော်ယားလျှင်၊ စာရေးပါသည်။ လူဆိုတာ ကိုယ် ကြိုက်ရာ ကြိုက်ကြမြဲ ဓမ္မတာပဲ ထင်ပါသည်။ ထိုကြောင့် မည်သူ ကိုမျှ မထိခိုက်ဘူးဟု ထင်လျှင် ကိုယ် နှစ်သက်သလို ကုတ်လိုက်မိပါသည်။ (ဝါ) ရေးလိုက်မိပါသည်။

ထိုအခါတစ်ပါး၌ တော်တော်ယားလျှင်၊ စာရေးပါသည်။ လူဆိုတာ ကိုယ်ကြိုက်ရာ ကြိုက်ကြမြဲ ဓမ္မတာပဲ ထင်ပါသည်။ ထိုကြောင့် မည်သူကိုမျှ မထိခိုက်ဘူးဟု ထင်လျှင် ကိုယ် နှစ်သက်သလို ကုတ်လိုက်မိပါသည်။





# ပလီစိခြောက်ချက်

"ဟို တောင်ဆီရယ်က ညိုတိုတိုရယ်" ဖြစ်လာသောအခါ ကျွန်တော်က အေးမြင့်ကြည်ကို လွမ်းလေသည်။ အေးမြင့်ကြည်မှာ ကျွန်တော့် ချစ်ဇနီး ဖြစ်ပါသည်။ ထိုဇနီးသည် သူ၏ သားသုံးယောက်ကို ခေါ်၍ မန္တလေး သို့ သွားသဖြင့် အိမ်မှာ မရှိပါ။ အေးမြင့်ကြည် မန္တလေး သို့ သွားခြင်းမှာ သူ့အဘိုးကြီး အဘွားကြီး တစ်နှစ် ပတ်လုံး အိမ်တွင်းအောင်းနေရ၍ သင်္ကြန်တွင်း၌ အထက်အညာသို့ ခြေညောင်းလက်ဆန့် ခရီးထွင် ဆေးပေးမီးယူလိုက်ခြင်း ဖြစ်လေသည်။ အေးမြင့်ကြည်

www.burmeseclassic.com

www.burmeseclassic.com



က သူယောက်ျား ကျွန်တော့်အား အဖော်ခေါ်ချင်ပါသေးသည်။ "ငါ စာရေးပါဦးမကွာ"ဟု ပြော၍ ကျွန်တော် နေရစ်ပါသည်။ သကြံန်အတွင်း၌ ထိုစာရေးမည့် အကြံကြောင့် ကျွန်တော် အိမ်တွင်းအောင်းပါသည်။

ကျွန်တော်သည် "အတိုင်းမျှားသော အာကာသ" ဟူသော သိပ္ပံ စာ တစ်ပုဒ်ကို ရေးပါသည်။ ဒိုင်မင်းရှင်းဟူသော အင်္ဂလိပ်ဝေါဟာရကို အတိုင်း ဟူ၍ အများရေးသလို ရေးကြည့်ပါသည်။ ပါဠိလို ပရိမာဏ ဟူ၍လည်း ခေါ်ဝေါ်ကြောင်း ပါဠိအဘိဓာန်ကို လှန်ကြည့်၍ သိပါသည်။ အတိုင်းဟု ခေါ်လိုက် ဒိုင်မင်းရှင်းဟု ရေးလိုက် ပရိမာဏဟု လူနားမလည်အောင် လုပ်လိုက်၊ ကြိုးစားနေရာ ဆရာပါက အာကာသတွေ၊ အတိုင်းတွေ၊ ပလီစိ ချောက်ချက်တွေ လုပ်မနေနှင့်ဟု ပြောသည်။ အာကာသဟူသည် စပေ့စ် ဟူသော စကားကို မြန်မာမှုပြုထားခြင်းဖြစ်ရာ ဟင်းလင်းပြင်ဟုလည်း တချို့က ကျိုင်း လုပ်ကြပါသည်၊ အာကာသ (ဝါ) ဟင်းလင်းပြင် ကိစ္စတွေမှာ၊ ထမင်းစားဖို့ ပင်ပန်းစွာ ရှာဖွေနေရသော လုပ်သားပြည်သူတို့နှင့် ဘာဆိုင်သနည်း။ စာရေးသူသည် မြေကြီးနှင့် နီးစပ်အောင် ကြိုးစားရမည်ဟု

မြေကြီးသည် ပျင်းစရာကောင်းပါသည်။ အာကာသကတော့ ပျင်းစရာ မကောင်းပါ။ ညတစ်ည၊ မိုးကောင်းကင်ကို ကြည့်တဲ့အခါ ကြယ်ကလေးတွေကို မြင်ရတယ်။ ကြည့်ရင်း ကြည့်ရင်း ကြယ်ကလေးတွေ တိုးလာလိုက်တာ၊ အဲဒါမျိုးကို အလှလို့ ခေါ်သလား . . .





သမားစဉ် ဆိုရိုးရှိရာ၊ အကိုင်း မျှားသော အာကာသ ဟူသော အကြောင်းအရာသည် မြေကြီးနှင့် ဝေးကွာသော အကြောင်းအရာ ဖြစ်သည်။ သို့သော် ပထဝီမြေကြီးသည် ပျင်းစရာကောင်းပါသည်။ အာကာသကတော့ ပျင်းစရာ မကောင်းပါ။ ညတစ်ည၊ မိုးကောင်းကင်ကို ကြည့်တဲ့အခါ ကြယ်ကလေးတွေကို မြင်ရတယ်။ ကြည့်ရင်း ကြည့်ရင်း ကြယ်ကလေးတွေ တိုးလာလိုက်တာ၊ အဲဒါမျိုးကို အလှလို့ ခေါ်သလား . . . အဲသဟာမျိုး တွေးကြည့်ဖူးပါသည်။ အချစ်ဟူသည် အသစ်အသစ်တို့ ဖြစ်လေသည်တကား ဟူ၍ အသစ်အသစ် ဖြစ်နေမှ အချစ်အချစ်လို့ ခေါ်နိုင်သယောင် ရေးထားသော စကားကို ဆန့်တန်း၍ ယူမိပါသည်။ အလှဆိုတဲ့ ဓာတ်ဟာလည်း ပွားများသော ဂုဏ်သတ္တိရှိသင့်တယ် မဟုတ်လား။ သို့သော် ဒါတွေဟာ ပလီစိ ချောက်ချက်တွေပါပဲ။

ထမင်းစားဖို့နှင့် မဆိုင်သော ကိစ္စများသည် ပလီစိချောက်ချက်တွေ မဟုတ်လား။

ဆရာတချို့က ထိုသို့ အယူတော် ရှိကြပါသည်။

---

တစ်ခါက ပြင်သစ်ပြည် ပါရီမြို့သို့ သူငယ်ချင်းများနှင့် ကပ်လိုက်ခွင့်ရရာ သူတို့က အီဖယ်မျှော်စင်သွားသောအခါ၊ ခင်ဗျားတို့ အီဖယ်ချင် ဖယ်၊ မဖယ်ချင်နေ၊ ကျုပ်ကတော့ ပန်းချီကား သွားကြည့်မယ်ဟု ပန်းချီကားများရှိရာ ပြတိုက်သို့ ခွဲထွက်မိပါသည်။ ခွဲထွက်သောသူကို အများက ကြိုက်လှေ့ မရှိပါ။ ထိုကြောင့် ထိုမြို့ လမ်းတစ်လမ်းပေါ်က ဆိုင်းဘုတ်ကြီးတစ်ခုတွင် ပေါင်မုန့်ပုံ ပန်းချီကား ဆွဲခြင်းအားဖြင့် ဆာလောင်ခြင်းကို မပြေပျောက်စေနိုင်ဟူသော စာတန်းကို တွေ့ရသောအခါ သူငယ်ချင်းများက ကျွန်တော့်ကို မေးငေါ့သည်။

အေးမြင့်ကြည်ကို လွမ်းရင်း၊ သကြံန်တွင်း အိမ်တွင်းအောင်း ကြာသောအခါ ပျင်းပျင်းရှိ၍ ဆရာပါ၊ ရာပြည့်ကိုစိုးညွှန့်၊ ကိုယုတို့အား အိမ်ကို



www.burmeseclassic.com

www.burmeseclassic.com



ဖိတ်၍ ရေ့က မြက်ခင်းတွင် ရေနွေးကြမ်း သောက်ပါသည်။ "ဒီစိန်ပန်းပင်ဟာ ဆောင်းတွင်းတစ်ခုလုံး အရိုးပြိုင်းပြိုင်း၊ အရွက်တစ်ရွက်တောင် မရှိဘူး၊ အခု အရွက်စိမ်းတွေ ထွက်လာလိုက်တာ၊ တခြားအပင်တွေ အရွက်ကြွေမှ၊ အပွင့်အနီတွေ ပွင့်ဦးမယ်" "မိုးစက်တွေ ချွေရက်တာမို့၊ ကြွေသက်ကာ၊ မြေကို လွှမ်းတဲ့ပြင်" ဟု သူငယ်ချင်းတစ်ယောက်၏ ကဗျာကို အနားက စိန်ပန်းပင်ကို ကြည့်၍ ကျွန်တော်က ထိုသို့ ရွတ်ပါသည်။ မိုးစက်တွေက ချွေရက်လိုက်တာဗျာ၊ အနီတွေ မြေကို လွှမ်းကုန်ပါပြီ။ သို့သော် ပင်ပျိုတွေပေါ်မှာ အပွင့်အနီတွေ . . .

---

ဆရာဝန်ဘဝကို ဖယ်၍၊ စာရေးဆရာဘဝသို့ ကူးပြောင်းသောအခါ ကျွန်တော့်အား အလည်လာသော အာဂန္တုတ္တသာ သဘောထားကြသည်။ အလကားပါပဲဟု အထင်မကြီးပါ။ သို့သော် ယခု အထင်ကြီးသင့်ပါသည်ဟု အဆိုတင်သွင်းနေခြင်း မဟုတ်ပါ။ ကျွန်တော်ကလည်း ပလီစီချောက်ချက်များကိုသာ ရေးပါသည်။ သူများတွေ တောင်တွေးရင်၊ ကိုယ်က မြောက်ကို တွေးမည်။ အကြောင်းအရာတစ်ခုကို ဦးတည်ရေးရမည်ဆိုလျှင် များများ မရေးနိုင်သဖြင့်၊ တောင်ရေး မြောက်ရေး ရေးသည်။

ကြည်လင်ရုပ်သွင်၊ သခင်မွန်ကို
ကျွန်ရှိခိုးဆဲ၊ သင် . . . မိစ္ဆာလား
သမာလား . . .၊ မေးအားရက်လှသည်။

ကြည်လင်လှတဲ့ ရူပကာယရှိတဲ့၊ သိန့်မြင်စပ်တဲ့ သခင်မြတ်ကို ကျွန်မ ရှိခိုး ရှိကျိုးပါတယ်။ အဲဒီတုန်းမှာကို ကျွန်မဟာ မိစ္ဆာလား၊ သမာလား၊ မေးရက်လိုက်ကြတာ။ ငယ်ငယ်က ဖတ်လို့ အလွတ်ရတဲ့ ကဗျာတစ်ပုဒ်ရဲ့ အဓိပ္ပာယ်ကို ကျွန်တော် လျှောက်တွေးမိပါသည်။

ကဖေးဆိုင် ကက်သလစ်များ (Cafeteria catholics)ဆိုသော





စကားလုံးတစ်ခုကို ဖတ်မိ၍ ဖြစ်ပါသည်။ ကဖေးဆိုင်ထဲ ဝင်တော့ အဲဒီထဲက ရှိနေတာတွေထဲက ကိုယ်ကြိုက်ရာ၊ ကိုယ်နှစ်သက်ရာကို လွတ်လွတ်လပ်လပ် ရွေးသလို အချို့ ကက်သလစ်တွေ၊ မတွန့်ဘဲ မနှောင့်ဘဲ ရွေးတဲ့ ခေတ်ကြီးပါပဲ။ အချို့ကက်သလစ်၊ အချို့ဟင်ဒူ . . . မတွန့်ဘဲ၊ မနှောင့်ဘဲ ရွေးတဲ့ခေတ်ကြီးပါပဲ ဟု ယခု မျက်မှောက် ပို့စ်မော်ဒန်ခေတ်ကြီးကို အဓိပ္ပာယ်ဖွင့်ကြသည်။ သူတို့က "စိုးစဉ်း ချွတ်ယွင်း၊ ခေတ်နှင့်မလျှင်းက၊ ချွင်းချက်ဖြင့် ပူဇော်၏" လုပ်ကြတာပါပဲ။ ကျွန်တော်တို့လည်း တစ်ခါတလေ ထိုသို့ လုပ်ကြည့်သည်။ လုပ်ကြည့်သည် မဟုတ်ပါဘူးလေ၊ လုပ်မိသည် လုပ်သည်၊ လုပ်ပါသည်။

ထို့ကြောင့် သကြာန်တွင်းဝယ် ဒိဋ္ဌိကို သတ်ချင်သတ်ပါ၊ တဏှာကိုတော့ ချမ်းသာပေးပါ ဟူသော ညိုမြ၏ ဆောင်းပါးကို အိုးဝေထဲတွင် ဖတ်မိပါသည်။ ဆရာပါ အား မိုးကြိုး ဦးအုံးခင် ရေးသော ဒိဋ္ဌိသတ်၊ တဏှာသတ် စာအုပ်ကို ညိုမြ ဝေဖန်တဲ့ စာဟာ မကောင်းဘူးလား ဆရာကြီးဟု ကျွန်တော်က မေးကြည့်ပါသည်။ ညိုမြက ရေးထားတယ်။ "ထောင့်ငါးရာကွယ် . . .

"စိုးစဉ်း ချွတ်ယွင်း၊ ခေတ်နှင့်မလျှင်းက၊ ချွင်းချက်ဖြင့် ပူဇော်၏" လုပ်ကြတာပါပဲ။ ကျွန်တော်တို့လည်း တစ်ခါတလေ ထိုသို့ လုပ်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်ကိုလေသာ မကောင်းတယ်”သီချင်းက ဆိုလို့ ကောင်းပါတယ် မဟုတ်လား။ တဏှာကိုတော့ ချမ်းသာပေးပါဗျာတဲ့။

တကယ်တော့ သကြ်န်ရက်တွင်း အတော်ပျင်းသဖြင့် မဟုတ်တာ တွေ တွေးမိခြင်း ဖြစ်နိုင်သည်။ မဟုတ်တာတွေ မဟုတ်ပါဘူးလေ။ လောက တံထွာလူတို့ မမွတာပဲ၊ “ကျွန်တော်လည်း မိရိုးဖလာ၊ ဗုဒ္ဓဘာသာဝင်၊ အညာသား တစ်ဦးပါပဲဗျာ၊ ဒါပေမဲ့ လက်ရှိအခြေအနေအရ၊ တဏှာကို မစွန့်ပယ်နိုင်သေးပါ။ သားမယား သံယောဇဉ်၊ ရပ်ရွာ ဝတ္တရားဆိုတာတွေက ရှိပါသေးတယ်” ညိုမြတို့ ရေးတာနဲ့ လျှောက်လဲရမှာပဲ။

> လက်ရှိ အခြေအနေအရ၊ တဏှာကို မစွန့်ပယ်နိုင်သေးပါ။ သားမယား သံယောဇဉ်၊ ရပ်ရွာ ဝတ္တရားဆိုတာတွေက ရှိပါသေးတယ်။

ညိုမြက ကျွန်တော်တို့ ရွာနားကပါ၊ တက်ထွင်ကတော့ စပ်ရင်မိန်းမဘက်က အမျိုးနည်းနည်းတော်ပါတယ်။ သို့သော် ထိုအမျိုးစပ်နည်းကို လူဆိုတာ ဖြဟွာကြီး ၄ယောက်က မွေးတာပဲ၊ အကုန်အမျိုးကြီးပါပဲလို့၊ ကျွန်တော် ဦးကြီးကတော့ သရော်ပါတယ်။

မုံရွေး အနား မုံရွာက လူတွေဟာ အသက်ကြီးရင် စာရေးကြပါတယ်။ ကျွန်တော်တို့ စတိတ်ဝမ်းကျောင်းအုပ်ကြီး ဦးသန်းစိန်က မုံရွာ မောင်စပ်ဆိုပြီး စာရေးဖို့ ကြိုးစားတယ်။ စတိတ်တူးကျောင်းအုပ်ကြီး ဦးမောင်မောင်စိုးတင့်က ကင်းဝန်မင်းကြီး၏ မြစ်မြန်မာသံအမတ်ကြီးဆိုပြီး သူဟာ ခေသူမဟုတ်တဲ့





အကြောင်း စာရေးတယ်။ ကျောင်းအုပ်ကြီးဟောင်း ဦးသန်းဖေကတော့ ကဗျာစပ်သဗျ။ ကျွန်တော့်ဆရာ အောင်သာဇံကလည်း “တက္ကသိုလ်ကျောင်းပျော်စရာကောင်း”လို့ ချယ်ရီထဲမှာ ရေး၊ ပီကျော်ဟန်ကြီးလည်း ရှေးဖြစ်ဟောင်းတွေ ရေး . . . ၊

“မုံရွာသား၊ ချင်းတွင်းသား၊ ငါ . . . တကား၊ စာရေးမဗျား” မုံရွာသားဆိုရင် စာရေးတယ်လို့ ပြောစရာ ဖြစ်နေပါတယ်။ ဘာကြောင့် စာရေးတာကို ဝါသနာ ပါကြသလဲ စဉ်းစားကြည့်မိတော့၊ ကျွန်တော့်လို ယားလို့တော့ မဟုတ်ဘူးထင်တာပါပဲ။ (အောင့်မှ ရေးရမှာလားဗျာ၊ ယားလို့ရေးရင်ကောမရဘူးလား)

“ဩော် . . . မြောင်းအကူးတွင်မှ . . . ထနောင်းတွေလည်း
ဖူးကြပေါ့နော၊ တန်ခူးအတာသဘင်မှာ . . . ချောင်းဦးရာဇဝင်
ကမ္ဘဌာန်းရယ်နှင့်”

“ဩော် ခွင့်အလျှောက်သာပ၊ အမြင့်ရောက်ပြန်တော့နော
ပင့်လျှောက်သူ – သာမာဝတီရဲ့ပြင်
အာဇာနည် ရဲဘော် ဒကာမတွေနှင့်၊ ပွဲတော်ကြွမည်
ပေါင်းဝ,က ကူးပြီး၊
တပေါင်း, လမကူးမီ . . . ပြန်မကွာလို့၊ သမန္တဇာ ရှင် ပင်ဖူးကြသမို့”

ဂန္ဓာရီအထုံ ကြံ့ရာမြန်းလေရော့မကွယ့်လို့
သလ္လာဝတီ အလုံ မုံရွာစခန်းဆီက
မြန်အညာပြည် . . . ပုံရတနာမန်းဆီသို့

ချင်းတွင်း – ကျေးအညာတနိုက
ကလေးရာဇကြိုဟ်ကိုတောင် တွေးကာ
အလိုလို လွမ်းမိတဲ့ပြင် . . .



www.burmeseclassic.com

www.burmeseclassic.com



ဩော် . . . ထနောင်း မပွူးတပွူးမှာပေါ့၊ ချောင်းဦးဆရာ
ရောက်ပြန်တော့၊ သဒ္ဓါပေါက်သူတို့က
ပြောင်းဖူးခြောက်တွေ၊ လှော်ကာ ကပ်ပြန်သနဲ့
တော်ရာဇရပ်မှာ၊ တဝါဆိုလို့မို့
အညာတခို အထက်ကျေးဆီက . . .

အဲဒါက သခင်ကိုယ်တော်မှိုင်းကြီးရဲ့ လေးချိုးတွေထဲကပါပဲ။ ထနောင်းဖူးကလေးတွေ သတိရတာပါပဲ။ ထနောင်းရွက်သုပ်လေး လွမ်းတာပါပဲ။ အမြင့် ပေါင်း၀၊ သမန္တဇာတို့ ကလေးရာဇဂြိုဟ်တို့နဲ့ ပြောင်းဖူးခြောက်လှော်ကလေးတွေ အောက်မေ့တာနဲ့၊ ဟိုလူကြီးတွေ စာရေးကြတာနေမှာ ပဲလို့ ထင်ပါတယ်။

ညိုမြက မင်္ဂလသုတ်အကြောင်းကို အင်္ဂလိပ်လို ဟောခဲ့တာ ရှိတယ်။ ဟို ဒုတိယကမ္ဘာစစ်တုန်းက ရေးတာပါ။ အဲဒီတုန်းက ခေတ်ကာလကြီးကို ယေးတက္ကသိုလ်က ပရော်ဖက်ဆာ နော့သ်ရောပ်က အရှေ့နဲ့ အနောက် ဆုံကြရမယ့် ခေက်ကြီးလို့ ရေးတယ်တဲ့။

> The major event of our time, as Professor Northrop of Yale University puts it, is the meeting of East and West. Today, amidst conflict, in our unstable world, it is important for us to maintain our simple virtues and mental stability. For this reason, the Mingala Sutta shines brighter than ever as Myanmar's ideological contribution to the reconstruction of whole world.

> ယခုခေတ်ကြီးကတော့ အရှေ့နဲ့အနောက် ဆုံကြရမယ့် ခေတ်ကြီးပဲ။ မတည်မငြိမ် ပဋိပက္ခများတဲ့ ကမ္ဘာကြီးမှာ ကျုပ်တို့ဟာ ကျုပ်တို့ရဲ့ ရိုးသားမှုတွေ၊ စိတ်တည်တည်ငြိမ်ငြိမ်ထားနိုင်မှုတွေကို ထိန်းဖို့ကောင်းပါသဗျာ၊ ဒါကြောင့်မို့လည်း





> မင်္ဂလသုတ်ဟာ ကမ္ဘာအတွက် မြန်မာ့ရဲ့ ဒဿနလက်ဆောင် ဖြစ်တော့တာပါပဲ။

မင်္ဂလသုတ်တို့၊ မေတ္တာသုတ်၊ မမ္ဗစကြာတို့ဆိုတာ၊ ငယ်ငယ်က ဘုန်းကြီးကျောင်းမှာ ကိုရင်တော့ လုပ်ဖူးကြတာနဲ့၊ အလိုလို သိလို့၊ ရေးတာပဲ နေမှာပါ။ ဒီဋ္ဌကိုတော့ သတ်ပါ့မယ်၊ တဏှာကိုတော့ ချမ်းသာပေးပါဆိုတဲ့ ညိုမြဟာ ခေသူ မဟုတ်ပါ။ ကမ္ဘာ့အတွက် မြန်မာရဲ့ ဒဿနလက်ဆောင် ဆိုပြီး ကမ္ဘာကြီးကို လက်ဆောင်ပေးဖို့ ကြံသူပါ။ မင်္ဂလသုတ် ဥပုသ်ဇရပ်မှာ လက်ဖက်ဝေသလို ဝေချင်ပုံရပါတယ်။

"စာရေးတယ်ဆိုတာ ဘူဇွာတွေက ရေးတာပါပဲ၊ ဘူဇွာတွေကပဲ ဖတ်တာပါပဲ" ဆတ်ဆိုတဲ့သူက အဲလို ပြောဖူးသဗျာ။ ဘူဇွာဆိုတာ ဘာတုန်းလို့ အဓိပ္ပာယတ္တကို သေသေချာချာ သိချင်တာနဲ့ စိတီအိုနဲ့ ဇော်ဇော်အောင်ကို မေးကြည့်ပါတယ်။ သူတို့လည်း မုံရွာသားတွေပါပဲ။ သူတို့ ပြောစကားအရ ကျွန်တော် နားလည် တာကတော့၊ ပြေတ်မသား၊ တွဲလွဲဆွဲ၊ တစ်ခုခုမှာ သေချာပေါက် ရပ်တည်၊ ပညာ နည်းနည်း တတ် . . . မကောင်းတဲ့ အဓိပ္ပာယ်ပေါက် သယောင် ပြောပါတယ်။ ဒါဆိုရင် မုံရွာသားတွေဟာ၊ စာ

> ထနောင်းဖူးကလေးတွေ သတိရတာပါပဲ။ ထနောင်းရွက်သုပ်လေး လွမ်းတာပါပဲ။ အမြင့် ပေါင်း၀၊ သမန္တဇာတို့ ကလေးရာဇဂြိုဟ်တို့နဲ့ ပြောင်းဖူးခြောက် လှော်ကလးတွေ အောက်မေ့တာနဲ့၊ ဟိုလူကြီးတွေ စာရေးကြတာနေမှာ



www.burmeseclassic.com

www.burmeseclassic.com





ရေးတဲ့အတွက်၊ ဘူဇွာတွေဖြစ်သွားလို့၊ ကောင်းမှာ မဟုတ်ပါ။ ကိုယ့်မှဲ့ရှာသား တွေမို့ ကိုယ် ပြောရဲတာပါ။ ဟဲ . . . ဟဲ။

(အမှန်တကယ်တော့ ဘူဇွာလို့ ပြောတာဟာ ကျွန်တော့်အနေနဲ့ ဂုဏ်ပြုတာဖြစ်ပါတယ်။ သူများ ပြောတာကို မျက်စိမှိတ် လက်ခံတဲ့သူများ မဟုတ်၊ စဉ်းစဉ်းစားစားပြုတဲ့သူ အဆင်အခြင်ကို အားကိုးတဲ့သူ၊ လွတ်လပ် ချင်တဲ့သူလို့ ဆိုလိုချင်တာပါ။ သူတို့ဟာ သူတို့ကြုံ သမျှ၊ သူတို့တတ်သမျှကို လက်ဖက် ဝေသလို ဝေချင်တာနဲ့ စာရေးကြတာပါပဲ။ လက်ဖက် ဝေတဲ့ ဘူဇွာများပေါ့ခင်ဗျာ။)

> "စာရေးတယ်ဆိုတာ ဘူဇွာတွေက ရေးတာ ပါပဲ၊ ဘူဇွာတွေကပဲ ဖတ်တာပါပဲ"

မြန်မာအဘိဓာန် လှန်ကြည့်တော့ ပလီစိ ချောက်ချက်ကို၊ ညာဖြန်း၍ ပြောဆိုခြင်းလို့ အဓိပ္ပာယ် ကောက်ရမယ်လို့ ရေးထားတယ်။ ညာဖြန်းပြီး ရေးတာတော့ မဟုတ်ပါဘူး။ သို့သော်ပလီပလာဆိုရင် အဲဒီစကားလုံးက၊ ပိုကောင်းနိုင်တယ်။ ပလီပလာက တော့ ပလီတီတီပြောခြင်း၊ တီတီတာတာ ပြောခြင်းလို့ အဓိပ္ပာယ်ရှိတယ်တဲ့။ ဒါကြောင့် ပလီပလာလို့ ခေါင်းစဉ်ကို ပြောင်းပြီးယူကြပါတော့။



# အသိအားကိုး

မုံရွာက ကျွန်တော့်ဆရာ ကျောင်းဆရာကြီးတွေကို ဘူဇွာတွေလို့ နောက်ပြောင် ကျီစယ်ခဲ့ပါတယ်။ "ဘူဇွာတွေသာ စာရေးတာပဲ၊ ဖတ်တဲ့သူလည်း ဘူဇွာပဲ" လို့ ဆရာကြီးတစ်ယောက်ဖြစ်တဲ့ ယန်းပေါ်ဆတ်ရဲ့ ပြောစကားကို ယူပြီး ပြောတာပါ။ မုံရွာက ကျွန်တော့် ဆရာကြီးများလည်း စာဖတ်ကြ၊ စာရေးကြလို့ပေါ့။ သို့သော် ဘူဇွာလို့ ပြောတာထက်၊ အသိ အားကိုးသူများ လို့ ပြောမှ ပိုမှန်မယ်လို့ စကားလုံးတစ်လုံး တွေ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် စာရေး စာဖတ်သော ဆရာကြီးများကို အသိအားကိုးများလို့ ပြောင်းလဲ ခေါ်ဝေါ်မည်ဖြစ်ကြောင်း အဆိုတင်သွင်းအပ်ပါတယ် ခင်ဗျား။ (ဘူဇွာရဲ့ အဓိပ္ပာယ်ကို အဘိဓာန် ပြန်ကြည့်ပါတယ်၊ (a) လူလတ်တန်းစား၊ နိုင်ငံရေးအားဖြင့် ရှေးရိုးစဉ်လာကို ထိန်းလိုသူ၊ လူမှုရေးအားဖြင့် ကိုယ့်အကျိုးကို ကြည့်သူ၊ (b) အရင်းရှင်၊ ရုပ်ဝတ္ထုဆန်သော ရှေးထုံးမပယ်လိုသော သဘောထားများ ရှိသူ၊ (c) မာက်စ် အယူဝါဒ အသုံးအနှုန်း၌၊ အလုပ်သမား လူတန်းစားကို ချယ်လှယ်သော အရင်းရှင် စသည်ဖြင့် အဓိပ္ပာယ် ဖွင့်ထားပါတယ်။)

အသိအားကိုးများ (ဝါ) ဉာဏ်အားကိုးများ (Cognitariat) ဆိုတဲ့ အသုံးအနှုန်းကတော့ ဆရာကြီးတွေနဲ့ သင့်တယ်ထင်တာပါပဲ။ ကျောင်း ဆရာကြီးများဟာ ကျောမွဲများ (ဝါ) ကြွက်သားခွန်အားမှ တပါး ဘာမျှ မရှိသူများတော့ (Proletariat) မဟုတ်ပါ။ ကြွက်သား အသုံးချသူများ မဟုတ်၊ အသိအားကို အသုံးချသူများ ဖြစ်တဲ့ အလျောက်၊ ဟိုခေတ်လူတွေက သူတို့ကို ကာယ လုပ်သား ကျောမွဲများထဲတော့ မထည့်သင့်မှန်း သိကြပါတယ်။ အသိ အားကိုးများဆိုတဲ့ အသုံးအနှုန်းကို ဆရာကြီး တော်ဖလာရဲ့ စာအုပ်တစ်အုပ်မှာ တွေ့

သူက ခေတ်မီတဲ့ ဆက်သွယ်ရေး စနစ်နဲ့ ဝင်ဆန့်တယ်၊ စာအုပ်တွေ၊ တိပ်ခွေတွေ၊ ကွန်ပျူတာတွေနဲ့ ထိတွေ့တယ်။ ပရိုလက်တေးရီယက်တွေနဲ့ တခြားစီပါ။ 'မိုက်မဲခြင်း ပြဿနာ'ကို နည်းအောင် သေးငယ်အောင် ပြုလုပ်တဲ့ လူတွေသာ ဖြစ်တယ်။





တာပါ။ လူမွဲများ (Proletariat) ဟာ "ဒုတိယလှိုင်း"က ပေးတဲ့ စကားလုံးပါ။ အသိအားကိုးများ (Cognitariat) ဆိုတဲ့ စကားလုံးကို "တတိယလှိုင်း"မှာ ပေးကြည့်ရမလား။ သိခြင်းအပေါ် အခြေခံထားသော လူစု၊ ကြွက်သားထက် ဉာဏ်ကို အသုံးပြုသော လူစုပေါ်မှာလို့ တော်ဖလာက ပြောပါတယ်။

"ဒီလူစုဟာ ဦးနှောက်ထဲမှာ သတင်းအချက်အလက်တွေကို သိမ်းထားတဲ့ သူတွေဆိုတော့ အင်မတန် အရေးကြီးတဲ့ လူစု၊ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ ကိုယ်နှိုက်က ကောင်းစွာ ပညာတတ်သူများ၊ လောကအကြောင်း ကျွမ်းကျင်တတ်သိ လိမ္မာသော သူများလို့ အဓိပ္ပာယ်ရတယ်။ သူက ခေတ်မီတဲ့ ဆက်သွယ်ရေးစနစ်နဲ့ ဝင်ဆန့်တယ်၊ စာအုပ်တွေ၊ တိပ်ခွေတွေ၊ ကွန်ပျူတာတွေနဲ့ ထိတွေ့တယ်။ ပရိုလက်တေးရီယက်တွေနဲ့ တခြားစီပါ။ 'မိုက်မဲခြင်း ပြဿနာ' ကို နည်းအောင် သေးငယ်အောင် ပြုလုပ်တဲ့ လူတွေသာ ဖြစ်တယ်။"

တော်ဖလာ ပြောတဲ့ အသိအားကိုးများဟာ သတင်း အချက်အလက်နဲ့ လုပ်ကိုင်နေတဲ့ သူတွေအားလုံးကို ဆိုလိုတာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော့်ဆရာကြီးများ ဖြစ်ကြတဲ့ အောင်သာဖေ၊ ဦးသန်းစိန်၊ ဦးသန်းဖေ၊ ဦးမောင်မောင်စိုးတင့် စသူတွေကို အသိအားကိုး၊ ဉာဏ်အားကိုးများလို့ ပြောင်းလဲခေါ်ဝေါ်တာ သင့်လျော်ပါတယ်။ အသိတို့ ဉာဏ်တို့ဆိုတာ ပွားများတဲ့ သဘောလည်း ရှိပါတယ်။ (ထိုဆရာကြီးများ ပွားများလိုက်တာ၊ ယခု တောင်ရေး မြောက်ရေး၊ ရေးနေကြတဲ့ တင်မောင်သန်း၊ မောင်သစ်ဆင်း၊ ကျော်ဝင်း၊ ကိုလေးမြတ်၊ မောင်ရဲခိုင် စတဲ့ စာရေးဆရာတွေနဲ့တကွ၊ ဆရာဝန်တွေ၊ အင်ဂျင်နီယာတွေ၊ ပါမောက္ခတွေ အများကြီး ထွက်ပါတယ်။)

"ကော့ဂနီတေးရီယက်"ကို အသိသမားများ၊ ပညာသမားများလို့ ခေါ်ရင် ပိုကောင်းမလားတော့ မသိပါ။ အလုပ်သမားလို့ ခေါ်သလို အသိသမား၊ ပညာသမား လို့ ခေါ်ကြမလား။ ကာယအလုပ်သမား၊ ဉာဏအလုပ်သမားကတော့၊ "အလုပ်သမား"ဆိုတာကို အမွှမ်းတင်တာပေါ့နော်။ (ဘာလို

www.burmeseclassic.com



ခေါ်ခေါ် မထူးပါဘူးကွာ၊ မင်းဟာက ပလီစီချောက်ချက်တွေ လုပ်မနေစမ်း ပါနဲ့လို့၊ ကျွန်တော့်ကို ငေါက်ရင်လည်း ငေါက်နိုင်ပါတယ်။ ဟိုတုန်းက ဘူဇွာ၊ ပရိုလက်တေးရီယက် ခုတော့ ကော့ဂနီတေးရီယက်) ခေတ်တွေ ပြောင်းလဲ လာတဲ့အခါ၊ ယခု ခေတ်ကြီးဟာ ကော့ဂနီတေးရီယက် ခေတ်ပေါ့။

စကားလုံးတွေ (ဉာဏ်ရည် ဉာဏ်သွေးဆိုင်ရာမှာ အသုံးပြုတဲ့ လက်နက်တွေ)ဟာ ခေတ်အလိုက် ပြောင်းလဲ သုံးစွဲကြတာပါပဲ။ ခေတ် ဆိုလို့ ခေတ်ကြီးငါးခေတ်လို့ အပိုင်းအခြားနဲ့ မသုံးချင်လို့တဲ့ လှိုင်းဆိုတဲ့ စကားလုံးကို သုံးကြပြန်ပါတယ်။ စသုံးတဲ့ သူကတော့ ဆရာကြီးတော်ဖလာလို့ ထင်ပါတယ်။ သူက လှိုင်းပုံစံကို သုံးရတဲ့အကြောင်း ရှင်းပြပါတယ်။ ဘယ်ပုံစံကို သုံးသည်ဖြစ်စေ၊ ခေတ်ကြီးတစ်ခေတ်ကို အလုံးစုံ ခြုံငုံဖို့ မလွယ်လှပါလို့ လည်း ရိုရိုကျိုးကျိုး ပြောရှာပါတယ်။

"သမိုင်းကို ခေတ်ငါးခေတ်၊ စခန်းအဆင့်ဆင့် အဖြစ်စဉ်ဟု ပြောသောအခါတွင်၊ ရုပ်သေ ဓာတ်ပုံများ တန်းစီပြသလို ဖြစ်နေပါသည်။ လှိုင်းလုံးနှင့် ပြောသောအခါ လူ့အဖွဲ့အစည်းကြီး တစ်ခုလုံးသည် အဖြစ်အပျက် အစဉ် (ဖြစ်ချည် ပျက်ချည်)ကြီးဟု မြင်ယောင်လာနိုင်ပါသည်။ တစ်ချိန်တည်း၌ တစ်ခုတည်းသော လူ့အဖွဲ့အစည်းတွင် တစ်ခုထက်ပိုသော အပြောင်းအလဲ လှိုင်းများ ရိုက်နေသည်ဟု မြင်နိုင်ပါသည်။ လူ့အဖွဲ့အစည်း တစ်ခုဟူသည်၊ တစ်ခုတည်းသော ရွေ့လျားမှုတစ်ခု မဟုတ်ဘဲ တစ်ခုနှင့် တစ်ခု ဆက်စပ်ပတ်သက်နေသော၊ အရောအနှော လှိုင်းများ . . . ပထမလှိုင်း၊ ဒုတိယလှိုင်း၊ တတိယလှိုင်းတို့၏ ရောနေသော အရောအစပ် ဖြစ်ပါသည်။ လှိုင်းပုံစံသည်၊ ခေတ်ကို တည်ဆောက်ထားပုံကိုသာမက ခေတ်၌ ဖြစ်သော အဖြစ်အပျက် အစဉ်ကိုလည်း ဖော်ပြနိုင်ပါသည်။"

"အဆက်အစပ် အပြန်အလှန် ပတ်သက်နေတာကို ပြောချင်တာ၊ တကယ်တော့ လူ့ယဉ်ကျေးမှုကြီး တစ်ခုအတွင်းက အကြောင်းအရာတွေဟာ ငြိမ်နေတာတွေ မဟုတ်ဘူး၊ ပြောင်းနေတာ၊ ရုပ်ရှင်ပြကွက်တွေလိုပဲ အစိတ်





အပိုင်းတွေဟာ တရစပ် ဖြစ်နေတယ်။ တစ်ခုနဲ့တစ်ခု သက်ရောက်နေတယ်။ တစ်ခုကိုတစ်ခု ထောက်ပံ့နေတယ်၊ အချိန်ကိုက် သမကာလ လှုပ်ရှားနေတယ် တစ်လှည့်စီ၊ အပြန်အလှန် ချိန်ခွင်ညှိတယ်၊ တစ်ခုကိုတစ်ခု တွန်းတယ်၊ တစ်ခုနဲ့တစ်ခု ထပ်တယ်၊ ရှေ့တိုး နောက်ဆုတ်လည်း ဖြစ်တယ်။"

———— ။ ————

ဉာဏ်လက်နက်အသစ်များ

ဒီကိုလာလော့
ခင်ဗျား – ဘာမှ ဆုံးစရာ မလို
အရင် စိတ်ကူးတော့ ချန်ခဲ့ဖို့။

(ရောဘတ်ရှက်လေး)

Come in here!
You have nothing to lose
but your preconceptions!

Robert Sheckley

ယခု ကာလကြီးမှာ ကျွန်တော်တို့ အရေပြားတွေကို၊ အပြင်ဘက်က လှုံ့ဆော်မှုတွေ ကြွအောင် ရွအောင် တရစပ် သက်ရောက်နေပါတယ်။ ရူပကာယ လှုံ့ဆော်မှုတွေဟာ အနံ့၊ အရသာ၊ အထိအတွေ့။ သိခြင်းဆိုင်ရာ လှုံ့ဆော်မှုတွေကတော့ စိတ်ကူးစိတ်သန်း၊ အချက်အလက်၊ ပုံရိပ်၊ သင်္ကေတ။ သတင်းတွေဟာ၊ ကား ရေဒီယိုတွေက တစ်ဆင့် ကျယ်ကျယ် လောင်လောင် မြည်နေလိုက်တာ။ တီဗွီက အတိုအထွာတွေ၊ မဂ္ဂဇင်းက ကြော်ငြာတွေ၊ တယ်လီဖုန်းက မှာတမ်းတွေ၊ သတင်းစာက စာလုံး မည်းကြီးတွေ၊ မှတ်ဉာဏ်

www.burmeseclassic.com



ထဲမှာ သိမ်းတဲ့အခါ သိမ်း၊ မဝင်အောင် ပိတ်ထားတဲ့ အခါထား။

ဝင်လာတဲ့ ဒေတာ ရေစီး မရပ်မနားကို၊ ကျွန်တော်တို့ ဘယ်ပုံ အချိုး အငေါ်အတည့် စေ့စပ်ဖွဲ့စည်းမလဲ။ ဒီနည်းလမ်းကတော့ အလွန် အရေးကြီးပါတယ်။ နေ့တစ်ဓူဝ ကိစ္စလေးတွေအတွက်သာ မဟုတ်၊ စီမံခန့်ခွဲမှု ဆုံးဖြတ် ချက်ချဖို့အတွက်၊ ပညာရေးအတွက်၊ နိုင်ငံရေးအတွက်၊ အထောင်အသောင်း မကရှိတဲ့ တခြားကိစ္စများအတွက်။

ဝင်လာတဲ့ ဒေတာ ရေစီး မရပ်မနားကို၊ ကျွန်တော်တို့ ဘယ်ပုံ အချိုးအငေါ် အတည့် စေ့စပ်ဖွဲ့စည်းမလဲ။

လာလတ္တံ့သော အနာဂတ်ကို ပုံဖော်နိုင်ရန် အလို့ငှာ ဉာဏ်လက်နက် အသစ်၊ အားကောင်း မောင်းသန်များ လိုတာပေါ့။ အပြောင်းအလဲနှင့် အကြောင်းပေါတ သီအိုရီအသစ်များ – ယင်းသီအိုရီများဟာ လူမှုရေး၊ စီးပွားရေး၊ ရှုပ်ထွေးနေသမျှကို ရှင်းပြနိုင်ရမယ်၊ အမျိုးအစားနှင့် မျိုးတူစုပြုပုံ စနစ်အသစ်များ၊ ထော်လော်ကန့်လန့် တစ်မျိုးတစ်မည် ဒေတာများကို အဆက်အစပ်ပြုနိုင်ဖို့ ပုံစံအသစ်များ၊ အဲသဟာတွေ မရှိရင်တော့ အဓိပ္ပာယ် ကင်းမဲ့ခြင်းထဲမှာ ကျွန်တော်တို့တစ်တွေ နစ်မြုပ်တော့မယ်။ မီးခိုးခေါင်းတိုင်ခေတ်က စက်တွေ ခေတ်နောက်ကျပြီလေ။ ထို့အတူ အဲဒီခေတ်က စကားလုံးတွေ အကြံတွေ ပြတိုက်ထဲကို ပို့ဖို့ အဆင်သင့် မဖြစ်သေးဘူးလား ဟရို့။





လက်ဝဲ၊ လက်ယာ ဒါတွေဟာ ဒုတိယလှိုင်းခေတ်က ဝေါဟာရတွေပေါ့။ လက်ဝဲလား၊ လက်ယာလား အငြင်းပွားနေတယ်ဆိုရင် ဒါဟာ မြုပ်နေတဲ့ သဘောကုန်းပတ် ကုလားထိုင်ပေါ်က ကတောက်ကဆတ် ဖြစ်တာမျိုးနေမှာ။ အဲဒီ စကားလုံးတွေနဲ့ နိုင်ငံရေး တံဆိပ်ကပ်တာတွေ၊ ခေတ်နောက် မကျဘူးလားတဲ့။ လူတစ်ယောက်ဟာ ဈေးကွက် စီးပွားရေးစနစ်ကြိုက်တဲ့သူ သို့သော် သူဟာ အမျိုးသမီး အခွင့်အရေးကို ထောက်ခံတယ်၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးကို ထောက်ခံတယ်၊ အဲဒီသူဟာ လက်ဝဲလား၊ လက်ယာလား၊ လက်တွေ ကျတာကြိုက်တယ်၊ ရလဒ်ကို ရေးရှုရင် အဲဒီလူဟာ လက်ယာလား။ ရလဒ်ကို မကြည့်၊ ဖြတ်သန်းသမျှ ဇာတ်လမ်းကို ကြည့်လို့ အဲဒီလူဟာ လက်ဝဲလား။

မီးခိုးခေါင်းတိုင်ခေတ်က စက်တွေ ခေတ်နောက်ကျပြီလေ။ ထို့အတူ အဲဒီခေတ်က စကားလုံးတွေ အကြံတွေ ပြတိုက်ထဲကို ပို့ဖို့ အဆင်သင့် မဖြစ်သေးဘူးလား ဟရို့။

ကျွန်တော်တို့ကတော့ ဒုတိယလှိုင်း မရောက်ခင် စက်မှု မထွန်းကားသေးတဲ့ အခြေအနေပါပဲ။ သို့သော် ကွန်ပျူတာ၊ တီဗွီ၊ ဗီစီဒီ၊ အီး – မေး၊ ဖက်စ်တွေလည်း ရှိနေပြီ။ စလောင်းတွေ၊ စီအင်အင်တွေလည်း ရှိနေပြီ။ ခုနလိုင်း ဥပမာလိုပါပဲ။ သတင်းခေတ်လှိုင်းထိပ်ဟာ သောင်စပ်ကို ပုတ်နေပြီ။

တရုတ်ပြည်ကြီးကို စုတ်ချက်ခပ်ကြမ်းကြမ်း ဆွဲကြည့်တာ တစ်ခု ရှိတယ်။ ပေါက်ဖော်ကြီး အများစု



www.burmeseclassic.com

www.burmeseclassic.com



ဟာ ပထမလိုင်း ယဉ်ကျေးမှုကြီးထဲက လယ်သမားတွေပါပဲ။ ကွန်မြူနစ် တော်လှန်ရေးဟာ ဒီပြည်ကြီးကို စက်မှုခေတ်ထဲ မောင်းပို့ဖို့ လုပ်ခဲ့တာပါပဲ၊ လယ်သမားတွေဆီက ငွေကို စက်မှု အရင်းအနှီးအဖြစ် ညှစ်ထုတ်ယူခဲ့တာပါပဲ။ တရုတ်ဟာ ဒုတိယ လိုင်းဇူးဟာကို လိုက်လုပ်နေတာ လမ်းရိုး စက်မှုတော်လှန်ရေး လုပ်တာလို့ အတိုချုပ်အားဖြင့်လို့ အတိုချုပ်အားဖြင့် ပြောလို့ရပါတယ်။

ဒီပန်းချီကားချပ်ကြီး ရေးခြယ်တဲ့နေရာမှာ ဆေးအသစ်ထည့်ဖို့ စိတ်ကူးကြတဲ့ လူတွေလည်း ရှိနိုင်ကယ်။ အဲဒီဆေးကတော့ တတိယလိုင်း စိတ်ကူးပေါ့။

သူတို့ရဲ့ ပထမ ငါးနှစ် စီမံကိန်းမှာ ၅၈ ရာနှုန်းသော ရင်းနှီးမြှုပ်နှံမှုကို အကြီးစားစက်မှုလုပ်ငန်း ကို ဦးတည်လို့ပါပဲ။

ပေါက်ဖော်ကြီးတို့ နိုင်ငံမှာ၊ စက်မှုလိုင်းလုံးတစ်ခု စီးသွားတယ် ဆိုကြပါစို့။ သို့သော် ဒီလိုင်းဟာ အဝေးကြီး မရောက်ပါ။ လယ်ယာ စိုက်ပျိုးရေး တိုးတက်မှုဟာ ပိုလိုအပ်တယ်ဆိုတဲ့ ပထမလို ဇူးဟာသမားတွေနဲ့ သံစက်ရုံ၊ ချည်ငင်စက်ရုံတွေ ပို၍ မြန်မြန်၊ ပို၍ များများ လိုချင်တဲ့ စက်မှု သမားတွေ၊ ပဋိပက္ခ ဖြစ်ပါတယ်။ ၁၉၅၈က မော်ရဲ့ မဟာခုန်ပျံကျော်လွှားရေး စီမံကိန်းဟာ၊ စက်မှုကနေ တောကျေးလက် အခြေခံတဲ့ ချဉ်းကပ်မှု (တော်ဖလာ စကားလုံး သုံးရရင်) ဒုတိယလိုင်းကနေ ပထမလိုင်းကို





ရွှေ့လျားမှု ဖြစ်ပါတယ်။ ပထမလိုင်း လယ်ယာ စိုက်ပျိုးရေး အခြေခံကို စောက်ချရမလား၊ ဒုတိယလိုင်း လမ်းရိုး စက်မှု ထွန်းကားရေးလမ်းလား ဆွေးနွေးကြ၊ ငြင်းခုန်ကြမှာပါပဲ။ သို့သော် ဒီပန်းချီကားချပ်ကြီး ရေးခြယ်တဲ့နေရာမှာ ဆေး အသစ်ထည့်ဖို့ စိတ်ကူးကြတဲ့လူတွေလည်း ရှိနိုင်တယ်။ အဲဒီဆေးကတော့ တတိယလိုင်း စိတ်ကူးပေါ့။ အဆင့်မြင့် နည်းပညာအားဖြင့် စီးပွားရေးကို တွန်းတင်ဖို့ လုပ်ရင်၊ တစ်ပြည်ထောင်လုံးကို စက်မှုတော်လှန်ရေးလမ်း လိုက်စေဖို့ မလိုတော့ဘူး။ ဒိုင်မင်းရှင်းတစ်ခုတည်း မဟုတ်ဘူး၊ ဒိုင်မင်းရှင်း ၂ခု၊ ၃ခုပေါ့၊ ဝင်ရိုး ၂ခု ၃ခုပေါ့။

တစ်ခု သတိပြုရမှာက၊ ဘယ်လမ်း လိုက်စေ၊ (လမ်းတစ်ခုတည်း မဟုတ်၊ ၂ခု၊ ၃ခု စုပေါင်းစပ်ပေါင်းရတယ်လို့ ထင်တာပါပဲ။) အသိအားကိုးဉာဏ်အားကိုးများကတော့ အရေးကြီးတာပါပဲ။ အဆင့်မြင့်နည်းပညာ သုံးမယ်ဆိုရင်တော့ ပိုလို့ လိုတာပေါ့။ ကျွန်တော်တို့ မကြာခဏသုံးတဲ့ စက်မှု မထွန်းကားတဲ့ခေတ်ရဲ့ ဥပမာ ဟောင်းလေး ပြန်သုံးရရင် လယ်ပြင် ဆင်သွားသလို ထင်ရှားပါတယ်။

www.burmeseclassic.com



# ပညာခေတ်ကြီး၏ ခရီးဇာတ်ကြောင်း

BURMESE CLASSIC .com

ငါတို့ ပညာတတ်မှ လွတ်မြောက်မှာပါဟု ပြောခြင်းကို ပို၍ ရှင်းလင်းစေတန်ရာသည်ဟု ယူဆ၍ အောက်ပါ ဆောင်းပါးကို ဖော်ပြပါသည်။ ဒရပ်ကား၏ From capitalism to knowledge society ကို ချုံ့၍ ဆီလျော်အောင်ရေးခြင်းသာ ဖြစ်ပါကြောင်း။

ပညာခေတ်ကြီးသို့ အရွေ့ အပြောင်း ခရီးဇာတ်ကြောင်းကို ပညာနှင့်သာ ပြုလုပ်ထားသည်ဟု ဒရပ်ကားက ပြောသည်။ ထိုဇာတ်ကြောင်း၌ ဖော်ခန်း

www.burmeseclassic.com

www.burmeseclassic.com



၃ခန်းပါရာ ကာလအားဖြင့် သက္ကရာဇ် ၁၇၀၀မှ ၁၉၉၀ထိ ကြာသည်။ ဇာတ်ခန်း ၃ခန်းရှိရာတွင် ပထမဇာတ်ခန်းမှာ စက်မှုတော်လှန်ရေး၊ ဒုတိယဇာတ်ခန်းမှာ ထုတ်လုပ်မှုစွမ်းအားတော်လှန်ရေး၊ တတိယဇာတ်ခန်းမှာ စီမံခန့်ခွဲမှုတော်လှန်ရေးဟူ၍ ဖြစ်ပါသည်။ ထိုဇာတ်ကြောင်း၌ အဓိက ဇာတ်လိုက်မှာ ပညာဖြစ်ရာ ပညာသည် အမျိုးမျိုးကပြ အသုံးတော်ခံလေသည်။ ပညာ၏အဓိပ္ပာယ် သတ်မှတ်ချက်မှာ ဇာတ်ကြောင်းနှင့်အညီ အပြောင်းအလဲကြီး ပြောင်းလဲခဲ့သည်ဟု ဒရပ်ကားက ဆိုလေသည်။

ပညာသည် ဖြစ်ခြင်း (being)နှင့်သာ စပ်လျဉ်းရာမှ လုပ်ခြင်း (doing)နှင့်လည်း စပ်လျဉ်းလာသည်။ ပညာသည် ပုဂ္ဂလိက ပစ္စည်းသဘောမှ အများဆိုင်ပုံပါသက ပစ္စည်းသဘောသို့ ရွေ့လျော သွားသည်။ ပညာသည် အဆင်တန်ဆာအဖြစ်မှ အရင်းအမြစ်နှင့် အသုံးချ ပစ္စည်းဖြစ်လာသည်။

ပညာကို စက်ကရိယာများတွင် တင်သောအခါ စက်မှုတော်လှန်ရေး ဖြစ်သည်။ ပညာကြောင့် စက်မှုတော်လှန်ရေးဖြစ်သောအခါ ယင်းတော်လှန်ရေးနှင့်အတူ ကားလမတ် ပြောသော စိမ်းကားခြင်း (alienation) လည်း တစ်ပါတည်း တွဲပါလာ၍ လူတန်းစားများ၊ လူတန်းစားတိုက်ပွဲများ ဖြစ်လာသည်။ ကွန်မြူနစ်စနစ် ထွန်းကားလာသည်။

သို့သော် ၁၈၈၀ခုနှစ်ခန့်က စတင်၍ ဒုတိယ ကမ္ဘာစစ်ပြီးသည့် အချိန်ထိ ရှည်ကြာသော ဒုတိယ ဇာတ်ခန်း၌ ပညာကို အလုပ်/ အလုပ်လုပ်ကိုင်ပုံတွင် တင်ပြန်သည်။ ထိုအခါ ထုတ်လုပ်မှုစွမ်းအား တော်လှန်ရေး ဖြစ်သည်။ ထုတ်လုပ်မှုစွမ်းအား





တော်လှန်ရေး (Productivity revolution)ကြောင့် ကျောမွဲအလုပ်သမားများသည် ကျောမမွဲတော့ဘဲ လူလတ်တန်းစား ဝင်ငွေရလာသည်။ ထို့ကြောင့် ထိုတော်လှန်ရေး ဖြစ်ထွန်းသော နိုင်ငံတို့၌ လူတန်းစားတိုက်ပွဲများ မဖြစ်တော့ပါ။ ကွန်မြူနစ်စနစ် နောက်ကောက်ကျသွားသည်။

တတိယဇာတ်ခန်းသည် ဒုတိယကမ္ဘာစစ် အပြီးမှ ယခုတိုင် ကြာရှည်သည်။ ဤဇာတ်ခန်းကြီးမှာမူ ပညာ အမြော်အမြင်ကို ပညာအပေါ် တွင်သာ တင်သော ဇာတ်ခန်းကြီး ဖြစ်သည်။ စီမံခန့်ခွဲမှုတော်လှန်ရေးဟု ဒရပ်ကားက အမည် တပ်သည်။ စီမံခန့်ခွဲမှုဟူသည်မှာ ရှိပြီး၊ သိပြီးသော ပညာဗဟုသုတကို ပို၍ ထက်မြက် အောင် ပြုလုပ်ခြင်းသာ မဟုတ်လော။

## ပညာ၏အဓိပ္ပာယ်အသစ်

ဘီစီ ၄၀၀က ပလေတိုမှ ယခုခေတ် ကာလ်းပေါ့ပါးထိ သဘာဝတ္ထ ပညာရှင်များက ကျွန်တော်တို့ ဘာတွေ သိ၊ ကျွန်တော်တို့ ဘယ်လိုသိ ဟူ၍ အသိပညာနှင့် ပတ်သက်သော စဉ်းစားခန်းများ ပြုလုပ်ကြသည်။ ပညာ၏ အဓိပ္ပာယ်နှင့် ပညာ၏ တာဝန်နှင့်စပ်လျဉ်း၍ အရှေ့တိုင်း၌ သိဝရီနှစ်ခု ရှိသကဲ့သို့ အနောက်တိုင်း၌လည်း သီဝရီနှစ်ခု ရှိသည်။

အနောက်တိုင်းသီဝရီနှစ်ခုမှာ ပလေတိုနှင့် သူ၏ ပြောရေးဆိုခွင့်ရှိသူ တပည့်ကြီး ဆိုကရေးတီးတို့၏ ပညာဟူသည် ဉာဏ်အမြော်အမြင်အားဖြင့်၊ ကျင့်ဝတ်အားဖြင့်၊ ဝိညာဉ်အားဖြင့် မိမိကိုယ်မိမိသိအောင် (Self knowledge) ပြုလုပ်ခြင်းဖြင့် ကိုယ့်ကိုယ်ကိုယ် တိုးတက်အောင်လုပ်ရသည် ဟူသော သီဝရီနှင့်၊ ပလေတို၊ ဆိုကရေးတီးနှင့် ဆန့်ကျင်ဘက် ပရိုတာဂိုရပ်စ်၏

www.burmeseclassic.com



ပညာဟူသည် လူတစ်ယောက် လုပ်ပုံကိုင်ပုံ ထိရောက်အောင် ဘာကို ဘယ်လို ပြောရသည်ကို ပြုလုပ်ပေးရမည် ဟူသော သီဝရီတို့ဖြစ်သည်။ ပရိုတာဂိုရပ်စ် အလိုအားဖြင့် ပညာဟူသည်မှာ ယုတ္တိ၊ သဒ္ဒါ၊ နှုတ်ရေးစကားတတ် သို့မဟုတ် အစီအကုံး အနှုန်းအဖွဲ့ အတတ်တို့ ပါဝင်သည်။ ယင်းတို့သည် ကျွန်တော်တို့က လစ်ဘရယ် ပညာရေးဟူသော ခေါ်သော ပညာနှင့် အတူတူလောက်ပင် ဖြစ်သည်။ ဂျာမန်တို့က Allgemeine Bildung ဟု ခေါ်သော ပညာနှင့်လည်း အတူတူ ဖြစ်သည်။ အရှေ့တိုင်း၌လည်း အနောက်တိုင်း ကဲ့သို့ပင် သီဝရီနှစ်ခုရှိသည်။ ကွန်ဖြူးရှပ်၏ အလိုအရ ပညာဟူသည်မှာ ဘာကိုပြောရမည်၊ ဘယ်လို ပြောရမည်ဟု သိရန်ဖြစ်၍၊ လောကီ တိုးတက်ခြင်းနှင့်ဆိုင်သည်။ တာအိုနှင့်ဇင် ဗုဒ္ဓဘာသာဘုန်းကြီးများ အလိုအရမှာ ပညာဟူသည် ကိုယ့်ကိုယ်ကိုယ် သိခြင်း (Self knowledge) ဖြစ်၍၊ စိန္တာမယဉာဏ်၊ ဘာဝနာမယဉာဏ် စသည် လောကုတ္တရာအမြင်နှင့် ဆိုင်သည်။

ကွန်ဖြူးရှပ်၏ အလိုအရ ပညာဟူသည်မှာ ဘာကို ပြောရမည်။ ဘယ်လို ပြောရမည်ဟု သိရန်ဖြစ်၍၊ လောကီတိုးတက်ခြင်းနှင့်ဆိုင်သည်။ တာအိုနှင့်ဇင် ဗုဒ္ဓဘာသာဘုန်းကြီးများ အလိုအရမှာ ပညာဟူသည် ကိုယ့်ကိုယ်ကိုယ် သိခြင်း (Self knowledge) ဖြစ်၍၊ စိန္တာမယဉာဏ်၊ ဘာဝနာမယဉာဏ် စသည် လောကုတ္တရာ အမြင်နှင့် ဆိုင်သည်။





အရှေ့တိုင်းဖြစ်စေ၊ အနောက်တိုင်းဖြစ်စေ၊ ပညာနှင့် ပတ်သက်၍ သဘောတူကြသောအချက် တစ်ခုတော့ ရှိသည်။ ပညာဟူသည် လုပ်တတ်၊ ကိုင်တတ်ခြင်းနှင့်မဆိုင်။ အသုံးချခြင်း (Utility)နှင့် မဆိုင်ဟူသောအချက် ဖြစ်သည်။ အသုံးချခြင်း၊ အသုံး ဝင်ခြင်းသည် ပညာမဟုတ်။ ယင်းသည် ကျွမ်းကျင်မှု သာဖြစ်သည်။ ကျွမ်းကျင်မှုသည် ဂရိစကားလုံးအားဖြင့် တက်ခနီ (Techne)ဟု ခေါ်သည်။

အရှေ့တိုင်းနှင့် အနောက်တိုင်းကွာသော အချက်တစ်ချက်လည်း ရှိသည်။ ကွန်ဖြူးရှပ်တို့က စာကြီး ပေကြီးမှလွဲ၍ ကျန်သော ကိစ္စများကို မေလးစားကြသော်လည်း ဆိုကရေးတီးနှင့် ပရိုတာဂိုရပ်စ်တို့က တက်ခနီကို လေးစားကြသည်။

တက်ခနီသည် ပညာမဟုတ်ဟူ၍ ယူဆကြခြင်းမှာ တက်ခနီကို ယေဘုယျပြု၍ မရသောကြောင့် ဖြစ်သည်။ တက်ခနီတတ်လိုလျှင် တတ်သောသူ တစ်စုံတစ်ယောက် လက်အောက်၌ အလုပ်သင် လုပ်ရသည်။ တက်ခနီကို စကားများ၊ စကားလုံးများအားဖြင့် ရှင်းပြ၍မရ၊ တက်ခနီကို သက်သေထင်ရှား သရုပ်ပြရသည်။ သက္ကရာဇ် ၁၇၀၀ထိ အင်္ဂလိပ်တို့သည် လက်မှုပညာ (crafts)များကို လျှို့ဝှက်ဆန်းကြယ်ကိစ္စ (mysteries)များဟူသော သဘောထားသည်။ လက်မှုပညာရပ်တတ်ကျွမ်းသော သူတို့သည် ထိုပညာရပ်ကို လျှို့ဝှက်ထားကြ၍ သူတို့တပည့်များမှ တပါး၊ အခြားသူတို့အား အဝင်မခံသောကြောင့်ဖြစ်သည်။ သို့သော် သက္ကရာဇ် ၁၇၀၀ကျော်သောအခါ ပညာနှင့် ပတ်သက်သော ထို အယူအဆ ပြောင်းသွားလေသည်။

**စက်မှုတော်လှန်ရေး (ဇာတ်ခန်းနံပါတ် တစ်)**

ပီတာဒရပ်ကား၏ အလိုအရ စက်မှုတော်လှန်ရေးကြီးသည် သက္ကရာဇ် ၁၇၀၀မှ စတင်လေသည်။ တက်ခနီ (Techne)ဟူသော ကျွမ်းကျင်ခြင်းကို လော်ဂျီ (logy)ဟူသော စနစ်တကျ စုစည်းခြင်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



ပေါင်းစပ်၍ တက်ခနိုလိုဂျီကို တီထွင်ခဲ့ကြသည်။ ပြင်သစ်ပြည်၌ ပထမဆုံး အင်ဂျီနီယာကျောင်းကို ၁၇၄၇၌ တည်ထောင် ၍၊ ဂျာမနီ၌ ပထမဆုံး လယ်ယာစိုက်ပျိုးရေးကျောင်းကို ၁၇၇၀၌ ၊ သတ္တုတူးဖော်ရေး သင်တန်း ကျောင်းကို ၁၇၇၆၌ တည်ထောင်ကြသည်။ ၁၈၂၀နှင့် ၁၈၅၀ကြား နှစ် တစ်နှစ်၌၊ ယင်းနိုင်ငံတို့တွင်ဆေးကျောင်းများနှင့် ဆေးပညာသင်ကြားရေးကို တက်ခနိုလိုဂျီ တစ်ခု အဖြစ် အသိအမှတ်ပြုလေသည်။

ဂရိတ်ဗြိတိန်၌ သက္ကရာဇ် ၁၈၀၀ ပတ်ဝန်းကျင်၌ တီထွင်သူကို ချီးမြှောက်သော ပေးတင့်စနစ် စတင်သောအခါ စက်မှုတီထွင်သူများ အုန်းအုန်းကျွက်ကျွက် ပေါ်ထွက်လာသည်။ လက်မှုပညာဟူသည်လည်း လျှို့ဝှက်ဆန်းကြယ် မဟုတ်တော့။ ပေးတင့်မှတ်ပုံတင်စနစ်က လျှို့ဝှက် ဆန်းကြယ်ခြင်းကို တက်ခနိမှ ဖယ်ရှားပစ်လိုက်သည်။

ကျွမ်းကျင်မှု/ လက်မှုပညာမှ နည်းပညာ/ တက်ခနိုလိုဂျီသို့ အပြောင်းအလဲတွင် အရေးကြီးသော စာအုပ်တစ်အုပ်မှာ စွယ်စုံကျမ်း (Encyclopedie)ဖြစ်သည်။ ဒင်းနစ်ဒီဒဲရော့နှင့် ယွန်းအဲလမ်ဘားတို့က ၁၇၅၀–၁၇၇၀၌ စွယ်စုံကျမ်းရေးခဲ့ရာ၊ လက်မှုပညာအားလုံးကို စနစ်တကျ စုစည်းဖော်ပြခဲ့သည်။ အလုပ်သင်လုပ်စရာ မလိုဘဲ။ နည်းပညာ တတ်သူ (Technologist) ဖြစ်အောင် လေ့လာနိုင်သော ကျမ်းဖြစ်သည်။ သို့သော် ထိုကျမ်းကြီးကို လက်မှုပညာရှင်များက မရေးဘဲ သင်္ချာဆရာ၊ ယုတ္တိဆရာ စသော "သတင်းစပယ်ရှစ်လစ်" (Information Specialist)များက ရေးသည်။ ဗော်လတိုင်းယား၊ ရူးဆိုးတို့ ဝင်ရောက် ရေးကြသည်။ လက်မှု ပညာများ၊ စက်ကရိယာများကို ခွဲခြမ်းစိတ်ဖြာခြင်း၊ စနစ်တကျ စုစည်းခြင်း လေ့လာခြင်းဟူသည် ပညာကို စက်ကရိယာများအပေါ်တင်ခြင်း မဟုတ်လော၊ နည်းပညာသင်တန်းကျောင်းများနှင့် စွယ်စုံကျမ်းသည် အတတ် ပညာဟူသည် လျှို့ဝှက်ရသည်ဟူသော နှစ်ရာစုများစွာမှ အတွေးအခေါ်ကို ဖယ်ရှားသည်။ ထိုအပြင် ကျောင်းနှင့် စွယ်စုံကျမ်းသည် အတွေးအကြံကို





စု၍ ပညာအဖြစ်သို့ ပြောင်းသည်။ အလုပ်သင် လုပ်ရ ခြင်းကို ပြဋ္ဌာန်းစာအုပ်နှင့် အစားထိုးသည်။ လျှို့ဝှက် ခြင်းနေရာ၌ နည်းနာ နိဿရည်းနှင့် အစားထိုးသည်။

ကော်မှုတော်လှန်ရေး၏ အခရာမှာ ယင်းတို့သာ ဟုတ်လော၊ ထိုအချိန်၌ ဂျမ်းဝတ်၏ ရေနွေးငွေ့ အင်ဂျင် ပေါ်ပေါက်လာ သည်၊ သတ္တုမိုင်းများမှ ရေ များကို စုတ်ရန် ပေါ်ပေါက် သော ဂျိမ်းဝတ်၏ အင်ဂျင် ကို ဉာဏ်တင်၍ သုံးသော အခါ သံရည်ကျိုလေမီးဖို၌ လည်း သုံးသည်။ အထည် ကော်၌လည်း သုံးသည်။ မီးသဘော်၌လည်း သုံးသည်။ မီးရထားစက်ခေါင်းမောင်းရန်လည်း သုံးသည်။ မှန်လုပ်ရန် လည်း သုံးသည်။ ပုံနှိပ်ရန်လည်း သုံးသည်။ ကမ္ဘာကြီး တစ်ခုလုံး ပျံ့နှံ့သွားသည်။ လက်မှုသည် ကော်မှု ဖြစ်သွားသည်။

> နည်းပညာသင်တန်းကျောင်းများနှင့် စွယ်စုံကျမ်းသည် အတတ်ပညာ ဟူသည် လျှို့ဝှက်ရသည်ဟူသော နှစ်ရာစု များစွာမှ အတွေးအခေါ်ကို ဖယ်ရှားသည်။ ထို့အပြင် ကျောင်းနှင့် စွယ်စုံကျမ်းသည် အတွေ့အကြုံကို စု၍ ပညာအဖြစ်သို့ ပြောင်းသည်။

ကျောင်းများနှင့် စွယ်စုံကျမ်းတို့ကြောင့် တက်ခနိုလိုဂျီ အလျင် အမြန်ထွန်းကားခြင်း ဖြစ်သည်။ ထို စက်မှုနည်းပညာသည် စုရုံးလုပ်ရသော သဘော (Concentration of production)ရှိသည်။ ပြန့်ကျဲ နေသော အိမ်တွင်းလက်မှု လုပ်ငန်းကလေးများကို အမိုး တစ်ခုအောက်သို့ စုစည်းဖို့ လိုသည်။ စွမ်းအင်ကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



လက်မှုလုပ်ငန်းထက်ပို၍ လိုအပ်သည်။ အရင်းအနှီး လိုအပ်သောအခါ,အရင်းရှိသူ အရင်းရှင်သည် ဗဟိုချက် နေရာသို့ ရောက်လာသည်။ ၁၈၀၀ခုနှစ် ခန့်အထိ အစိုးရပိုင်စက်ရုံများသာ ရှိသော အခြေအနေမှ ၁၈၃၀ လွန်နှစ်များတွင် ပုဂ္ဂလိက စက်ရုံများ၊ ပေါ်ပေါက်လာသည်။ စက်နှင့် စက်ရုံစနစ်သည် တော်တော် မြန်မြန်ဆန်ဆန် ပျံ့နှံ့ခြင်း ဖြစ်သည်။

အဒမ်စမစ်၏ နိုင်ငံများ၏ဓန (wealth of nation) စာအုပ် ထွက်သောနှစ်မှာ ဂျိမ်းဝတ်၏ အင်ဂျင်စက် ပေးတင်လုပ်သောနှစ်နှင့် အတူတူ ဖြစ်သည်။ သို့သော် အဒမ်စမစ်၏ စာအုပ်တွင် စက်၊ စက်ရုံနှင့် စက်မှု တော်လှန်ရေး အကြောင်း မရေးသားခဲ့ပါ။ သူ၏စာအုပ်တွင် လက်မှုလုပ်ငန်း များအကြောင်းသာ ပါဝင်သည်။ ဒေးဗစ်ရီကာဒို၏ ဘောဂဗေဒကျမ်းသည်လည်း စက်အကြောင်း တက်ခနဲ လိုဂျိုအကြောင်း ဂရုမပြုချေ။ ဂျိန်းအော်စတင်၏ ဝတ္ထုများသည် ထိုခေတ်က လူမှုဘဝကို ဝေဖန်ရန် အားထုတ်သော်လည်း သူဖော်ပြသော လူအဖွဲ့အစည်းမှာ စက်မှု မထွန်းကားမီက လူ့အဖွဲ့အစည်းသာ ဖြစ်သည်။ စက်ရုံများ၊ ဘဏ်သူဌေးများအကြောင်းမပါဝင်။

ထုတ်လုပ်မှုစွမ်းအားတိုးတက်ခြင်းကြောင့် မတ်၏ ဟောကိန်းမှားသွားရသည် ဟု ဒရပ်ကားက မှားခြင်း၏အကြောင်းကို အဖြေထုတ်ပါသည်။





သက္ကရာဇ် ၁၈၃၀ခန့် ဘောလဇက်ဝတ္ထုများတွင်မှ ဘဏ်အကြောင်း စတော့အကြောင်း ပါလာသည်။ ၁၈၅၀ခန့်၌ ချားလစ်ဒစ်ကင်း ဝတ္ထုများ၌မှ စက်မှုခေတ်ကြီး အကြောင်း ပါလာပြီ။

အပြောင်းအလဲမြန်ဆန်လွန်းခြင်းသည် ထိခိုက်ဒဏ်ရာ ရစေသည်။ အရင်းမဲ့အလုပ်သမားများသည် အရင်းရှင်တို့ကို မှီခိုရသောကြောင့် အရင်းရှင်တို့၏ ခေါင်းပုံဖြတ်ခံရသည်။ အရင်းအနှီးများသည် တဖြည်းဖြည်း အရင်းရှင်တို့ ထံတွင် စုသောအခါ ထိုအလေးအပင်ကြောင့်ပင် ထိုစနစ်ကြီးသည် ဗုန်းဗုန်းလဲကျလိမ့်မည်။ နောင်ကြိုးမှလွဲ၍ ဘာမျှ ဆုံးရှုံး စရာမရှိသော အလုပ်သမားများက အရင်းရှင်တို့ကို ဖြုတ်ချလိမ့်မည်ဟု ဟောကိန်းထုတ်ကြသည်။ နောက်မှ ထိုဟောကိန်း မှားယွင်းခဲ့သော်လည်း အရင်းရှင်စနစ်သည် ယင်းနှင့်အတူ ယင်း၏ 'ဆန့်ကျင်ဘက်မျိုးစေ့များ ပါဝင်သည်ဟူသော အယူအဆကို ၁၉ရာစုနှောင်းပိုင်း အတွေးအခေါ်ရှင်များ အားလုံး ကားလ်မတ်ကဲ့သို့ တွေးခဲ့ကြသည်သာ ဖြစ်သည်။ ဒစ်စရေလီ၊ ဘစ်မာက်၊ ဟင်နရီဂျိမ်းတို့လည်း လူတန်းစား ပဋိပက္ခကို ယုံခဲ့ကြသည်သာ ဖြစ်သည်။ ထို့ကြောင့် ထိုတွေးသူများသည် ဆိုရှယ်လစ်ဖင်းသို့ တိမ်းညွှတ်ခဲ့ကြသည်သာ ဖြစ်သည်။

## ထုတ်လုပ်မှုစွမ်းအား တော်လှန်ရေး (ဇာတ်ခန်း နံပါတ် နှစ်)

ထုတ်လုပ်မှုစွမ်းအား ဟူသည်မှာ Productivity ကို မြန်မာပြန်ထားသော ပညာရပ် ဝေါဟာရအဘိဓာန်၏ ပြန်ဆိုချက်ဖြစ်သည်။ ထုတ်လုပ်မှုစွမ်းအားတိုးတက်ခြင်းကြောင့် မတ်၏ ဟောကိန်းမှားသွားရသည်ဟု ဒရပ်ကားက မှားခြင်း၏အကြောင်းကို အဖြေထုတ်ပါသည်။ ထုတ်လုပ်မှုစွမ်းအားတော်လှန်ရေးသည် မတ်မသေမီ ၁၈၈၁ခုနှစ်၌ စတင်ပါသည်။ ထို ၁၈၈၁ခုနှစ်၌ အမေရိကန်တစ်ယောက်ဖြစ်သော ဖရက်ဒရစ်တေလာ (1856-1915)ဆိုသူသည် ပညာကို အလုပ်သို့ တင်သော အမှုကို စတင်လုပ်ခဲ့သော



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူက အလုပ်ကို စိတ်ဖြာ၍ အလုပ်၏ အစိတ်အပိုင်းများ ဖွဲ့စည်းတည်ဆောက်ပုံကို လေ့လာသည်။

လူရှိကတည်းက အလုပ်ရှိသော်လည်း၊ တေလာအရင်က လူလုပ်သောအလုပ်ကို စနစ်တကျ မည်သူမျှ မလေ့လာ။ အလုပ်ဟူသည် အခိုင်းအစေများ လုပ်သောအရာဖြစ်သည်။ ကြာကြာလုပ်လျှင် များများပြီးမည်။ ပို၍ ပင်ပင် ပန်းပန်းလုပ်လျှင် ပို၍ များများပြီးမည်။ ဒါပါပဲ။ အဲသလောက်သာ သဘောထားကြသည်။

စားနိုင်သောက်နိုင်သော ပညာတတ်တစ်ယောက်ဖြစ်သည့် တေလာဆိုသူက ပညာမတတ်သောသူများ လုပ်သော အလုပ်ကို စိတ်ဖြာ၍ လေ့လာသည်မှာ မတော်တဆအမှုဖြစ်သည်။ မျက်စေ့မှုန်၍ ဟားဗတ်သို့ ပညာသင်သွားရန် အကြံကို လက်လျှော့လိုက်ရ၍ တေလာခမျာ ပန်းပဲဖို တစ်ခုတွင် အလုပ်လုပ်ရသည်။ သူသည် ဉာဏ်ကောင်းလှ၍ ခဏနှင့် အကြီးအကဲဖြစ်လာသည်။ အလုပ်သမားများအကြောင်းကို လေ့လာသော အခါ အရင်းရှင်နှင့် အလုပ်သမားအကြားတွင် ဖြစ်ပေါ်နေသော ၁၉ရာစု၌ ခေတ်စားနေသည့် မုန်းတီးမှုကို တွေ့သည်။ ထိုမုန်းတီးမှုကို မတ်လည်း တွေ့ခဲ့သည်။ ဘစ်မတ်တို့ ဟင်နရီဂျော့တို့လည်း တွေ့ခဲ့သည်။ တေလာကတော့ ထို ပဋိပက္ခသည် မလိုအပ်လှဟု တွေ့ခဲ့သည်။ အလုပ်သမားများကို ပို၍ ထုတ်လုပ်နိုင်အောင် လုပ်လိုက်လျှင် လုပ်ခပိုများများ ရ၍ ဟန်ကျပန်ကျ နေနိုင်အောင် လုပ်ပေးနိုင် လိမ့်မည်။

တေလာလုပ်ခဲ့သည်မှာ အလုပ်ရှင်များ အမြတ်ပိုရဖို့ မဟုတ်။ သေသည့်တိုင်အောင် သူကိုင်စွဲခဲ့သည်မှာ ထုတ်လုပ်စွမ်းအား တိုးတက်မှု၏ အသီးအပွင့်ကို အလုပ်သမားကသာ ခံစားသင့်သည် ဟူသတတ်။ တေလာ မျှော်မှန်းခဲ့သော လူ့ဘောင်မှာ အလုပ်ရှင်၊ အလုပ်သမား၊ အရင်းရှင်၊ အရင်းမဲ့ ထုတ်လုပ်မှုမှ ရအပ်သော အသီးအပွင့်ကိုမျှမျှတတ ခွဲဝေသုံးစွဲ၍ အချိုအငေါ် တည့်သော လူမှုဆက်ဆံရေးရှိသည့် လူ့ဘောင်ဖြစ်သည်။ ဒုတိယကမ္ဘာစစ်





အပြီး ဂျပန်မှအလုပ်ရှင်များနှင့် အလုပ်သမားသမဂ္ဂများက တေလာ၏ စိတ်ကူးကို သဘောပေါက်လက်ခံကြသည် ဆို၏။

သို့သော် ထိုခေတ်၌ကား ဖရက်ဒရစ်တေလာကို သဘောပေါက် နားလည်သူ နည်းလှသည်။ အလုပ်ကြမ်းကို အထင်သေးအမြင်သေးခြင်းမှာ ပညာတတ်တို့၏ အကျင့်ဖြစ်သည်။ သဲကို တူးရွှင်ပြားနှင့် ကော်၍ တင်ခြင်းသည် (တေလာက ထို အလုပ်ကြမ်းကို ဂဃဏန လေ့လာခဲ့သည်) ပညာတတ်ဆိုသူတို့ အရေးထားစရာ မဟုတ်လှချေ။ ထို့ကြောင့် ပညာတတ်တို့က တေလာ၏ "အလုပ်ကို လေ့လာခြင်း" အား ဂရုမစိုက်ကြချေ။

တေလာအား အလုပ်သမားသမဂ္ဂလူကြီးများကလည်း လက်မခံကြချေ။ ထို ခေတ်က အလုပ်သမားသမဂ္ဂ ဟူသည်မှာ ထိုလူကြီးတို့ အားစဉ်မြေးဆက် ကြီးစိုးထားသော နေရာဖြစ်သည်။ သင်္ဘောကျင်းများရှိ သမဂ္ဂတို့တွင် တူသား နှောင်မယ်များနှင့် ဆွေမျိုးများကိုသာ အဖွဲ့ဝင်ခွင့်ပေးသည်။ ၎င်းတို့သည် ၅နှစ်မှ ၇နှစ်ထိ အလုပ်သင် လုပ်ကြရသည်။ တေလာက အလုပ်ကြမ်းဟူသည် ခွဲခြမ်းစိတ်ဖြာ၍ ရသည်။ ထပ်ခါထပ်ခါ လွယ်လွယ်ကူကူ လုပ်ရသော အစိတ်အပိုင်းများသာ ဖြစ်သည်။ သူ၏သိပ္ပံနည်းကျ စီမံမှု (Scientific management)နည်းအရ လုပ်လျှင် ကျွမ်းကျင်အလုပ်သမားဟူ၍ သတ်သတ် ခွဲခြားစရာမလို။ အဘယ့်ကြောင့်ဆိုသော် မည်သည့် အလုပ်သမားကိုမဆို ပထမတန်းစား အလုပ်သမားဖြစ်၍ ပထမတန်းစားလုပ်ခရအောင် သူ့နည်းကိုသုံး၍ လုပ်ပေးနိုင်သောကြောင့် ဖြစ်သည်ဟူ၍ ပြောသည်။ ထိုသို့ ပြောခြင်းသည် အလုပ်သမား သမဂ္ဂလူကြီးများ၏ အလုပ်သင်စနစ်ကိုသော် လည်းကောင်း၊ သူတို့၏ ကြီးစိုးမှုကိုသော် လည်းကောင်း၊ တိုက်ရိုက် ထိုးနှက်ခြင်း ဖြစ်သည် ဟု သမဂ္ဂက ယူဆသည်။

ပညာတတ်များနှင့် အလုပ်သမားသမဂ္ဂသာမက၊ အလုပ်ရှင်များက လည်း တေလာကို မကြိုက်၊ သူ့အား ဆိုရှယ်လစ်ဟူ၍ လည်းကောင်း၊ အန္တရာယ်ကောင်ဟူ၍လည်းကောင်း သဘောထားသည်။ တေလာ၏ စိတ်ရှုံ

www.burmeseclassic.com



အုပ်ချုပ်သူကို ပိုင်ဆိုင်မှု အပေါ်ထက် ပညာတတ်ကျွမ်းမှု အပေါ် အလေးထား၍ ရွေးသင့်သည်ဟု ပြောသည်။ သူက ခေတ်ရှေ့ပြေး၍ ယခုခေတ် "ပညာသည် စီမံခန့်ခွဲမှု" (Professional management)ကို တောင်းဆိုသည်။

ဘယ်အလုပ်ကြမ်းမဆို ခွဲခြမ်းစိတ်ဖြာ၍ လွယ်ကူအောင်လုပ်၍ ရသည်ဟူသော တေလာ၏ အယူအဆ ကို ဟစ်တလာက မသိ၍ သို့မဟုတ် လက်မခံ၍ ဒုတိယကမ္ဘာစစ်ကြီး၌ ဂျာမနီက အမေရိကန်ကို စစ်ကြေငြာခြင်း ဖြစ်နိုင်သည် ဟူသော သီဝရီတစ်ခု ရှိသည်။ အမေရိကန်တို့၌ စစ်တပ်များကို သယ်ပို့ရန် ကုန်သင်္ဘောများနှင့် ထိုကုန်သင်္ဘောများကို စောင့်ရှောက်ရန် စစ်သင်္ဘောများ မရှိဟု ဟစ်တလာက သိသည်။ ထို့အပြင် ခေတ်သစ်စစ်ဆင် စစ်တက်ခြင်း၌ အလင်းပညာရပ် (Opitics)အရေးကြီးရာ အလင်းပညာရပ်ကျွင်းကျင် အလုပ်သမား (Opitical workmen)များ အမေရိကန်၌ မရှိဟု ဟစ်တလာက အဆိုပြုသည်။ ဟစ်တလာ၏ အဆိုမှာ အလွန်တရာ မှန်သည်။ အမေရိကန်တို့၌ သင်္ဘောများ မရှိ။ ထို့အပြင် အလင်းပညာစက်ရုံများမရှိ။ သို့သော် တေလာ၏ သိပ္ပံနည်းကျ စီမံမှုကို အသုံးပြု၍ ရက်ပေါင်း ခြောက်ဆယ်မှ ကိုးဆယ်အတွင်း ပထမတန်းစား ဂဟေဆော်သူများ၊ သင်္ဘောကျင်းအလုပ်သမားများဖြစ်အောင် အမေရိကန်တို့က လုပ်နိုင် ခဲ့သည်။ ထိုနည်းငှင်းပင် လပေါင်းအနည်းငယ်အတွင်း အမေရိကန်တို့သည် ဆံချည်မျှင် မလွဲ အလင်းပစ္စည်းများကို ဂျာမနီထက်ပို၍ ကောင်းအောင် ထုတ်နိုင်ခဲ့သည်။

လေ့ကျင့်ခြင်း (Training)နှင့် ပတ်သက်လျှင် တေလာကို ဂုဏ်ပြုသင့်သည်။ အဒမ်စမစ်က အရည်အသွေးကောင်းသော ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် အချိန်အကြာကြီး၊ အတွေ့အကြုံအများကြီး လိုအပ်သည်ဟု ပြောခဲ့သည်။ ဥပမာ ဘိုဟီးမီးယား တူရိယာပစ္စည်းများ၊ စကော့တလန် ပိုးထည်များ၊ ထုတ်လုပ်နိုင်သော ကျွမ်းကျင်မှုမျိုးကို နှစ်ငါးဆယ်မျှ လေ့ကျင့်ယူရမည်ဟု ဆိုခဲ့သည်။ ဂျာမန်အလုပ်သင်စနစ်မှာ ကျောင်းသီဝရီအခြေခံနှင့် စက်ရုံမှလက်တွေ့ကို ပေါင်းစပ်သောစနစ်ဖြစ်သည်။ အောဂတ်ဘောဆစ်





ဟူသော ဂျာမန်တစ်ယောက်က ထိုအလုပ်သင်စနစ်ကို တည်ထွင်ခဲ့၍ ထိုစနစ်မှ ယခုထိ ဂျာမန်စက်မှုလုပ်ငန်း ထုတ်လုပ်စွမ်းအား၏ အခြေခံ ဖြစ်သည်။ ထိုဘောဆစ်၏ထိုစနစ်သည်ပင် ၃နှစ်မှ ၅နှစ်ထိ အချိန်ယူသည်။ တေလာ၏ လေ့ကျင့်နည်းမှာမူ လအနည်းငယ်အတွင်းတွင် ပထမတန်းစား ကျွမ်းကျင်သူများ မွေးထုတ်နိုင်သည်၊ အမေရိကန်သည် ဂျာမနီနှင့် ဂျပန်ကို စစ်နိုင်ခဲ့သည်မှာ အခြား အချက်များထက် တေလာ၏ ဤစနစ်က အခရာ ဖြစ်မည် ထင်ပါသည်။

တေလာ၏ လေ့ကျင့်နည်းမှာမူ လအနည်းငယ်အတွင်းတွင် ပထမတန်းစား ကျွမ်းကျင်သူများ မွေးထုတ်နိုင်သည်၊ အမေရိကန်သည် ဂျာမနီနှင့် ဂျပန်ကို စစ်နိုင်ခဲ့သည်မှာ အခြားအချက်များထက် တေလာ၏ ဤစနစ်က အခရာ ဖြစ်မည် ထင်ပါသည်။

ဂရိတ်ဗြိတိန်၊ အမေရိကန်၊ ဂျာမနီ၊ ထိုအင်အားကြီး နိုင်ငံများ အားလုံးသည် နည်းပညာအသစ်အားဖြင့် အင်အားကြီးလာခဲ့ကြသည်။ ဒုတိယကမ္ဘာစစ်အပြီး ဂျပန်၊ တောင်ကိုရီးယား၊ တိုင်ဝမ်၊ ဟောင်ကောင်၊ စင်ကာပူ စသည့်နိုင်ငံများ တိုးတက်လာသည်မှာတော့ တေလာ၏ လေ့ကျင့်နည်းကြောင့် ဖြစ်သည်။ မပြောပလောက်သော အချိန်တိုအတွင်း လုပ်ခနည်း အလုပ်သမားများကို ကမ္ဘာ့အဆင့်အတန်းမီ ထုတ်လုပ်စွမ်းအားရအောင် လေ့ကျင့်ပေးနိုင်သော ကြောင့် ဤနိုင်ငံများ တိုးတက်သည် မဟုတ်လော။



www.burmeseclassic.com

www.burmeseclassic.com



ပညာကို အလုပ်ပေါ်မှာ တင်ခြင်းအားဖြင့် ထုတ်လုပ်မှုစွမ်းအား အတိုးတက်ကြီး တိုးကက်ခဲ့သည်။ (ထုတ်လုပ်မှုစွမ်းအား (Productivity) ဟူသော စကားလုံးမှာ တေလာ၏ ခေတ်၌ မရှိသေးပါ။ အမေရိကန်၌ ဒုတိယ ကမ္ဘာစစ်အတွင်း၌ စတင်သုံးစွဲခဲ့သည်။ ၁၉၅၀ ခုနှစ်ထိ ဩဇာကြီးမားလှသော အောက်စဖို့အဘိဓာန်၌ ယခုအခါပွာယ် မကောက်သေး။ ယခုအောက်စဖို့ အဘိဓာန်တွင် Productivity ကို Capacity to produce; effectiveness of productive effort ဟူ၍ အနက်ကောက်ပါသည်။)

> ‘ပညာကို အလုပ်ပေါ်မှာ တင်စား’ ခြင်းအားဖြင့် စီးပွားရေးတိုးတက်အောင် လုပ်လို့ရတယ်ဆိုတဲ့ အကြောင်းကို လူနည်းနည်းလေးကသာ သိတာကတော့ မကောင်းဘူးလို့ ဒရပ်ကားက ရေးတယ်။

တေလာ၏ လေ့ကျင့်နည်းအားဖြင့် ထုတ်လုပ်မှုစွမ်းအားသည် တစ်နှစ်လျှင် နှစ်ထပ်တိုးဖြင့် ၃.၅ရာနှုန်းခန့် တိုးခဲ့သည်။ တိုးတက်သော နိုင်ငံတို့တွင် အဆ ၅၀တိုးခဲ့ပြီ။ ယင်းနိုင်ငံတို့တွင် လူနေမှုအဆင့်မြင့်ခဲ့သည်မှာ ထိုစွမ်းအား တိုးတက်မှုကြောင့် ဖြစ်သည်။ ထုတ်လုပ်မှုစွမ်းအား တိုးတက်ခြင်းကြောင့် ဝယ်ယူသုံးစွဲနိုင်ကြသည့်အပြင် အားလပ်ချိန်လည်း ရခဲ့ကြသည်။ အရင်က တစ်နှစ်လျှင်/ အလုပ်ချိန် နာရီ သုံးထောင်ရှိသတဲ့။ ယခုခေတ်တွင် ဂျပန်တွေက နာရီ နှစ်ထောင်၊ အမေရိကန်တွေက နာရီ ထောင့်ရှစ်ရာ၊ ဂျာမန်တွေက





ထောင့်ခြောက်ရာသာ လုပ်ကြသတဲ့။ ဒါပေမဲ့ အရင်ကထက် တစ်နာရီ ထုတ်လုပ်လျှင် အဆ ငါးဆယ်တိုးထုတ်နိုင်သတဲ့။ ပစ္စည်းအလျှံပယ်ဝင်ငွေတကယ်တိုးတော့ ကျန်းမာရေးနှင့် ပညာရေးမှာ အရင်ကထက် ပိုသုံးစွဲလိုက်တာ ဂျီအင်ပီရဲ့ ၁၀ရာနှုန်းကျော်သတဲ့။ မတ်ရဲ့ ကျော့မွဲ အလုပ်သမားတွေ ဘူဇွာဖြစ်လာသတဲ့။ အရင်းရှင်စနစ်ရဲ့ စက်မှုတော်လှန်ရေးကြောင့် ကျေးဇူးရှိသူတွေဟာ အရင်းရှင်မဟုတ် ဘူးတဲ့၊ ကျော့မွဲအလုပ်သမား (Proletarian) တဲ့။ ဒါဟာ တေလာရဲ့ သိပ္ပံနည်းကျ စီမံမှုကြောင့်တဲ့။ သက္ကရာဇ် ၁၉၀၀မှာ တော်လှန်ရေးကြီးဖြစ်မှယ်ဆိုတဲ မတ်ရဲ့ ဟောကိန်းမှားခဲ့ရတဲ့ အကြောင်းကလည်း အဲဒါပါဘဲတဲ့။ လီနင်တို့ မျှော်မှန်းခဲ့ သလို စီးပွားရေးအကျပ်အတည်း (Great depression)ကြီးကနေပြီး ကွန်မြူနစ်တော်လှန်ရေးကြီး မဖြစ်တာလည်း အဲဒါပါဘဲတဲ့။

ခေတ်သစ်ကမ္ဘာကြီးကို ထုဆစ်ခဲ့သူ သုံးယောက်ကို ဒါဝင်၊ မတ်၊ ဖရွိုက်လို့ ဆိုစမှတ်ပြုကြတယ်။ တေလာကိုလည်း အဲဒီစာရင်းထဲ ထည့်ဖို့ကောင်းပါတယ်။ စာရင်းမသွင်းချင်လည်း နေကြပေါ့။ စာရင်းသွင်းတာ မသွင်းတာက အရေးမကြီးပါဘူး၊ “ပညာကို အလုပ်ပေါ်မှာတင်စား” ခြင်းအားဖြင့် စီးပွားရေးတိုးတက်အောင်လုပ်လို ရတယ်ဆိုတဲ့ အကြောင်းကို လူနည်းနည်းလေးကသာ သိတာကတော့ မကောင်းဘူးလို ဒရပ်ကားက ရေးတယ်။

နည်းပညာရှင်တွေက စက်တွေကြောင့်လို့ ပြောတယ်။ ဘောဂဗေဒပညာရှင်တွေက ငွေအရင်းကြောင့် လို့ ပြောတယ်။ ဒီနှစ် နှစ်ရာအတွင်းက ပထမပိုင်း နှစ်တစ်ရာနဲ့ ဒုတိယပိုင်း နှစ်တစ်ရာရဲ့ခြားနားမှုကို တကယ်တမ်းရှင်းပြနိုင်တာက “ပညာကို အလုပ်ပေါ်မှာ တင်နိုင်ခြင်း”ပါတဲ့။ ပညာမပါရင် စက်ဖြစ်စေ၊ ငွေအရင်းဖြစ်စေ တိုးလိုက်ယုံနဲ့တော့ ထုတ်လုပ်စွမ်းအား မတိုးတက်နိုင်တဲ့အပြင် လျော့တောင်လျော့နိုင်သေးသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



**စီမံခန့်ခွဲမှု တော်လှန်ရေး (ဇာတ်ခန်း နံပါတ် သုံး)**

ပညာခေတ်ကြီးသို့ ချီတက်လာသော ခရီးဇာတ်ကြောင်းတွင် စက်မှုတော်လှန်ရေးဇာတ်ခန်းနှင့် ထုတ်လုပ်မှုစွမ်းအား တော်လှန်ရေးဇာတ်ခန်းများ ကပြပြီးသောအခါ ယခုပစ္စုပ္ပန်အချိန်မှာ စီမံခန့်ခွဲမှုတော်လှန်ရေးဟူသော တတိယဇာတ်ခန်းကို ကပြအသုံးတော်ခံသော အချိန်ဖြစ်သည်။ ကျွန်တော်တို့ အရပ်၌ မကပြခြင်းမှာမူ ကျွန်တော်တို့ နောက်ကျခြင်းသာဖြစ်၍ အခြား အရပ်တစ်ပါး၌ကား မြိုင်မြိုင်ဆိုင်ဆိုင် ကပြနေကြသည်။

ထုတ်လုပ်မှုစွမ်းအားတော်လှန်ရေး၏ လက်သည် ဖရက်ဒရစ် တေလာ၏ ထုတ်လုပ်မှုစွမ်းအား တိုးတက်ရေးသည် ယခုအခါ ထိုအရပ် ဒေသတို့၌ ပြီးဆုံးသွားခဲ့ပြီ။ တေလာ၏ အလုပ်ပေါ်တွင် ပညာကို တင်ခြင်းမှာ ကိုင်ရတွယ်ရသော၊ ရွှေ့ရပြောင်းရသော အလုပ်ကြမ်း အလုပ်သမားများ အပေါ်တွင် ဖြစ်သည်။ ကုန်ထုတ်လုပ်မှု အလုပ်၊ လယ်ယာထဲက အလုပ်၊ သတ္တုတွင်းထဲက အလုပ်နှင့် သယ်ယူပို့ဆောင်ရေးအလုပ်တို့အပေါ်တွင် ထုတ်လုပ်မှုစွမ်းအား တစ်နှစ်လျှင် ၃.၅မှ ၄ ရာနှုန်းတိုးတက်အောင် လုပ်နိုင်ခဲ့ခြင်း ဖြစ်သည်။ လွန်ခဲ့သော အနှစ် ၄၀ သက္ကရာဇ်အားဖြင့် ၁၉၅၀က တော့ ထိုအလုပ်သမားများသည် အလုပ်သမားအင်အားစုတွင် အများစု ဖြစ်ပါသည်။ ယခု သက္ကရာဇ် ၁၉၉၀တွင် တိုးတက်ပြီးနိုင်ငံတို့၌၊ ထို အလုပ်ကြမ်းသမားများသည် အလုပ်သမားအင်အားစု၏ ငါးပုံ ပုံလျှင် တစ်ပုံထိ လျော့သွားပြီ။ သက္ကရာဇ် ၂၀၁၀တွင် ဆယ်ပုံ ပုံလျှင် တစ်ပုံသာ ရှိတော့ မည်တဲ့။ သို့ဆိုလျှင် အလုပ်ကြမ်းသမားတို့၏ ထုတ်လုပ်မှု စွမ်းအား တိုးခြင်းသည် ကြွယ်ဝချမ်းသာခြင်းခနကို မဖန်တီးနိုင်တော့။ ယခုအချိန်၌ အရေးပါအရာရောက်သည်မှာ အလုပ်ကြမ်းမဟုတ်သော အလုပ်သမားများ၏ ထုတ်လုပ်မှုစွမ်းအား တိုးခြင်းသာ ဖြစ်တော့သည်။ ထိုသို့ တိုးတက်ရန်ကို လည်း ပညာနှင့်သာ လုပ်ရပေလိမ့်မည်။





ပီတာဒရပ်ကားက ပညာ အရေးကြီးလာပုံကို **သူ့အကြောင်းနှင့်** ဥပမာဆောင်၍ ပြောပြသည်။ ဒရပ်ကားသည် အထက်တန်းကျောင်းပြီးသော ၁၉၂၇တွင် ကောလိပ်သို့ မသွားတော့ဘဲ၊ အလုပ်ဝင်၍ လုပ်လေသည်။ သူ့ အဖေကြီးမှာ သားကောလိပ်မသွား၍ စိတ်မချမ်းသာသော်လည်း သူ့သားအား ထင်ရှားသော ကုန်အရောင်းအဝယ် လုပ်ငန်းတစ်ခုတွင် အပ်နှံပေးခဲ့သည်။ ထိုမှ အနှစ်သုံးဆယ်အကြာတွင် ဒရပ်ကား၏သားကိုယ်တိုင်လည်း ကောလိပ် မတက်တော့ဘဲ အလုပ် ဝင်လုပ်မည်ဟု ကြံရွယ်ပြန်သည်၊ ဒရပ်ကား၏ **အဖေ** လက်ထက်က သားကို အလုပ်အပ်နှံရှာပေးနိုင်ခဲ့သော်လည်း ဒရပ်ကား လက်ထက်မှာ သူ့၏သားကို အလုပ်ရှာမပေးနိုင်ခဲ့ပါ။ အဘယ့်ကြောင့်ဆိုသော် ထိုအခါ၌ ကောလိပ်ပညာရေးသည် အလုပ် ကောင်းကောင်းရဖို့ လိုအပ်ချက် ဖြစ်သွားပြီ။ ကောလိပ်ဒီဂရီသည် အလုပ်အတွက် မရှိမဖြစ် လက်မှတ် ဖြစ်သွားပြီ။ ဝင်ငွေ ကောင်းသောလုပ်ငန်းများက ဘွဲ့ရပြီးသူကိုမှ လက်ခံကြ တော့သည်။ ဒရပ်ကားအဖေ လက်ထက်က ကောလိပ်သို့ ချမ်းသာသောလူ လက်တစ်ဆုပ်စာသာ တက်ကြသည်။ ထိုခေတ်က လုပ်ငန်းရှင်များထဲမှ ဂျေပီမော်ဂန်တစ်ယောက်သာ ကောလိပ်သို့ ရောက်ဖူးသည်။ ဒရပ်ကား လက်ထက်မှာတော့ "ကောလိပ်တက်မှ လူ့အဆင့် အတန်းရှိတယ်" ဖြစ်သွားပြီ။ ငွေကောင်းကောင်းရဖို့မူ အသက် ၁၆နှစ်တွင် ကောလိပ်မသွားဘဲ အပြင်ထွက် အလုပ်လုပ်သည် က အဆင်ပြေသည်။ မက္ကင်းနှစ်ဝင်လုပ်လျှင် လူလတ်တန်းစားဝင်ငွေ အလွယ်တကူ ရသည်။ ဒရပ်ကား၏ သားလက်ထက် မှာတော့ ဘွဲ့ ဒီဂရီရမှသာ လူလတ်တန်းစား ဝင်ငွေရနိုင်တော့သည်။ ကျောင်းပညာသည် ဝင်ငွေ သို့မဟုတ် စီးပွားရေး၏ အရင်းအမြစ် ဖြစ်လာသော သဘောပင်၊ တကယ်တော့ ပညာရေးသည် အဓိပ္ပာယ်ရှိရှိ အရင်းအနှီး ဖြစ်လာသည်မှာ ယခုခေတ်၌သာ ဖြစ်သည်။ မြေယာ၊ လုပ်အား၊ ငွေစသော အရင်းအမြစ်များ လိုအပ်သည်မှာ မှန်ပါသည်။ သို့သော် ပညာက ပထမ တန်းစားဖြစ်လာ၍ ၎င်းတို့မှာ ဒုတိယနေရာသို့ ရွှေ့လျော့သွားပြီ။ ပညာရှိလျှင်



www.burmeseclassic.com

www.burmeseclassic.com



ထိုအရင်းအမြစ်များကိုလည်း ရနိုင်သည်။ ပညာဟူသည်မှာလည်း အသုံးချပညာ၊ စီးပွားရေး၊ လူမှုရေး ရလဒ်များ ရနိုင်သော ပညာကိုသာ ဆိုလိုသည်။

ရှိနှင့်ပြီးဖြစ်သော အသိပညာဗဟုသုတကို ပို၍ထိရောက်အောင် ပြုလုပ်သောပညာကို စီမံခန့်ခွဲမှုပညာဟု ပြောနိုင်ပါသည်။ ရည်ရွယ်ချက်ရှိရှိ စနစ်ရှိရှိနှင့် လိုအပ်သောနေရာ၌ လိုအပ်သောပညာကို အသုံးချခြင်းဖြစ်သည်။ ပထမဦးစွာ ပညာကို ကိရိယာများ၊ စက်များ၊ ထုတ်ကုန်များအပေါ်မှာ တင်စားခဲ့သည်။ ဒုတိယတွင် ပညာကို လူ့အလုပ်/ လုပ်ကိုင်ပုံတွင် တင်စားခဲ့သည်။ ယခုတစ်ဖန် ပညာအမြော်အမြင်ကို ထိုထို ရှိနှင့်ပြီးသော ပညာပေါ်တွင် တင်စားပြန်သည်။ စက်မှုတော်လှန်ရေးမှာ ၁၈ရာစုအလယ်လောက်မှ ၁၉ရာစုအလယ်လောက်ထိ နှစ်တစ်ရာခန့်ကြာသည်။ ထုတ်လုပ်မှု စွမ်းအားတော်လှန်ရေးမှာမူ ၁၈၈၀မှ ဒုတိယကမ္ဘာစစ်အပြီးထိ နှစ် ခုနှစ်ဆယ်သာကြာသည်။ စီမံခန့်ခွဲမှုတော်လှန်ရေး သည် ၁၉၄၅မှ ယခုထိ နှစ်ငါးဆယ်သာရှိသေးသည်။ ထို တော်လှန်ရေးများအားလုံးသည် အလွန် နောက်ကျသောနေရာများ မှလွဲ၍ ကမ္ဘာကြီးတစ်ခုလုံးနေရာ အနှံ့အပြားသို့ ရောက်ပေသည်။

စီမံခန့်ခွဲမှုဟူသော စကားလုံးကို သုံးလိုက်လျှင် စီးပွားရေးလုပ်ငန်းနှင့်သာ သက်ဆိုင်သည်ဟု ထင်မြင်ယူဆ ကြသည်။ စီးပွားရေးလုပ်ငန်းကြီးကြီးမားမား၌ စတင်ပေါ်ပေါက်ခဲ့သည်မှာ မှန်၏။ သို့သော် ခေတ်မီဘယ်အဖွဲ့ အစည်းမဆို စီမံခန့်ခွဲမှုလိုအပ်သည်။ စီးပွားရေးလုပ်ငန်း၌သာမဟုတ်။ တခြားသောအဖွဲ့အစည်းများတွင်လည်း စီမံခန့်ခွဲမှုလိုအပ်သည်ဟု စတင်သိရှိ ကျင့်သုံးသည်မှာ အမေရိကန်၌ဖြစ်သည်။ ယခုတော့ တိုးတက်ပြီးနိုင်ငံတိုင်းလိုက်လံ ကျင့်သုံးနေကြပြီ။

စီမံခန့်ခွဲမှုဟူ၍ ရှိနေသည်မှာတော့ ဟိုရှေးရှေးကတည်းကဖြစ်သည်။ လွန်ခဲ့သော အနှစ် ၄၀၀၀ကျော် အီဂျစ်၌ ပိရမစ်များ ဆောက်သောအခါလည်း ပထမတန်းစား စီမံခန့်ခွဲမှုရှိပေလိမ့်မည်။ သို့သော် ပထမကမ္ဘာစစ်အပြီး၌သာ လူတစ်စုက အထူးစပယ်ရှယ်နည်းတစ်ခု အဖြစ်လက်ခံယူဆ





လာကြသည်။ ဒုတိယကမ္ဘာစစ်အပြီး၌တော့ "ပညာရပ်တစ်ခု" အဖြစ်ပေါ်ထွက်လာခဲ့သည်။ ၁၉၅၀၌ ကမ္ဘာ့ဘဏ်က စီးပွားရေးလုပ်ငန်းများကိုငွေချေးခြင်း စတင်လုပ်ဆောင်သောအခါ၊ သူတို့၏ဝေါဟာရအဘိဓာန်တွင် စီမံခန့်ခွဲမှုဟူသော ဝေါဟာရ မပါရှိသေးဟု ဆိုသည်။ စီမံခန့်ခွဲမှုဟူသည်မှာနှစ် ထောင်ပေါင်းများစွာကတည်းက ရှိခဲ့သော်လည်း ဒုတိယကမ္ဘာစစ်ပြီးမှ ပြန်လည်တွေ့ရှိလာသည်။ ထိုအချိန်ကစ၍သာ အမှန်တကယ် အလေးထားဂရုစိုက်လာကြသည်ဟု ဆိုနိုင်သည်။

ထိုသို့ လူတွေ့ အလေးထားဂရုစိုက်လာခြင်း အကြောင်းမှာ ဒုတိယကမ္ဘာစစ်အတွင်းက အမေရိကန် စက်မှုလုပ်ငန်းများ၏ လုပ်ပုံကိုင်ပုံကြောင့်သော်လည်းကောင်း၊ ၁၉၅၀နောက်ပိုင်း ဂျပန်တို့၏ လုပ်ပုံကိုင်ပုံကြောင့်သော်လည်းကောင်း ဖြစ်နိုင်သည်။ ဂျပန်တို့သည် ဒုတိယကမ္ဘာစစ်မတိုင်မီကတည်းက မဖွံ့ဖြိုးသောနိုင်ငံမဟုတ်တော့ပါ။ သို့သော် ဒုတိယကမ္ဘာစစ်တွင် ပြာပုံဖြစ်သွားသည်။ သူကိုယ်ပိုင် နည်းပညာဟူ၍လည်း ရှိသောနိုင်ငံမဟုတ်၊ သို့သော် ဒုတိယကမ္ဘာစစ်အတွင်းက အမေရိကန်တို့၏ "စီမံခန့်ခွဲမှုနှင့် လေ့ကျင့်သင်ကြားပေးခြင်း" ကို "မှီးတတ်သော၊ လက်ခံသိမ်းပိုက်ဟုတ်သော" ဆန္ဒာဓိပတိ ရှိသည်။ ထို့ကြောင့် ၁၉၇၀ခုနှစ်ရောက်သောအခါ (အနှစ်နှစ်ဆယ်အတွင်း) ဂျပန်သည် ကမ္ဘာတွင် ဒုတိယစွဲသော စီးပွားရေးအင်အားကြီးနိုင်ငံ၊ နည်းပညာ ခေါင်းဆောင်နိုင်ငံဖြစ်လာသည်။

တောင်ကိုရီးယားသည်လည်း ထိုအတူပင်ဖြစ်သည်။ သူသည်လည်း ဂျပန်သိမ်းပိုက်ခံရကာ စိစိညက် ကြေခဲ့ရသူ၊ ပြာပုံထဲရောက်သူဖြစ်သည်။ သို့သော် အမေရိကန်ကောလိပ်များ တက္ကသိုလ်များသို့ သူ့လူငယ်များကို ဘင်ပို့လျက် အမေရိကန်နည်းပညာ၊ စီမံခန့်ခွဲမှုပညာတို့ကိုမူ သူ့ပြည်တွင်းသို့ ဘင်သွင်းလျက် နှစ်ဆယ့်ငါးနှစ်ကာလအတွင်း ကြီးပွားအောင် လုပ်နိုင်ခဲ့သည်။

မန်နေဂျာဆိုသည်မှာ ဘာလဲ။ မန်နေဂျာ ဟူသော
စကားလုံးကို အနက်ကောက်ခြင်းသည်လည်း တရှေ.



www.burmeseclassic.com

www.burmeseclassic.com



ရွှေ့ပြောင်းလဲခဲ့သည်။ ဒုတိယကမ္ဘာစစ်ပြီးကာစက "မန်နေဂျာဟူသည်မှာ လက်အောက်ငယ်သားတို့၏ အလုပ်ကို တာဝန်ခံသောသူ" ဟူ၍ အဓိပ္ပာယ်ရသည်။ လက်အောက် ငယ်သားများတို့၏ ဘော့စ် (အကြီးအမှူး) ဟူ၍ ယူနိုင်သည်။ အာဏာနှင့် အဆင့်အတန်းရှိသူဟူ၍ ယူရမည်။ ယခုအထိလည်း လူတော်တော်များများက ထိုသဘောယူမှတ်ကြသည်။ ၁၉၅၀ကျော်တွင်မူ မန်နေဂျာဟူသည် အဖွဲ့ဝင်လူတို့၏ အလုပ်ကို တာဝန်ခံသောသူဟူ၍ အဓိပ္ပာယ်ပြောင်းလဲသွားသည်။ လက်အောက်ငယ်သားဟူသော အသုံးအနှုန်းကို သုံး၍မဖြစ်တော့။ ယခုခေတ်တွင် ထိုအနက်ကောက်သည်လည်း မပြည့်စုံတော့ပါ။ မန်နေဂျာဟူသည် ပညာကို အသုံးချပုံ၊ ပညာကို တင်စားပုံနှင့် စပ်လျဉ်း၍ တာဝန်ရှိသောသူ ဟူသတတ်။

ပညာ – ပညာနှင့် ပြောနေကြသည်မှာ ပညာသည်သာ မရှိမဖြစ်သော အရင်းအမြစ်မို့ ဖြစ်သည်။ မြေယာ၊ လုပ်အား၊ ငွေ စသော အရင်းအမြစ်တို့မှာ "ကန့်သတ်သော အရင်းအမြစ်များ" ဖြစ်၍ ယင်းတို့မပါလျှင် ပညာတစ်ခုတည်းနှင့်လည်း မထုတ်လုပ်နိုင်၊ စီမံခန့်ခွဲမှုသည်လည်း အလုပ်မဖြစ်နိုင်သော်လည်း ပညာသည်မူ "လွတ်မြောက်စေသော အရင်းအမြစ်" ဖြစ်သတဲ့။ ဉာဏ်ပညာ အမြော်အမြင်ကို ပညာပေါ်တွင် တင်စားသော ထိရောက်သည့် စီမံခန့်ခွဲမှု ရှိလျှင် အခြားသော အရင်းအမြစ်များကို လွယ်လင့်တကူ ရရှိနိုင်ပါသတဲ့။





ထို့ကြောင့် ပညာသည် အရင်းအမြစ်ကြီးတဲ့ (The resource)။ ပညာသည် (a resource) အရင်းအမြစ်ကလေးတစ်ခု မဟုတ်ပါတဲ့ ခင်ဗျား။

ဘာပညာလဲ (Knowledge to Knowledges)

ပညာမှ ပညာများသို့

ပညာဟူသည်မှာ အထွေထွေ ယေဘုယျ ဗဟုသုတ(general) မဟုတ်။ အထူးသိ၊ အထူးတတ်ကျွမ်းသော ပညာ (highly specialized) သည်သာ အသုံးဝင်သတဲ့။ ယခင်ကတော့ ပညာတတ်ဟူသည် အထွေထွေ သိသောသူများသာ ဖြစ်သည်။ ပညာတတ်တို့က ပြောတတ် ဆိုတတ်ကြသည်။ အကြောင်းအရာများစွာကို ပြောနိုင်ဆိုနိုင်ကြသည်။ အကြောင်းအရာများစွာကို နားလည်ကြသည်။ သို့သော် (ထိုသို့သော်သည် အတော်အရေးကြီးသော သို့သော် ဖြစ်သည်။) အလုပ်တစ်ခုကို နိုင်နိုင်နင်းနင်း ပြုလုပ်နိုင်ရန်တော့ မတတ်ကျွမ်းကြချေ။ "သင်သည် ပညာတတ်တစ်ယောက်ကို ဂုဏ်သရေရှိ ဧည့်သည်တစ်ယောက်အဖြစ် ညစာစားပွဲတစ်ခု တက်ရောက်ရန် လိုလားကောင်း လိုလားလိမ့်မည်။ လူမနီးသော ကျွန်းတစ်ကျွန်းအပေါ်၌ သင်နှင့်အတူရှိရန်ကိုမူ လိုလားလိမ့်မည်မဟုတ်။ ထို လူသူ မနီးသော အရပ်၌ သင်လိုအပ်သည်မှာ လုပ်တတ်ကိုင်တတ်သောသူများသာ ဖြစ်၍ ပညာတတ်များ မဟုတ်" ဟူသော ပုံပြင်ဟောင်း တစ်ပုဒ်ရှိလေသည်။ ဤခေတ် တက္ကသိုလ်များတွင် ထိုထိုရှေးရိုးစဉ်လာ ပညာတတ်ကို ပညာတတ်ဟူ၍ သဘောထား ကြတော့သည် မဟုတ်။ အပေါ်ယံမျှ သိမြင်သူ (dilettante) ဟူ၍သာ သဘောထားကြတော့သည်။

မတ်တွိန်း၏ အာသာဘုရင်၏ နန်းတော်မှ ယန်ကီး (connecticut Yankee at King Arthur's Court) စာအုပ်မှ ဇာတ်လိုက်သည် အစဉ်အလာ ပညာတတ်မဟုတ်ပါ။ ထို ယန်ကီးသည် လက်ဓာင်နှင့် ဂရိမတတ်၊



www.burmeseclassic.com

www.burmeseclassic.com



ကိုသင်္ချိုဟာ၊ မဖတ်တတ်၊ သမ္မာကျမ်းစာကိုပင် မသိပါ။ သို့သော် လက်မှုပညာတတ်သည်၊ လျှပ်စစ်မီးရအောင် လုပ်နိုင်သည်။ တယ်လီဖုန်း လုပ်တတ်သည်။

ဆိုကရေးတီး အလိုအရတော့ ပညာ၏တာဝန်မှာ မိမိကိုယ် မိမိသိအောင်နှင့် မိမိကိုယ်မိမိ တိုးတက်အောင် (self- knowledge and self improvement) လုပ်ခြင်းပင် ဖြစ်သည်။ သို့ဆိုလျှင် ပညာတတ်ခြင်း၏ ရလဒ်သည် အတွင်းသို့ (Internal)ဖြစ်သည်။ ဆိုကရေးတီးနှင့် ဆန့်ကျင်ဘက် ပရိုတာဂိုရပ်စ် အလိုအရမှု ပညာ၏တာဝန်မှာ ဘာကို ပြောရမည်ကို သိရန်နှင့် ကောင်းစွာ ပြောတတ်ရန် ဖြစ်သည်။ ပညာသည် လူ၏ ပုံကို ဖော်ရန်ဟု ဆိုနိုင်သည်။ လွန်ခဲ့သော အနှစ်နှစ်ထောင်ကျော်မှာ ပရိုတာဂိုရပ်စ်၏ သဘောထားက သင်ယူခြင်းဆိုင်ရာ အနောက်တိုင်းအယူအဆကို လွှမ်းမိုးခဲ့ သည်။ ထို့ကြောင့် လစ်ဘရယ်ပညာရေးမှာ သဒ္ဒါ၊ ယုတ္တိနှင့် အာဝဇ္ဇန်းတို့ အဓိကပါဝင်၍ ယင်းတို့သည် ဘာကို ဘယ်လို "ပြော"ရမည် အတွက်သာ အသုံးဝင်သော ပစ္စည်းများ ဖြစ်သည်။ ဘာကို"လုပ်"ရမည်၊ ဘယ်လိုလုပ်ရမည် ကို ဆုံးဖြတ်ရန် အသုံးဝင်သော ပစ္စည်းများတော့ မဟုတ်ကြ။ အရှေ့တိုင်း အတွေးအခေါ်တို့မှ ဇင်နှင့် ကွန်ဖြူးရှပ်အယူအဆများသည်လည်း ယင်းတို့နှင့် ဆင်ဆင်တူသည်။

ကျွန်တော်တို့ ယခု တင်ပြနေသော ပညာမှာမူ ထိထိရောက်ရောက် ပြုလုပ်နိုင်စွမ်း၌ အာရုံစိုက်သော ပညာ၊ ရလဒ်ပေါ်၌ အာရုံစိုက်သောပညာ ဖြစ်သည်။ ယင်းရလဒ်များသည် မိမိ၏ "အတွင်းသို့" မဟုတ်၊ မိမိ၏ "အပြင်သို့" (outside the person)ဖြစ်သည်။ အဖွဲ့အစည်းသို့၊ စီးပွားရေး ရာသို့ ထိုရလဒ်သည် ရောက်ရှိရလိမ့်မည်။

ထိုသို့ ရလဒ်များရရှိရန် ပညာဟူသည်မှာ အထူးတလည် တတ်မြောက်သော ပညာဖြစ်ရလိမ့်မည်။ သီးသန့်ဖြစ်သော၊ မဆက်စပ်သော၊ အထူးတလည်ဖြစ်သောကြောင့် ရှေးခေတ်က ထိုအရာတို့ကို တက်ခနိဟု





ခေါ်ခဲ့ကြသည်။ လက်မှုအတတ်ဟု ခေါ်ခဲ့ကြသည်။ ယခုအခါ၌ သိပ္ပံပညာရပ် (Discipline)ဟု ပြောင်းလဲခေါ်ဝေါ်သည်။ သိပ္ပံပညာရပ်သည် လက်မှု အတတ်ကို နည်းစံနစ်/ နည်းပညာအဖြစ်သို့ ပြောင်းလဲစေသည်။ တကယ်တော့ ထိုနည်းပညာတို့သည် သီးသီးသန့်သန့် ဖြစ်သည်။ အထူးပြုရ သည်။ ယေဘုယျပြု၍ မရတတ်၊ သင်ယူခြင်းသာမက၊ အတွေ့အကြုံပါရှိ ရသည်။ ကျောင်းနေရုံနှင့်မရ သင်တန်းနှင့် လေ့ကျင့်ရသည်။ အင်ဂျင်နီယာ အတတ်၊ သမားတော်၏ ရောဂါ ခွဲခြားအမည်တပ်ပုံ စသည်တို့ဖြစ်သည်။ နည်းပညာဟူသည်မှာ ကြုံသလို တွေ့ရသော အတွေ့အကြုံများကို စနစ် အဖြစ် အသွင်ပြောင်းစေခြင်း ဖြစ်သည်။ အကြောင်းအရာအတိုအထွာကို ဗဟုသုတ သတင်း အချက်အလက်အဖြစ် အသွင်ပြောင်းစေခြင်း ဖြစ်သည်။ လုပ်တတ်ကိုင်တတ်ခြင်းကို သင်ယူ၍ရသော ကျွမ်းကျင်မှုအဖြစ် အသွင် ပြောင်းစေခြင်း ဖြစ်သည်။

ပညာမှ ပညာများသို့ အပြောင်းအလဲကြောင့်၊ ပညာ၌ တန်ခိုး ရှိလာခြင်း ဖြစ်လေသည်။ ထိုတန်ခိုးသည် လောကအသစ်ကို ဖန်တီးသော တန်ခိုးဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



# တောဇတွေအသံဆိတ်တော့

ကိုဧရကုရာ
နှစ်များစွာ ရှည်ကြာဖြတ်သန်း
သည်ကမ္ဘာ မြေစခန်းသည်
တွေ့ဆန်း ပတ်ဝန်းကျင်
ဘုရား ဖန်ဆင်းသည်ပင် ထင်ကြ
ဆင်မြင်း ကျားသစ် တီရစ္ဆာန်
သက်ဝင် လှုပ်ရှား ပွားများဟန်နှင့်
ပန်းမန်သစ်ပင် ဩကာသနှင့်
သက်ရှိ သတ္တလောကတို့ .....

(ကြည်အေး)

www.burmeseclassic.com

www.burmeseclassic.com



ကိုရင်တာ မနက်အိပ်ရာနိုးရင် ချိုးကူသံလေး ကြားရတယ်။ စာကလေးသံနဲ့ ကျီးသံတအာအာလည်း ကြားရတယ်။ သို့သော် ကိုရင်တာ တောသားဆိုပေမယ့် တောအုပ်ကြီးတွေထဲ ခဏခဏ မရောက်ဘူးပါ။ ယုန်လေးတွေ ဖြတ်ပြေးတဲ့ သစ်ပင်အုပ်အုပ်တွေထဲတော့ ရောက်ဖူးတာပေါ့။ ခန္တီးမှာ တာဝန်ကျတုန်းက ဟတ္တီ၊ လောင်ဆောက်၊ ဖေါင်ဆိုင် ရောက်ခဲ့သော်လည်း သူပုန်ကြောက်တာနဲ့ အဲဒီတုန်းက တောအလှ မခံစားနိုင်ခဲ့ပါ။ အမြန်ပြန်ဖို့ပဲ အာရုံစိုက်ခဲ့မိပါတယ်။ တစ်ခေါက်လောက်တော့ မုံရွာကနေ မဟာမြိုင်ကို ဖြတ်ပြီး ကားနဲ့ခရီးသွားရဦးမယ်လို့ ကြုံးဝါးနေမိတယ်။ စိမ့်ကြီး မြိုင်ကြီး ဂနိုင်ကြီးအလယ်မှာ တစ်ညလောက်အိပ်ပြီး ကျားသစ်သံ၊ ဂျီ ဟောက်သံ နားထောင်ကြည့်ချင်တယ်။ အလောင်းတော် ကဿပမှာ တစ်ညအိပ်ဖူးတုန်းကတော့ တောသံကြားဖူးပါရဲ့။

ဘာဖြစ်လို့ တောသံကို လွမ်းနေရသလဲ။ စိမ့်ကြီးမြိုင်ကြီး၊ ရိပ်ကြီး တောတောင်က မရှိတော့လို့လား။ တောင်ရှိသော်လည်း၊ နောက်များမှာ တောသံက ရှိချင်မှ ရှိတော့မှာတဲ့။ What if the forests were silent? တောတွေ အသံဆိတ်တော့. . . . ဆိုတဲ့ စာတစ်ပုဒ်ကို ဖတ်လိုက်ရပါတယ်။

“အပူပိုင်းဒေသ သစ်တောတစ်ခုမှာ အရုဏ်ကျင်းပြီ။ သစ်တော ထိန်းသိမ်းသူတွေဟာ သစ်ပင်တွေကို လွှတွေရဲ့ ဘေးရန်က ကာဆည်းနိုင်ခဲ့ ပါတယ်။ ဒါကြောင့် ထူထူထဲထဲ သစ်ပင်အုပ်အုပ်အောက်မှာ သဘာဝဟာ နဂိုပကတိ အတိုင်းပါပဲ။ ဒါပေမယ့် တစ်ခုခု မရှိဘူး၊ အရုဏ်ဟာ သာမန် အားဖြင့် တေးသံ ညိုးညိုးညံညံ သံစုံ တီးဝိုင်း ယူလာစမြဲ။ ယခု . . . ယခုတော့ ဒီမှာ တိတ်ဆိတ်နေတယ်။ မျောက်အော်သံ မကြား၊ ပျံသန်းငှက် တေးမဆို၊ ခြုံပုတ်အောက်က တဖျတ်ဖျတ်သံ မရှိ၊ တောတိရစ္ဆာန်တွေ ကုန်ပါပဲကော။

၂၀၂၀ မှာ ဆိတ်ဆိတ် အရုဏ်ဟာ ကမ္ဘာတစ်လွှား နေရာတကာမှာ ကျရောက်တော့မတဲ့။ တကယ့်တကယ်တော့ အဲလို ဗလာသစ်တောတွေဟာ လာအိုကနေ ဇိုင်ယာထိ နေရာတကာမှာ ဖြစ်ပေါ်စ ပြုနေပြီတဲ့။ ဖြစ်ပေါ်





လာတဲ့ အကြောင်းတရားကလည်း ရှင်းလင်းလှပါသတဲ့။ လူတွေက တော တိရစ္ဆာန်တွေကို သတ်နေသတဲ့။ သေနတ်ကွင်းနဲ့ဖြစ်စေ၊ မိုန်းနဲ့ဖြစ်စေ၊ ထောင်ချောက်နဲ့ ဖြစ်စေ၊ သေနတ်နဲ့ဖြစ်စေ၊ လူတွေဟာ စားဖို့အတွက် ဖြစ်ဖြစ်၊ ရောင်းဖို့အတွက်ဖြစ်ဖြစ်၊ ဆေးဝါးအတွက် ဖြစ်ဖြစ် ဘာမဆို သေမင်း ငင်စေတော့တာပဲတဲ့။ တောရိုင်းဗေဒ ဇီဝဆရာတွေက ယခုမှ တွက်ချက်မှု စလုပ်တဲ့အခါ . . . ဘရာဇီး အမေဇုံ သစ်တောက ၁နှစ် ၁နှစ်မှာ တိရစ္ဆာန် ၂၄သန်းခန့် သတ်ဖြတ်ကြသတဲ့။ အနောက် အာဖရိက ကိုရုပ် သဘာဝဥယျာဉ်က တောသား၊ ကီလို ၂သိန်း ခုနစ်သောင်းငါးထောင်ထိ ကောင် သတ်သတဲ့။ တိရစ္ဆာန် မျိုးတုန်းသွားရတာတွေရဲ့ လေးပုံ တစ်ပုံဟာ အမဲလိုက်တာကြောင့် တဲ့၊ “တို့တစ်တွေဟာ တော ပြုံးအောင် ကာကွယ်လိုက်လို့ တိရစ္ဆာန်တွေ နေစရာရရင် ဒီတိုက်ပွဲတော့ အောင်မြင်ပြီ လို့ ထင်ခဲ့တယ်။ ယခု မအောင်မြင် ပါ။ ဒီလို သတ်ဖြတ် မှုကြီးတွေကို တို့ ကြို မမြင်နိုင်ခဲ့ပါ” လို့ တောရိုင်း တိရစ္ဆာန် ထိန်းသိမ်းရေး အစည်းအရုံးက ဇီဝပညာရှင် အလန်က ညည်းတွားရှာတယ်။

> ဂစ်ဟုန်ထိုး တိုးလာတဲ့ တိရစ္ဆာန် သတ်ဖြတ်မှုကြီး ဟာ နောက်ရာစု နှစ်မှာ ကြောက်ခမန်းလိလိ ရင်ဆိုင် ရမယ့် ပြဿနာကြီး ဖြစ်နေ ပါတယ်။

တောပြုန်းတာ၊ လူဦးရေ တိုးတာ၊ ပတ်ဝန်းကျင် ညစ်ညမ်းတာစတဲ့ အန္တရာယ်ကြီးတွေနဲ့



www.burmeseclassic.com

တိုက်ခိုက်နေရတဲ့ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းသူ တွေအဖို့ တစ်ဟုန်ထိုး တိုးလာတဲ့ တိရစ္ဆာန်သတ်ဖြတ်မှုကြီးဟာ နောက်ရာစု နှစ်မှာ ကြောက်ခမန်း လိလိ ရင်ဆိုင်ရမယ့် ပြဿနာကြီး ဖြစ်နေပါတယ်။ သစ်တောတွေထဲမှာ နေတဲ့ လူတွေတိုးလာတာရယ်၊ သစ်တောနေ လူမျိုးစုတွေ အနောက် ဆန်လာတာရယ်ကလည်း အကြောင်းတရားတွေပါပဲ။ ကျွဲခြံ နွားခြံကြီးတွေ တောထဲကို တိုးလာတာရယ်၊ သစ်ခုတ်ဖို့ လမ်းတွေဖေါက်လို့ တောနက်ထဲကို လူရောက်ဖို့ လွယ်လာတာရယ်၊ သဘာဝ ဆေးဝါး ဈေးနှုန်း မြင့်လာတာရယ် (သဘာဝ ဆေးဝါးဆိုလို့ ချို့ အပါအဝင် ကြံ့တစ်ကောင် ရောင်းလို့ရတဲ့ ငွေဟာ ဒေသခံတစ်ယောက် တစ်သက် သာမန်အားဖြင့် ရှာလို့ ရတဲ့ငွေထက် ပိုမယ်) ဒီအချက် သုံးချက်ကလည်း တောကောင်တွေ ပြုန်းရခြင်း အကြောင်းတရား တွေပါပဲ။ "လူတွေကို တောထဲက မဖယ်ဘဲနဲ့ သစ်တောတွေကို တော ကောင်တွေ ပြန်ဖြည့်လို့ မရနိုင် ပါဘူး"လို့ ဇီဝပညာရှင် တစ်ယောက်က ပြောပါတယ်။

တောလိုက်တာရဲ့ အကျိုးတရားဟာ အသတ်ခံရတဲ့ မျိုးစိတ်တွေ သာ ပြုန်းစေတာ မဟုတ်ပါ။ မကဒါစကာထဲက လီမာဆိုတဲ့ မျောက်လေမွေး သုဉ်းရင် အဲဒီသစ်တောထဲက သစ်ပင်အမျိုးနှစ်ဆယ်လောက် သုဉ်းနိုင်သတဲ့၊ ဘာကြောင့်ဆိုတော့ မျိုးစေ့တွေကို ပျံ့နှံ့အောင် မျောက်လေမွေးက ဖြန့်ပေး လို့တဲ့။ အိန္ဒိယမှာ ကျားတွေ သားကောင် မရှိလို့ အစာငတ်ကြတယ်။ သူ့သားကောင်တွေကို လူတွေက သတ်ကုန်ကြလို့ပေါ့။ တောတွေကို တို့ထိန်းထားနိုင် ကောင်းတယ်။ ဒါပေမယ့် တောတွေကို အသက်ဝင်စေတဲ့ တောတိရစ္ဆာန်တွေကိုတော့ ဆုံးရှုံးကုန်ပြီလို့ ဇီဝပညာရှင်တွေ ပြောကုန်ကြပြီ။

မျှော်လင့်ချက် ရှိစေမယ့် သတင်းပလင်းလေး အနည်းအကျဉ်းတော့ ရှိပါတယ်။ တချို့ အဖွဲ့အစည်း၊ တချို့ အစိုးရတွေက အရေးတယူလုပ်တာ ရှိပါတယ်။ မလေးရှား ဆာရာဝပ်မှာ တောရိုင်းတိရစ္ဆာန် ကုန်မကူးရ နှစ်လုံးပြူး သေနတ် မရောင်းရ၊ သစ်ခုတ်ပြီးရင် သစ်ခုတ်လမ်းတွေ ပိတ်ကြလို့





ဘားမြစ်ပါတယ်။ "ကျွန်တော်တို့ကတော့ အကောင်းမြင်ရမှာပဲ အကောင်း မမြင်ရင် ဒီထိန်းသိမ်းတဲ့ အလုပ်ကြီးကို လက်လျှော့မိတော့မှာတဲ့"

ဒီတစ်ခါ ဆောင်းရောက်ရင်တော့ နှစ်ထောင်ရောက်တော့မယ်။ နှစ်ဆယ့်တစ်ရာစုဟာ နှစ်ထောင့်တစ်မှာ စမယ်လို့ ပြောသူက ပြောပေမယ့် ကိုရင်တာ အဖို့ နှစ်ထောင့်တစ်ထိ မစောင့်တော့ပါ။ နှစ်ထောင် မရောက်ခင် ဓာတိချက်ကြွေ၊ မုံရွာကတစ်ဆင့် မဟာမြိုင်ကို သွားတော့မယ်။ ကလေးတွေ ကိုလည်း ခေါ်မယ်လို့ အလေးအနက် စဉ်းစားမိပါတယ်။ နှစ်ဆယ့်တစ်ရာစုမှာ ဘာတွေဖြစ်မယ်၊ ညာတွေဖြစ်မယ် ပြောကြပါတယ်။ ပညာခေတ် သတင်း ခေတ်လို့ ပြောကြပါတယ်။ ဘယ်သူတွေ ဘာပြောပြော တောကိုတော့ သွားကြည့်ထားအုံးမှတော်မယ်။ ကိုယ်က ဒါတော့ တတ်နိုင်ပါတယ်၊ ရွှေပြည်သားတွေ ဖြစ်လျက်နဲ့ သားရဲတွေ မမြင်ဘူး၊ တောသံမကြားဘူး မဖြစ်ရအောင် သွားထားမှ တော်မယ်။

သည်ကမ္ဘာ မြေစခန်းသည်
ထွေဆန်း ပတ်ဝန်းကျင်
ဘုရား ဖန်ဆင်းသည်ပင် ထင်ကြ
ဆင်မြင်း ကျားသစ် တိရစ္ဆာန်
သက်ဝင် လှုပ်ရှား မွှားများဟန်နှင့်
ပန်းမန်သစ်ပင် ဩကာသနှင့်
သက်ရှိ သတ္တလောကတို့ . . .

www.burmeseclassic.com



# အနုပညာနှင့် အားကစား . . . လုပ်ကြပါစို့ဗျား

မ ရောက်တာ အတော်ကြာသွားတဲ့ စက်ာပူကို မနေ့တနေ့က ရောက်သောအခါ . . . ဒီတစ်ခါလည်း ခင်ဗျားတို့က ပြောင်းလဲပြန်ပြီကိုးဟု စိတ်ထဲမှ ရေရွတ်မိပါသည်။ လေယာဉ်ပေါ်တွင် စနေ စထရိတ်တိုင်း ဖတ်ရသောအခါ ပြတိုက်များ၊ ဂယ်လာရီများ အနုပညာဟောပြောပွဲများ အကြောင်း အတော်များများ ဖတ်ရတွေ့ရ၍ ဖြစ်သည်။ ကျွန်တော် သိသလောက် ၉၇ ခုနှစ်ထိ စက်ာပူ၌ အနုပညာနှင့် ပတ်သက်တာ များများစားစား မရှိပါ။ ဗစ်တိုးရီးယားပြတိုက် ရှိသည်။ စက်ာပူ

www.burmeseclassic.com

www.burmeseclassic.com



ဆင်ဖိုနီအောက်ခက် စတြော ရှိသည်။ အနည်းအကျဉ်းပါပဲ။ ယခု ပြခန်း ၄ – ၅– ၁၀ ခု တိုးလာသည်။ ဂိုချုပ်တောင်က "စင်္ကာပူနိုင်ငံသား သဗ္ဗညူရှိသ အပေါင်း . . . သူတော်ကောင်း တို့ ခင်ဗျား . . ၊ ခင်ဗျားတို့ ပိုက်ဆံရှာတတ်ကြပြီ။ ဒါပေမဲ့ ပိုက်ဆံရှိရုံနဲ့ ဘဝဟာ ပြည့်စုံတာ မဟုတ်ဘူး ခင်ဗျ။ လူ့ဘဝလည်း ပြည့်ပြည့်စုံစုံ ဖြစ်အောင် အများတကာထက်လည်း နောက်မကျအောင် အနုပညာနဲ့ အားကစားလေး လုပ်ကြပါစို့ဗျား"ဟု နှိုးဆော်သည်။ စင်္ကာပူနိုင်ငံသူ နိုင်ငံသားတွေကလည်း ကျေကျေနပ်နပ် ခေါင်းတညိတ်ညိတ်လက်ခံကြသည်။ ကမ္ဘာ့ အဆင့်မီ စင်္ကာပူတဲ့ဗျား။ သာဓု . . . သာဓု . . . သာဓု။

ကမ္ဘာမှာ အရွေ့ကြီးသုံးရွေ့လုပ်တယ်လို့ ဖတ်ဖူးပါတယ်။ ၇၀ ခုနှစ်တွေတုန်းက အရည်အသွေး ရွေ့လျားမှု (quality movement) ၈၀ ခုနှစ်တွေတုန်းက ပြန်လည်တည်ဆောက်ခြင်း ရွေ့လျားမှု (Reungineering movement)နဲ့ ၉၀ ခုနှစ်တွေမှာ တီထွင်ဖန်ဆင်းခြင်း ရွေ့လျားမှု (creativity movement)တဲ့ဗျ။ ထိုင်းတို့၊ ကိုရီးယားတို့က ဒုတိယအရွေ့လုပ်နေတဲ့အခါမှာ စင်္ကာပူက သူတို့ထက် ရှေ့ရောက်တဲ့ တီထွင်ဖန်ဆင်းခြင်း ကိစ္စကို စပြီးလုပ်တဲ့ သဘောပါပဲ။

ကျွန်တော်က ၉၀ ခုနှစ် အစတုန်းက စင်္ကာပူမှာ ဖိလ နေဖူးတယ်။ စင်္ကာပူကို မကြိုက်ပါဘူး။ တယ် ကျပ်တည်းတယ်။ လယ်တွေ ယာတွေ ဝိုင်းနေတဲ့ ကျွန်တော့် မုံရွာလောက် မကြိုက်ဘူး။ လူတွေက သွားသုတ်သုတ်စားသုတ်သုတ်၊ ကလေးတွေရော လူကြီးတွေရော မနက် ဖနာရီ အိပ်ရာကထ။ ည ဖနာရီမှာ အိမ်ပြန်ရောက်။ တစ်ပတ်လုံး အလုပ်လုပ်၊ စနေနေ့ တစ်ဝက်မှာအား၊ လည်စရာ သိပ်မရှိ၊ စင်္ကာပူသားတွေက အစားမှာ တယ်အားသန်တော့၊ စားသောက်ဆိုင်တွေမှာ စား၊ တနင်္ဂနွေနေ့ ၁၀နာရီလောက်ထိ အိပ်၊ အားမွေး၊ နောက်တစ်ပတ်ပြန်စ၊ ဒါပါပဲ။ တကယ်ကတော့ ဒါဟာ စက်မှုခေတ်ရဲ့ နရီလို့ နောက်များ စာအုပ်တွေ ဖတ်မှ သိပါတယ်။ စက်မှုထွန်းကားခြင်းရဲ့ နရီပါပဲ။ လူတွေ (စင်္ကာပူနိုင်ငံသားတွေ)ဟာ စက်မှုခေတ်ရဲ့ နရီ





အတိုင်း လှုပ်ရှားရတာပါပဲ။ ကျွန်တော့်နရီက လယ်ယာခေတ်နရီဆိုတော့ ဒီစက်မှုနရီနဲ့ မကိုက်သလို ဖြစ်နေတာ။ ခု စင်္ကာပူက ၂၁ ရာစုမှာ နရီအသစ်နဲ့ သွားမယ်လို့ ပြင်တယ်။ အရင်က ကျပ်တည်းတာတွေကို လျှော့တော့ မလို့တဲ့။

နယူးစ်ဝိခ်မှာ ဖတ်ရတာလေး ပြန်ပြောပါရစေ။

နရီအသစ်နဲ့ လိုက်လှုပ်ရှားဖို့ ပညာအသစ် လိုတယ်။ ဒါကြောင့် ပထမဆုံး တင်းကျပ်တဲ့ ပညာရေးစနစ်ကို ပြင်မယ်တဲ့။ ဒီမြို့နိုင်ငံလေးဟာ ဆင်းရဲတဲ့ ကိုလိုနီမြို့ကလေးကနေပြီး ထုတ်လုပ်မှု ဗဟိုချက်၊ ငွေကြေးဝန်ဆောင်မှုဆိုင်ရာ ဗဟိုချက် ဖြစ်အောင် လုပ်ပြီး၊ ချမ်းသာလာအောင် လုပ်နိုင်ခဲ့ပါတယ်။ ဒါပေမဲ့ နိုင်ငံခေါင်းဆောင်တွေက ဆက်လက်ပြီး ချမ်းသာနေဖို့ဆိုရင် ပြုပြင်ပြောင်းလဲရအုံးမယ်လို့ သိပါသတဲ့။ စင်္ကာပူနိုင်ငံတကာ အကယ်ဒမစ်ဆိုင်ရာ အကြံပေးအဖွဲ့ဆိုတာ လုပ်ထားတယ်။ အဲဒီအဖွဲ့ဝင်တစ်ယောက်ကို သူတို့ရဲ့ဗျူဟာကို ဝေဖန်ပါလို့ ခိုင်းသတဲ့။ စီနီယာဝန်ကြီးလီကွမ်းယူက အဲဒီအဖွဲ့ဝင် ဂျိုးဇက်ကို "တို့ စင်္ကာပူက အနာဂတ်ကို မျှော်ကြည့်ရလိမ့်မယ်။ သတင်းနည်းပညာတို့၊ ဇီဝနည်းပညာတို့၊ ဖျော်ဖြေရေးတို့ကို စေ့ငုရလိမ့်မယ်။ အဲဒီပညာရပ်တွေ တတ်ဖို့ တို့ပညာရေးမှာ တီထွင်ဖန်ဆင်းမှုကို ပိုအလေးပေးဖို့ လိုအပ်တယ် မဟုတ်လား" လို့ ပြောသတဲ့။

၁၉၉၇ ခုနှစ်မှာ သူတို့မှာ တက္ကသိုလ်ကျောင်းသား ခုနှစ်ထောင်လောက် လိုတယ်လို့ သိသတဲ့။ သက္ကရာဇ် နှစ်ထောင်မှာ သူတို့ စီးပွားရေးကြီးတစ်ခုလုံးအတွက် ဘွဲ့ရ သောင်းခုနှစ်ထောင် လိုသတဲ့။ သူတို့တက္ကသိုလ်နှစ်ခုမှာ စင်္ကာပူ ကျောင်းသား ရှစ်ထောင်ပဲ ရှိတယ်။ ပြင်ပနိုင်ငံတွေမှာ သင်တဲ့ကျောင်းသားတွေနဲ့ ပေါင်းထည့်လည်း မလုံလောက်ပါဘူးတဲ့။ ဘွဲ့ရမည်ကာမတ္တနဲ့လည်း မဟုတ်သေးဘူးတဲ့။ အမျိုးမျိုးအပြားပြား ပညာများကို တတ်သော ဘွဲ့ရများတဲ့။ လီကွမ်ယူက ဘယ်လို ညည်းသလဲဆိုရင် . . . "စင်္ကာပူဟာ ဟောင်ကောင်လို လွတ်လပ်ပျားပန်းမခတ်ဘူး၊ စင်္ကာပူဟာ အစိုးရ အမှုတော်ထမ်းဖို့ အကောင်းဆုံး၊ အတော်ဆုံး အမှုထမ်းတွေ လေ့ကျင့်

www.burmeseclassic.com



နိုင်ပါရဲ့၊ ဟောင်ကောင်လို၊ တိုင်ဝမ်လိုတော့ အောင်မြင်တဲ့ စွန့်ဦးတီထွင် စီးပွားရေးသမားတွေ များများစားစား မမွေးထုတ်နိုင်ခဲ့ဘူး။” ဂိုချုပ်တောင်ကလည်း . . . “တီထွင်တတ်တဲ့ လူအဖွဲ့ တစ်ခု တည်ဆောက်မယ်လို့ ပြောနေတာကိုက ပြောင်းပြန် ဇောက်ထိုးပြောသလို ဖြစ်နေမလား မသိဘူး။ တီထွင်တယ်ဆိုတာမျိုးကို သင်လို့ရသလား၊ ကျွန်တော်တို့ စမ်းကြည့်ကြတော့ မလို့”တဲ့။

စင်္ကာပူက အိမ်နီးနားချင်းတွေထက်သာတဲ့ အချက်တွေ ရှိပါတယ်။ သူတို့က မယ်ရီတိုကရက်တင်တဲ့ ခေါင်းဆောင်တွေမှာ ဉာဏ်အမြော်အမြင် ရှိပါသတဲ့၊ လာဘ်စားခြင်းလည်း ကင်းသတဲ့၊ ပီကင်းတက္ကသိုလ်က တရုတ်မကြီးတစ်ယောက်က “သူ့သားခမျာ တက္ကသိုလ် ဝင်ခွင့် စာမေးပွဲအောင်ဖို့ အရမ်း ကြိုးစားရတယ်၊ ကစားဖို့ လိုအပ်တဲ့အချိန် တီထွင်ဉာဏ်ရှိဖို့ လိုအပ်တဲ့ အချိန် . . . ဒီအချိန်တွေ မရနိုင်ပါ။ စာမေးပွဲတွေ အောင်ဖို့ လိုအပ်တာတွေကြောင့် ကျောင်းတွေသင်တဲ့ နည်းလမ်းတွေလည်း လွဲကု တာပါပဲ။ စာမေးပွဲ စနစ်ကြီး ပြောင်းဖို့ ဆိုတာလည်း (စာမေးပွဲတွေ မရှိရင်) လာ ပိုစားလာမှာမို့ မဖြစ်နိုင်ပါ လို့ ညည်းရှာသတဲ့။ စင်္ကာ ကတော့ ပညာရေးစနစ် အပြောင်းအလဲကို၊ အမြော် အမြင်ရှိရှိ ဒီဇိုင်းလုပ်တယ်

> သူ့သားခမျာ တက္ကသိုလ်ဝင်ခွင့် စာမေးပွဲ အောင်ဖို့ အရမ်း ကြိုးစားရတယ်။ ကစားဖို့ လိုအပ်တဲ့ အချိန် တီထွင်ဉာဏ်ရှိဖို့ လိုအပ်တဲ့ အချိန် . . . ဒီအချိန်တွေ မရနိုင်ပါ။





မူလတန်းနဲ့ အလယ်တန်း အတွက် အခြေခံ ပန်းတိုင်ဟာ တီထွင် ဉာဏ်ရှိရှိ တွေးတတ်ဖို့နဲ့ ဘဝ တစ်သက်တာ ပညာ သင်ယူမှုကို အားပေးဖို့တဲ့။ အခုမှအစဆိုတော့ ရလဒ်ကို မသိရသေးပေမယ့် တီထွင်ဖန်တီးတတ်ဖို့ဆိုတာ ကွန်ပျူတာ ပညာတတ်ဖို့ သင်တာထက် ခက်သတဲ့။ နောက်တစ်ဆင့်အနေနဲ့ စင်္ကာပူရဲ့ ဗျူဟာက သူ့ကိုယ်သူ အာရှ တိုက်ရဲ့ ဘော်စတွန် (Boston of Asia) ဖြစ်အောင် လုပ်မလို့တဲ့။ အာရှရဲ့ ဘော်စတွန်ဆိုတာ တီထွင်တတ်တဲ့ ပညာ အလုပ်သမား တွေလည်း မွေးထုတ်၊ ရပ်ဝေးမြေခြား ပညာရှာသွားတဲ့ ပါရမီရှိ၊ ပညာတတ် နိုင်ငံသားတွေလည်း ပြန်လာပြီး လှုပ်လှုပ်ရွရွ ဖြစ်နေတဲ့ တက္ကသိုလ်ကြီး တည်ဆောက်ဖို့ကို ပြောတာ။ ဒါကြောင့် ပါမောက္ခတွေရဲ့ လခတွေကို တိုး၊ တက္ကသိုလ်ဝင်ခွင့် စာမေးပွဲ စည်းမျဉ်း စည်းကမ်းကို လျှော့စတဲ့၊ စမတ် ကျကျ အစီအရင်တွေ လုပ်နေတယ်။ နိုင်ငံရေးဆိုင်ရာ စည်းမျဉ်းတွေကိုလည်း လျှော့ဖို့ စဉ်းစားနေသတဲ့။ ဘာဖြစ်လို့လဲဆိုတော့ ကမ္ဘာသစ်မှာ တစ်ယောက်နဲ့ တစ်ယောက် ယှဉ်ပြိုင်တာဟာ အတွေးအခေါ်၊ အကြံဉာဏ် အရာမှာသာဆိုရင် . . . အုပ်ထိန်းသူကိုသာ ခေါင်းမော့ မျှော်ခေါ်ကြည့်နေတဲ့ သူတွေလို ဖြစ်နေဖို့ မကောင်းဘူး။ အအုပ်အထိန်းများ နေဖို့လည်း မသင့်ဘူးလို့ ဂိုချုပ်တောင်က စဉ်းစားမိသတဲ့။

အင်တာနက်ကို ကြည့်ရင် အပြောင်းအလဲဟာ သိသာသတဲ့၊ အင်တာနက်မှာ စိစစ်တာကို ညစ်ညမ်းတဲ့ website နေရာတွေမှာပဲ လုပ်သတဲ့။ တကယ်တော့ စိစစ်တာ များများလုပ်တာဟာ စင်္ကာပူရဲ့ ရည်ရွယ်ချက် ဖြစ်တဲ့ နိုင်ငံသားတိုင်းကို ပညာရေး၊ ဝန်ဆောင်ရေး၊ ဘဏ္ဍာရေး၊ စီးပွားရေး အသုံးချမှု ဆိုင်ရာ ကွန်ယက်တွေနဲ့ ထိတွေ့ဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ သဟ္ဇာယ မဖြစ်ပါဘူးတဲ့။ လီကွမ်ယူကြီးကို ကလေးတွေ ကွန်ပျူတာ ထိထိရောက်ရောက် သုံးတတ်ရင် ထိန်းချုပ်တာတွေကို ဖောက်ဖျက်တော့မှာပေါ့လို့ မေးကြည့်တဲ့ အခါ၊ လီကွမ်ယူကြီးက ကျောင်းသားတွေ အဲဒီလောက်တောင် ကျွမ်းကျင်ရင် ဒါဟာ ပြဿနာ မဟုတ်တော့ဘူးလို့ ပြန်ဖြေသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



မကြာခင်က လမ်းပေါ်မှာ မိန့်ခွန်းပြောတဲ့ ကိစ္စကို မေးကြည့်တဲ့ အခါလည်း လမ်းပေါ်မှာကတော့ လမ်းအသွားအလာကို အနှောင့်အယှက် ဖြစ်မှာပေါ့၊ ဒါကြောင့်မို့ပါလို့ ဖြေသတဲ့။ ဒါဆိုရင် လန်ဒန်မှာလို "စကား ပြောသူရဲ့နေရာ"လေး လုပ်ပေးမလားလို့ ထပ်မေးတဲ့အခါ . . . စဉ်းစားရမှာပေါ့ လို့ ဖြေပါတယ်။

"အို ဘယ့် ဘယ် . . . အို ဘယ့် စကော်ပူ . . . သင်သည် ဘယ်သို့နည်း" လို့ အမေးရှိတဲ့အခါ၊ နယူးစ်ဝိခ်ဆောင်းပါးရှင် အလိုကတော့ သူကတော့ ဖြစ်မယ်ထင်သတဲ့။ အာရှတန်ဖိုးဆိုတာ အမှန်ကတော့ ချဲ့ကြကားကြတား ပါတဲ့။ မိသားစုကို အဖိုးထားတာ အဖွဲ့အစည်းတွေကို အဖိုးထား လေးစားမှု စတာတွေမှာ တကယ်တော့ အနောက်ရဲ့ တန်ဖိုးသဘောထားကလည်း ဒီအတိုင်းပါပဲ။ ချမ်းသာလာပြီး လူလတ်တန်းစား ဖြစ်လာတာနဲ့အမျှ ဒီမိုကရက်တစ် ဖြစ်ချင်တာလည်း အတူတူပါပဲ။ ပြုပြင်မှုတွေလည်း လုပ်ကြရ တာပါပဲတဲ့။





# ဘာဆရာဝန်လဲဟု မေးခွန်းထုတ်ခြင်း

မုံရွေးရွာသား မအူမလည် ကျွန်တော်သည် "ငါ . . . ဘာဆရာဝန်လဲ" ဟူသော မေးခွန်းကို ဆရာဝန်လိုင်း မလိုက်မီသော်လည်းကောင်း၊ ဆေးကျောင်း တက်စဉ်၌ သော်လည်းကောင်း၊ မိမိကိုယ်မိမိ မေးရမည် ဖြစ်သော် လည်း၊ သင့်လျော်သောအချိန်များ၌ မမေးမစမ်းဘဲ လျက်၊ ကျွန်တော့်၏ ဆရာဝန်ဘဝ စတေပြီးသော ယခုအချိန်၌သာ ကိုယ့်ကိုယ်ကိုယ် မေးကြည့်မိပါသည်။ ၎င်းနောက် ထိုမေးခွန်းကို ကျွန်တော်၏ဇာတ်ကြောင်း နှင့်ရောလျက် တင်ပြပါသည်။ အချို့သူများအဖို့

www.burmeseclassic.com

www.burmeseclassic.com



လမ်းဘေးတွင် ရောင်းသော ဂျာနယ်တစ်စောင်သည် အပျင်းပြေ လှန်လှောကြည့်ဖို့ အသုံးဝင်သကဲ့သို့ ကျွန်တော့် ဆွေးနွေးချက်သည် အသုံးတည့်ချင် တည့်နိုင်ပါသည်။ ဂျာနယ်ကို အမှိုက်တောင်းတွင် လွှင့်ပစ်သကဲ့သို့ ဖတ်ပြီးသောအခါ၊ ကျွန်တော်၏ ဇာတ်ကြောင်းကိုလည်း မနှစ်သက်လျှင် လွှင့်ပစ်နိုင်ပါသည်။

ငါ့ငခတ်အခါက (၁၉၆၇–၆၈ခုနှစ် ဟုထင်ပါသည်။) ဆရာ တစ်ယောက်က "ကျွန်တော် ဂျော်နီ၊ သရီးဒီကြောင့်၊ အမ်စီကို ရောက်ခဲ့တယ်။ မက်စစ်၊ ဖစ်ဆစ်၊ အင်္ဂလစ်မှာ. . .၊ ဒစ်စတင်းရှင်းတွေ၊ ဖြိုင်ဖြိုင်ဝေတော့၊ အိုင်အယ်အေ ကောင်းခဲ့တယ်" ဟု ကဗျာတစ်ပုဒ် စပ်ခဲ့ပါသည်။ ထိုကဗျာသည် အတော် နာမည်ကျော်ပါသည်။ ထိုကဗျာတွင် "ဆေးကျောင်းရောက်တော့၊ ရင် ကော့နိုင်သေး၊ ဘာလိုသေးလဲ"ဟူ၍လည်း ထည့်ကာ စပ်ထားပါသည်။ ကျွန်တော့် အမည်မှာ၍မောင်တာ ဟု ခေါ်ဝေါ်ပါသည်။

> မောင်တာ ဆရာဝန်လိုင်း လိုက်ခြင်းကို ဖြစ်ပေါ်စေသောအကြောင်း၌ ဘာကြောင့် ဆရာဝန်လုပ်ချင်ရတာတုန်း၊ ဘာဆရာဝန်လဲ၊ စသည့်တွေးလုံး တောလုံးများ မပါဝင်၊ အမေ ယောင်၍ ယောင်သော အမောင်သည် တောင်မှန်းမြောက်မှန်း မသိ

ကျွန်တော်ကား "ကျွန်တော်မောင်တာ၊ အမေမှာ၍၊ ဆေးဝိဟာသို့ ရောက်ခဲ့တယ်။" ဟု စာချိုးချင်ပါသည်။ ဂျော်နီတို့ နည်းတူ သရီးဒီရ၍သာ ဆေးလိုင်းလိုက်ခဲ့ခြင်း





ဖြစ်ပါသည်။ "ဆေးကျောင်းရောက်တော့ ရင်ကော့နိုင်သေး" ဟူသော စာသား၏ အဓိပ္ပာယ်၌ ကျွန်တော် ရင်ကော့သည်၊ မကော့သည် အပထား၊ အမေကတော့ မုံရွေးရွာ၌ ရင်ကော့သည်မှာ အသေအချာဖြစ်ပါသည်။ ဆိုလိုရင်းမှာ မောင်တာ ဆရာဝန်လိုင်း လိုက်ခြင်းကို ဖြစ်ပေါ်စေသော အကြောင်း၌ ဘာကြောင့် ဆရာဝန်လုပ်ချင်ရတာတုန်း၊ ဘာဆရာဝန်လဲ၊ စသည့်တွေးလုံး တောလုံးများ မပါဝင်၊ အမေ ယောင်၍ ယောင်သော အမောင်သည် တောင်မှန်းမြောက်မှန်း မသိဟု ပြောချင်ပါသည်။ တကယ်တော့ ဆယ်တန်း အောင်စာရင်းထွက်သောအခါ မုံရွေးရွာ အလယ်တန်းကျောင်းအုပ်ဆရာကြီး ဦးယုန်သည် ကျွန်တော့်အမေ မအုံးကြည်အား "မကြည် . . .၊ ညည်းသား မောင်တာကို ဘယ်လိုင်း အလိုက်ခိုင်းမှာတုန်း၊ သူ့ကို ဓကော်လာ ဖြစ်စေချင်တယ်၊ စာပေ၊ ဥပဒေ၊ သမိုင်း၊ လောဂျစ် အယူခိုင်းပါလား" ဟူ၍ အကြံပေးပါသည်။ ဦးယုန်သည် ဘီအေကို ပါဠိဂုဏ်ထူးနှင့် ဘွဲ့ရသောသူ ဖြစ်လျက် ပညာရှင်များဖြစ်သော ဦးကျော၊ ဦးတက်ထွန်းတို့နှင့် ညီအစ်ကို တော်ပါသည်။ ကျွန်တော့်အမေ ဒေါ်အုံးကြည်သည် သူ၏ ဆရာကြီးဖြစ်သော ဦးယုန်၏ အယူအဆကို မယူပါ။ ရွာမှာ ဆရာဝန်မရှိဘူး ဟူသော အကြောင်းပြချက်အပြင်၊ တို့အမျိုးက ဆေးဆရာအမျိုးဟူ၍ အဖေ့ဘက်မှ မြန်မာဆေးဆရာကြီး ဦးချစ်စနှင့်၊ အမေ့ဘက်မှ ဓာတ်ဗိန္ဒော ဆရာကြီး ဦးရင်သွယ်တို့အားလည်း အကြောင်းပြလျက်၊ ကျွန်တော့်အား မရှိမဲ့ ရှိမဲ့ ငွေစကြေးစများ စုဆောင်းလျက်၊ ဆေးကျောင်းသို့သာ ပို့ပါသည်။ ယခု ဆရာဝန်ဘဝမှ ထွက်၍ စာရေးဆရာလုပ်မည်ဟု ကြိုးစားနေသော ကျွန်တော်သည် ဟိုတုန်းကတည်းက ငါ . . . . ဟိုဘာသာတွေကို ယူခဲ့ရင် စာရေးဆရာကောင်းကောင်းဖြစ်မှာပဲဟု ရံဖန်ရံခါ တွေးမိပါသည်။

များသောအားဖြင့် ဆေးကျောင်းမတက်မီ မေးလေ့၊ ဖြေလေ့ရှိသော "ဘာဆရာဝန်လဲ" ဟူသော မေးခွန်းသည် ဆေးတက္ကသိုလ် ကျောင်းပေါ်ကြီး

သို့ ရောက်လာသော၊ ကျောင်းစာအပြင် အခြားစာများကို ဖတ်ရှုကြသော လူတစ်စု၌ ပေါ်ပေါက်ပုံရပါသည်။

"မိုးပေါက်တွေ ချေရက်တာမို့
ကြွေသက်ကာ မြေပေါ်လွှမ်းတဲ့ပြင်
လမ်းနံဘေး ပင်ညီပျိုတို့လဲ
အနီကို သရုပ်ဆောင်းပါလို့
တစ်ကျောင်းလုံးနီ . . . . ."

နီချင်သော ထွန်းဝင်းထွန်းသည် ထိုကဗျာကို စပ်ခဲ့ရာ၌၊ ဆေးတက္ကသိုလ်(၂)မှ စိန်ပန်းပင်နီနီရဲရဲများကို ကြည့်ကာ စပ်ခဲ့ခြင်း ဖြစ်ပါသည်။ တစ်ခုသော ဆေးကျောင်းသည် စိန်ပန်းပင် အပေါ်နှင့် စိန်ပန်းပင်အောက်လမ်းမပေါ်တွင် နီ–ရဲ–တွတ်နေသော်လည်း တကယ်တော့ ဆေးကျောင်းတစ်ခုလုံး မနီ–မရဲ–မတွတ်ပါ။ မနီသည် ဖြစ်စေ၊ မရဲသည် ဖြစ်စေ၊ မတွတ်သည်ဖြစ်စေ၊ ဘာဆရာဝန်တွေလဲဟူသော မေးခွန်းကို ဖြေရန် ကြိုးစားရာ၌၊ ထိုခေတ်၌ နော်မန်ဗက်သွန်းကိုလည်းကောင်း ချေဂွေဗားရားကိုလည်းကောင်း၊ မှီငြမ်းကိုးကားကြပါသည်။ ဂျက်ဆင်ထွားသည်လည်းကောင်း၊ ထင်ကျော်သည်လည်းကောင်း၊ တင်ဝင်းမောင်နှင့် ဘိုကြွယ်ကြီးသည်လည်းကောင်း စံနမူနာများကို ရှာဖွေကြပါသည်။ ကျွန်တော် ကတော့၊ ရောရှိရောရာ ငါလည်းပါ ဟူသော လူစားမျိုးသာ ဖြစ်ပါသည်။ ကျောင်းသားအများစုကတော့ "ဆေးကျောင်း မှာဗျာ၊ စာတွေကများ . . . ဘယ်ဆရာ ဘယ်ဟာကြိုက်တယ်၊ လိုက်လို့ရှာ . . . မအား" သူများသာဖြစ်လျက်၊ မေးခွန်း မေးခြင်းထက် ဗဟုသုတ ရှာဖွေခြင်း၌သာ စိတ်အားထက်သန်ကြပါသည်။

မေးခွန်းကိုသာ မေး၍ ပညာဗဟုသုတ၌ လျော့နည်းသော သူတို့သည် တောသို့ရောက်လျက်၊ ပညာ ဗဟုသုတ၌သာ ကျက်စားတတ်သူတို့သည် မြို့သို့ရောက်တတ်ပါသည်။ မြို့ကိုလွန်၍ တိုင်းတစ်ပါးသို့လည်း





ပညာနယ် ချဲ့ထွင်ရန် ရောက်တတ်ပါသည်။ ကျွန်တော် နှင့် အထက်ဖော်ပြပါ ပုဂ္ဂိုလ်များကား၊ တောသို့သာ ရောက်ပါသည်။ တော ရောက်သောအခါ တော၏ အာရောဂျကို စောင့်ရောက်ရလေသည်။

အဲလ်ဘတ်ရှိုင်ဇာသည် အာဖရိကတောနက်ထဲတွင် ဆေးကုသည်။ ကျွန်တော်သည် တောမနက်သော ရွာတွင်သာ ဆေးကုပါသည်။ ဘာ ဆရာဝန်လဲ ဟူသော မေးခွန်းတစ်ခုကို အနည်းအကျဉ်း မေးကြည့်ဖူး၍ စက်ဘီးနင်းသော် လည်းကောင်း၊ ခုံဖိနပ်နင်းသော် လည်းကောင်း လူနာရှိရာသို့ သွားပါသည်။ သို့သော် ရှိုင်ဇာမဟုတ်သော မောင်တာသည် ရွာ၌ ၂နှစ် ၃နှစ် ကြာသောအခါ အဘော်ပျင်းရိငြီးငွေ့ပါသည်။ တော၌ မပျော်နိုင် ဖြစ်ပါသည်။ ကဲ့အားလျော်စွာ နာဂတောင်တန်းသို့ ပြောင်းရွှေ့ရပြန်ရာ နာဂမလေးများ၊ ရှမ်းမကလေးများနှင့် တွေ့ရ၍၊ သုံးလေးနှစ်ခန့် အပျင်းတွေ ပြေကုန်ပြန်ပါသည်။ ရှမ်းမကလေးများက အသားခြောက် ကျွေး၍ နာဂမလေးများက ခေါင်ရည် တိုက်ပါသည်။

ဘာဆရာဝန်လဲ မေးခွန်းကိုတော့ အမ်ဘီဘီအက်စ်ဖြစ်စေ၊ အက်ဖ်အာစီအက်စ်ဖြစ်စေ၊ ဖြေကြည့်ကြမှာပါပဲ။

ဇင်္ဂလိန်ခန္တီး၌ ခေါင်ရည် မူးလို့ ကောင်းသော်လည်း၊ ခန္တီးမှ ရန်ကုန်ရွှေမြို့တော်ကြီးသို့ ရုံဖန်ရံခါ ရောက်သောအခါ၌မူ စိတ်ပျက်တက်တက် ဖြစ်တတ်ပါသည်။

www.burmeseclassic.com



ပညာဥ္စသာ အာရုံစိုက်သော သူငယ်ချင်းများ အမ်အက်စီ အမ်အာစီပီတွေ တက်နေကြ၍ ကိုယ်က နာဂကြီးများ နှင့်သာ ပျော်နေပါသည်။ ဘာဆရာဝန်လဲဟု မေးကြ လျှင် ကျွန်တော်ဟာ အမ်ဘီဘီအက်ပါပဲဗျာဟု၊ လေသံ ပျော့ပျော့နှင့် ဖြေရပါသည်။

လူတို့၏လိုအင်ဟာ ပြောင်းလဲနေတာပါပဲဗျာ။ ဆရာဝန်တို့၏ လိုအင်ဟာလည်း၊ ပြောင်းလဲတာပါပဲ။ အမ်ဘီဘီအက်ဟာလည်း အက်ဖ်အာစီအက် ဖြစ်ချင်တာ ပါပဲ။ ဘာဆရာဝန်လဲ မေးခွန်းကိုတော့ အမ်ဘီဘီအက် ဖြစ်စေ၊ အက်ဖ်အာစီအက်ဖြစ်စေ၊ ဖြေကြည့်ကြရမှာပါပဲ ဟု ကျွန်တော်က ယူဆပါသည်။ သို့သော် ကျွန်တော့် သူငယ်ချင်း မအူမလည် ဆရာဝန် တစ်ယောက်ကတော့ “ဘာဆရာဝန်လဲဆိုတဲ့ မေးခွန်းက မွဲတဲ့ အရပ်တွေမှာ မေးတဲ့ မေးခွန်းပါပဲ” ဟု ပြောသည်။ တောက တိုးတက်လာ၍ (၁) တောနဲ့မြို့ သိပ်မကွာခြားရင် တော ဆရာဝန်၊ မြို့ဆရာဝန် မရှိတော့ဘူးပေါ့။

(၂) လူမှုဖူလုံရေး စနစ်တွေ ကောင်းရင် ဆေးကုဖို့အတွက် ရန်ပုံငွေ တစ်ခုခုက ပေးလို့ မွဲချင်မွဲ ချမ်းသာ ချင်ချမ်းသာ၊ အကြမ်းဖျင်း အနေနဲ့ လူနာ တတန်းစားတည်း သာ ဖြစ်သွားတဲ့ အတွက် ဆင်းရဲသားတွေကို ကုပေးရာတဲ့ ဆရာဝန် အင်မတန် စေတနာ ရှိပါပေတယ်ဆိုတာမျိုး

ဆရာဝန် အလုပ်သည် စေတနာမထားနိုင်လျှင် အများ ယူဆသလို ကုသိုလ်ရချင်မှ ရမည်ဟု သူက ပြောပါသည်။ စဉ်းစားဆင်ခြင်တော် မူကြရန် ဖြစ်ပါသည်။





နည်းသွားမှာပေါ့ ဟု ရှင်းပြသည်။ တိုင်းပြည် ချမ်းသာလျှင် လူမှုဖူလုံရေး စနစ်ကောင်းရင်၊ အလုပ် တော်တဲ့ ဆရာဝန် အလုပ်မတော်တဲ့ ဆရာဝန် ၂မျိုးပဲ ရှိဖို့ များတယ်ဟု ပြောပြန်သည်။ သို့ဆိုလျှင် ဘာဆရာဝန်လဲ မေးခွန်း၏ အဖြေကို တိုင်းတာ သော ကျွန်တော်ငယ်ငယ်က သုံးသော ပေတံကို နေရာတကာ၌ မသုံးကြပါကလားဟု စဉ်းစားစရာ ရှိလာသည်။ သို့သော် ရွှေပြည်ကြီး၌ကား စေတနာ ဆရာဝန်များဖို့ လိုအပ်သည်ဟူ၍လည်း အဓိပ္ပာယ် ပေါက်ပါသည်။

မောင်းတီးသော နာဂကြီးများမှ ခွဲခွာလျက်၊ ရန်ကုန်ဆေးရုံကြီး၌ အမ်အက်စီဖြစ်အောင် အားထုတ်ခဲ့ပါသေးသည်။ ၁၄–၅နှစ် ရှိခဲ့ပါပြီ။ ဘာဆရာဝန်လဲ ဟုမေးလျှင် အရိုးဆရာဝန်ပါခင်ဗျ ဟု ပြောနိုင်လာပါသည်။ သို့သော် အရိုးလူနာများမှာ မွဲသောသူများပါသည်။ ထို့ကြောင့် စိတ်ပျက် ပါသည်။ ပိုက်ဆံမပေးနိုင်၍ စိတ်ပျက်ခြင်းမဟုတ်ပါ။ မွဲသောသူသည် ပိုက်ဆံသာမက ဉာဏ်အမြော်အမြင်မှာလည်း နည်းပါသည်။ ပိုက်ဆံလည်း မရှိ၊ အမြော်အမြင်လည်း နည်းသူအား၊ ထိုသူများသည် အကူအညီ အလွန် လိုသူများ ဖြစ်လျက်၊ သင်သည် အလွန်တိုးတက်ရန် မစောင့်ရှောက်နိုင်ပါ။ ထိုအခါ မွဲသောသူများကို ကုသသည့်သူသည် ဘာဆရာဝန်လဲဟူသော မေးခွန်းကို၊ မိမိကိုယ်မိမိ ခဏခဏ မေးတတ်ပါသည်၊ ချမ်းသာသောသူများကို ကုသသည့်သူများမှာတော့ ထိုမေးခွန်းကို မေးရန် မလိုအပ်တတ်ပါ။ သူတို့က လူ့လောကကြီး ဆိုတာကို အရေးလုပ်၍ စဉ်းစားရန် အကြောင်းမရှိပါ။ အရိုးဆရာဝန် စိန်လှဦးဆိုသူတစ်ဦးကမူ ဗုဒ္ဓဘာသာပီပီ ဆေးကုသခြင်းတည်း ဟူသော အလုပ်မှ ကုသိုလ်ရချင်ဟန် တူပါသည်။ တောင်တွေး မြောက်တွေး တွေးကာ ဆရာဝန် အလုပ်သည် စေတနာမထားနိုင်လျှင် အများ ယူဆသလို ကုသိုလ်ရချင်မှ ရမည်ဟု သူက ပြောပါသည်။ စဉ်းစားဆင်ခြင်တော် မူကြရန် ဖြစ်ပါသည်။ ကျွန်တော်လည်း ငါ . . . ကုသိုလ် ရမှ ရပါ့မလားဟု ခဏခဏ တွေးမိပါသည်။ ကျွန်တော်ကား လူနာများအပေါ်တွင် စေတနာမထားနိုင်



www.burmeseclassic.com

www.burmeseclassic.com



တော့၍၊ နှစ်ပေါင်းနှစ်ဆယ်ကြာ လုပ်ခဲ့သော အလုပ်မှ လွန်ခဲ့သော ၄နှစ်က စွန့်ခွာခဲ့ပါသည်။ နှစ်ပေါင်း နှစ်ဆယ်မှာတော့ စေတနာ ထားခဲ့ပါသည်။

ဟိသစ္စံ ဤစကားမှာ သစ္စာ စကား ဖြစ်ပါသည်။

စာကြွင်း(၁)။ ။ ဤစာမှာ ဆေးတက္ကသိုလ် (၂) ကျောင်းသားဟောင်း တစ်ဦးက ညီတော်၊ နောင်တော်၊ နှမတော်များအား သူ၏ အတွေ့အကြုံကို အမှီပြုလျက် စဉ်းစားဆင်ခြင်နိုင်ရန် ကောင်းသော မနောဖြင့် တင်ပြခြင်းသာ ဖြစ်ပါသည်။

စာကြွင်း (၂)။ ။ ဤစာရေးပြီးချိန်တွင် သင့်ဘာဝမဂ္ဂဇင်းကို ဖတ်ရှုမိပါသည်။ အမှတ် (၁၀) ၁၉၉၉ ဖြစ်ပါသည်။ ယင်း၌ အနာကြီးရောဂါကု ဆရာဝန်ကြီး ဒေါက်တာစောဝါးထူးအကြောင်း ပါလာပါသည်။ အစွန့်ပယ်ခံ လူသားများအတွက် ဘဝကို မြှုပ်နှံထားသူဟူသော ဆောင်းပါးဖြစ်သည်။ ကျွန်တော့်ညီတော် နောင်တော်များ ဖတ်ကြည့်လျှင် ကြည့်ကြပါ။ သူကတော့ ဆရာဝန် မဖြစ်မီကတည်းက “ ငါ . . . ဘာဆရာဝန်လဲ” ဟု မိမိကိုယ်မိမိ မေးပြီးသား ဖြစ်သည်။

“ကျွန်တော် ဆရာဝန်ဖြစ်ချင်တာက ဂုဏ်လိုချင်လို့လဲ မဟုတ်ဘူး၊ ပိုက်ဆံလိုချင်လို့လည်း မဟုတ်ဘူး၊ လိုအပ်တဲ့ သူတွေကြားထဲသွားပြီး၊ အုတ်တစ်ချပ် သဲတစ်ပွင့်၊ ရေတစ်မှုတ်လုပ်နိုင်ရင်တော်ပြီဆိုပြီး ကျွန်တော့်မှာ ခံစားချက် ရှိတယ်၊ ဒီလိုခံစားချက်ရှိလို့လည်း ဆရာဝန်ဖြစ်လာပြီး ကျေးရွာတွေမှာ ခုနပြောသလို လျှောက်ကုတာပေါ့ဗျာ”လို့ သင့်ဘဝကို ပြောလိုက်သည်။ သူကတော့ မြင့်မြတ်တဲ့ဆရာဝန်ပါပဲ။ စေတနာ မေတ္တာ ကြီးမားကျယ်ပြန့်လှသည်။ အနာကြီး ဆေးရုံ၌ အနှစ်နှစ်ဆယ် လုပ်ကိုင်သည်မှာ ဘဝကို မြှုပ်နှံပစ်လိုက်ခြင်း ဖြစ်သည်။ ကျွန်တော်နှင့်တော့ အစပ် မဟုတ်ပါ။ အဲလို ဆရာဝန်တွေလည်း ရှိနေကြပါသည်။ သူတို့က မေးခွန်းမေးရုံသာမဟုတ်





အဖြေတွေ့ကြသည်။ ဆေးလိုင်းလိုက်သော အခါ ရှင်းလင်းသော အဖြေနှင့် ဖြစ်သည်။ ထိုအခါ ကိုယ့်ကိုယ်ကိုယ် ယုံယုံကြည်ကြည်၊ ဖြူဖြူစင်စင် ရှင်းရှင်း လင်းလင်း နေလို့ ထိုင်လို့ ကောင်းနေမည်။

(“သင့်ဘဝ ဆွေးနွေးခန်း” မှ ဖတ်ဖို့ကောင်းသော အပိုင်းကလေး ဖြတ်၍ ထည့်ပေးလိုက်ပါသည်။)

**ဒေါက်တာစောဝါးထူးနှင့် ထပ်မံတွေ့ဆုံခြင်း**

မေး။ ဆရာရဲ့တောင်ပေါ်မှာ ဆေးကုသခဲ့တဲ့ အတွေ့အကြုံလေး သိပါရစေ။

ဖြေ။ ၁၉၇၃ ခုနှစ်မှာ ကျွန်တော်ဆရာဝန် ဖြစ်လာတယ်။ မြို့ထဲမှာ တော့ ဆေးကုစားတဲ့ ဆရာဝန်တွေ ရှိတာပေါ့ဗျာ။ ဒါပေမဲ့ တောထဲ တောင်ထဲက လူတွေနဲ့ကျတော့ ဆေးရုံလာဖို့ အခက်အခဲရှိတယ်။ ဒါနဲ့ ကျွန်တော့်ကို ခေါ်တယ်။ ကျွန်တော်ကလည်း တောဆိုတော့ ဝါသနာပါတယ်ပေါ့ဗျာ။ အဲဒီမှာ ဆေးကုရတဲ့ အတွေ့အကြုံကတော့ အဓိက ဟိုမှာ ငှက်ဖျားနဲ့ တိုက်ဖွိုက်များတယ်ပေါ့ဗျာ၊ နတ်တို့ အထက်လမ်း၊ အောက်လမ်းတို့ ရှုံ့နေအောင် ရှိကြတော့ လူနာ တစ်ယောက်ကို အမျိုးမျိုးကုကြတယ်။ ဒါပေမဲ့ ကျွန်တော်က အနောက်တိုင်းဆေးနဲ့ စနစ်တကျကု၊ ကုသလို့ ပျောက်တဲ့အခါ ကျတော့

ကျွန်တော်ကတော့ ကောင်းတာ လုပ်တာပဲဆိုပြီး ဘယ်ကိုမဆိုသွားတာပဲ။ ကျေးရွာလူထုတွေ ကိုယ်တိုင်ကလည်း ကျွန်တော်တို့ စောင့်ရှောက်ကြတော့ အန္တရာယ်တော့ မကြုံခဲ့ဘူးပေါ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ယုံကြည်အားကိုးမှု ကိုရပြီး အဆင်ပြေတယ်ပေါ့ဗျာ။ အဲဒီအချိန် အဲဒီဒေသမှာ ပအို့(ဝ်)သူပုန်တွေကလည်း ရှိတယ်ဗျ။ ကျွန်တော်ကတော့ ကောင်းတာလုပ်တာပဲဆိုပြီး ဘယ်ကိုမဆို သွားတာပဲ။ ကျေးရွာလူထုတွေ ကိုယ်တိုင်ကလည်း ကျွန်တော်တို့ စောင့်ရှောက်ကြတော့ အန္တရာယ်တော့ မကြုံခဲ့ဘူးပေါ့ဗျာ။ အဲ – အမှတ်ရစရာလေးတွေထဲက တစ်ခု ဆိုပါတော့ဗျာ။ ကျွန်တော်နေတာက လွယ်လင်၊လွယ်လင်နဲ့ ပင်လုံနဲ့က ၆ မိုင် ရှိတယ်။ ပင်လုံရဲ့အရှေ့အနောက်မှာ တောင်တွေရှိပြီး အဲဒီမှာ ပအို့(ဝ်)တွေ နေကြတယ်။ အဲဒီကနေ ကျွန်တော့်ကို မီးဖွားဖို့ဆိုပြီး လာခေါ်ကြတယ်။ ဒါနဲ့ ကျွန်တော်လည်း လိုက်သွားတယ်။ တောင်တက်ရင်း ရှုခင်းတွေကို ငေးကြည့်ရင်းပေါ့လေ၊ တောင်တန်းကြီးတွေက ပြာလို့။ သွားရင်းနဲ့ လူတစ်စု မြင်းစီးလာတာတွေ့တယ်။ တောင်ခြေရင်းလောက် အရောက်မှာ ကြည့်လိုက်တော့ အဲဒီ ကိုယ်ဝန်ဆောင်မိန်းမကြီး ဖြစ်နေတယ်။ အဲ – ကျွန်တော့်ကို တွေ့တာနဲ့ ဗိုက်နာလာပြီ၊ ဗိုက်နာလာပြီဆိုပြီး ဆင်းလာတာပဲ။ အဲဒီအနားမှာကလည်း သစ်ပင်လေးတစ်ပင်ပဲရှိတယ်။ ရေဘာညာလည်း မရှိဘူး။ ကြည့်လိုက်တဲ့အခါ ကလေးကလည်း ခေါင်းပြူနေပြီ။ ဆိုတော့ – သစ်ပင်အောက်မှာ၊ လူကြားထဲမှာပဲ ကလေးမွေးပေးလိုက်ရတယ်။ လိုအပ်တာတွေလုပ်၊ ပြီးတော့မှ သူ့ကိုမြင်းနဲ့ ပြန်ပို့လိုက်ရတယ်။ အမှတ်တရ ဖြစ်ရတာက လမ်းနဘေးမှာ မွေးရတာ၊ နောက် သူ့လုံချည်ဆုတ်၊ ကိုယ့်လုံချည်ဆုတ်နဲ့ ရေမရှိဘာမရှိနဲ့ဖြစ်တဲ့ အခြေအနေအောက်မှာ လုပ်ပေးလိုက်ရတာ၊ သူ့တို့ကတော့ အများကြီး ဝမ်းသာသွားတာပေါ့ဗျာ။

နောက်တစ်ခုက – အဲဒီဒေသမှာက ရောဂါဖြစ်ရင် ဆေးထိုးရင် ပျောက်တယ်ဆိုပြီးတော့ ယုံကြည်ကြတော့ သတ္တိရှိတဲ့ ကောင်တွေကတော့ ဆေးထိုးကြတာပဲ။ ဆေးထိုးတဲ့အခါလည်း ဆေးအကြောင်းကို မသိကြဘူး။ သူတို့က အရောင်ကြည့်ပြီး ထိုးတယ်။ ဘီတွဲ ဆို အနီ၊ ဘားပလက်ဆို အဝါ၊ အနယ်ဂျင်ဆင်ဆို ရေကြည်ရောင် စသဖြင့် ဖိပြီးထိုးတာ၊ ရမ်းကုတွေပေါ့ဗျာ။





အချို့ဆို ပင်နယ်စလင်နဲ့ ဘာနဲ့ မတဲ့တဲ့သူတွေလည်းရှိတော့ ရှော့ဖြစ်ပြီးသေတဲ့သူတွေကလည်း ရှိတာပေါ့။ လူနာတွေကလည်း ပညာနည်းတော့ အို – ဆရာကတော့ ကောင်းပါတယ်၊ လူနာကတော့ ကုသိုလ်ကံဆိုးလို့ သေတာပဲ အဲလိုအများကြီး တွေ့ဖူးတယ်။ ဒီတော့ ကျွန်တော် ဘာစိတ်ကူးသလဲ ဆိုတော့ ဒီလို ရမ်းကုနေမဲ့အစား အကြမ်းဖျင်းသင်တန်းလေးဘာလေး ပေးပြီးတော့ပေါ့ဗျာ၊ သူ့အတွက်လည်း ကောင်းမယ်၊ ကျေးရွာတွေ အတွက်လည်း ကောင်းမယ်ပေါ့ဗျာ။ ဘာဖြစ်လို့လဲဆိုတော့ ကျန်းမာရေးလုပ်သားတွေတောင် သူတို့က တောတောင်တွေကို မသွားနိုင်ကြပဲကိုး။ ကျွန်တော် အဲသည်လို စဉ်းစားမိတယ်။ ဒါနဲ့ တောရွာကလူတွေကို သင်တန်းပေးမယ်ဆိုပြီး ပြင်ဆင်နေတုန်း မော်လမြိုင်ကို ရောက်လာတာပဲ။

ရောက်လာပေမယ့် ဒါကို ကျွန်တော် မမေ့ပါဘူး။ ပြန်စဉ်းစားကြည့်လိုက်တော့ တောရွာတွေမှာ ဆေးကုစားနေတဲ့သူတွေ မျိုးစုံပေါ့ဗျာ။ အထက်လမ်း ဆရာတွေ၊ အောက်လမ်းဆရာတွေ၊ ရမ်းကုတွေ၊ သူတို့ကို လမ်းမပေးလိုက်ရင်တော့ ကောင်းမှာပဲလို့။ သူတို့ကို သွားပိတ်ပင် လိုက်ရင်တော့ မရဘူး။ ပိတ်မယ့်အစား၊ သူတို့ကို တားဆီးမယ့်အစား သင်တန်းပေးလိုက်ရင် ပိုပြီး အကျိုးရှိမယ်လို့ ယူဆပြီး ကျွန်တော် သင်တန်းပေး နေတာဆို အယောက် (၆၀) လောက် ရှိပါပြီ။ အဲဒီအထဲ အခက်အခဲတွေ ကြုံရင် ပြန်လာ၊ ပြန်ပြီး သင်ကြားပြသ ပေးမယ်၊ အဲဒီလိုနဲ့ လုပ်နေတာပဲ။

မေး။ ဆရာ့အနေနဲ့ ခုလို လူမှုရေးလုပ်ငန်းတွေကို လုပ်ဖို့ ဘယ်လို အကြောင်းတွေကြောင့် စိတ်ဝင်စားလာပါသလဲ။

ဖြေ။ ဒါကို ပြောရမယ်ဆိုရင် ကျွန်တော့်ဘဝမှာ ကျွန်တော် မကျေနပ်ဖြစ်ခဲ့တဲ့ လူစား (၂) မျိုး ရှိတယ်ဗျ။ အဲဒါက ဆရာဝန်နဲ့ ကားမောင်းသမားတွေ။ ဆရာဝန်အတန်းအစားတွေက သိပ်ပြီး လူဝါးဝတယ်လို့ ကျွန်တော် ခံစားခဲ့ရဘူးတယ်ဗျ။ ကျွန်တော် အတွေ့အကြုံတစ်ခု ပြောပြမယ်။ ၁၉၆၇



www.burmeseclassic.com

www.burmeseclassic.com



ခုနှစ်လောက်ကပေါ့ဗျာ။ သီတင်းကျွတ်လပြည့်နေ့မှာ ကျွန်တော်တို့ ပွဲ သွားကြည့်ရင်းနဲ့ပေါ့ဗျာ၊ ကျွန်တော့် အမေက တက်တာ၊ ဘာတက်မှန်းတော့ မသိဘူး။ အဲဒီတုန်းက ကျွန်တော်က ရှစ်တန်းပဲ ရှိသေးတယ်။ ကျွန်တော့်အိမ်နဲ့ ဆေးရုံကလည်း ကိုက် (၃၀၀) လောက်ပဲ ရှိတယ်။ ကျွန်တော်က ငယ်ငယ်က တစ္ဆေကြောက်တတ်တယ်။ ဒါ့ကြောင့် ဆေးရုံကို ညကြီးသွားရမှာ ကြောက်တယ်။ ဆရာဝန်ကိုတွေ့ရမှာလည်း ကြောက်တယ်ပေါ့ဗျာ။ ဒါပေမဲ့ အမေဇောနဲ့ ကျွန်တော် ဆရာဝန်ခေါ်ဖို့ ဆေးရုံ သွားခဲ့တယ်။ သွားတော့ ဆရာဝန်က မေးတယ်၊ ဘာလဲပေါ့။ ကျွန်တော်ကပြောတယ် ကျွန်တော့် အမေ တက်နေလို့ ကျေးဇူးပြုပြီး လိုက်ကြည့်ပေးပါပေါ့၊ သိပ်မဝေးပါဘူးပေါ့။ ဒါနဲ့သူက မလာနိုင်ဘူးကွ၊ မင်းအမေ ဆေးရုံခေါ် ချင် ခေါ်လာလိုက် ကွဆိုပြီး ကျွန်တော့်ကို ပြောတာ ကျွန်တော့်ရင်ထဲမှာ မြားတစ်စင်းထိသလို ခံစားရတယ်။ ကျွန်တော် အတော်နာသွားတယ်။ မင်းတို့ ဆရာဝန်ဆိုတာ ဒီလိုမျိုးလား၊ ငါလည်း ဆရာဝန်တစ်ယောက် ဖြစ်ရမယ်၊ ဒါပေမဲ့ မင်းတို့လို ဆရာဝန်မျိုးတော့ မဖြစ်ရဘူးကွ လူသားတွေအတွက် ဆရာဝန်ဖြစ်ရမယ် ဆိုပြီး စိတ်ထဲက ဆုံးဖြတ်ချက် ချမိတယ်။ နောက်

ကျွန်တော့်ရင်ထဲမှာ မြားတစ်စင်း ထိသလို ခံစားရတယ်။ ကျွန်တော် အတော်နာသွားတယ်။ မင်းတို့ ဆရာဝန်ဆိုတာ ဒီလိုမျိုးလား၊ ငါလည်း ဆရာဝန်တစ်ယောက် ဖြစ်ရမယ်၊ ဒါပေမဲ့ မင်းတို့လို ဆရာဝန်မျိုးတော့ မဖြစ်ရဘူးကွ





အိမ်ကို ပြန်လာ၊ အမေကို ထမ်းပြီး ဆေးရုံသွားပို့ပေး၊ အဲဒါလည်း မမေ့ဘူး ခံစားချက်ရှိတယ်။

နောက်တစ်ခုက ~ ကျောင်းပိတ်တဲ့အခါ ကျွန်တော်တို့ သာသနာမှာ လူမှုဝန်ထမ်းကိစ္စ ဆိုတာရှိတယ်။ အဲဒီမှာက 'လီရော' တွေ ရှိတယ်။ လီရောတွေက ဘိန်းစိုက်တယ်။ ဒီဘိန်းစိုက်တဲ့ဟာကို အစားထိုး သီးနှံစိုက်ဖို့ ပြန်လည်ထူထောင်ရေး လုပ်ဖို့ ကျွန်တော်တို့ သာသနာက လုပ်တယ်။ လုပ်တဲ့အခါမှာ ကျွန်တော်တို့ အဖေက အဲဒီရွာမှာ ကျောင်းဖေရာ သွားလုပ်တယ်။ အဲဒီမှာ တစ်ညမှာတော့ အမွှာပူးကလေး သိပ်ချစ်စရာ ကောင်းတယ်။ အသက်က တစ်နှစ်ခွဲလောက်ပဲ ရှိဦးမယ်။ အဲဒီအထဲက မိန်းကလေး တစ်ယောက်က ဖျားပြီးတက်တော့ သွားပြီး ကြည့်ရအောင်ဆိုပြီး ကျွန်တော့်သူငယ်ချင်းက ခေါ်တယ်။ ဒါနဲ့ ကျွန်တော်လိုက်သွားကြည့်တော့ အဲဒီတစ်ယောက်က မိခင့်ရင်ခွင်ထဲမှာ ဖျားပြီး တက်နေတာပေါ့ဗျာ။ တစ်ယောက်က ခြေရင်းမှာ ဆော့နေတယ်။ ကျွန်တော် သေချာကြည့်လိုက်တော့ တက်နေတဲ့ကလေးက မျက်ဖြူလန်နေပြီ။ ကျွန်တော် သွေးစမ်းကြည့်တော့ ကျွန်တော်ထင်တယ်၊ အသက်မရှင်နိုင်တော့ဘူး။ ဒါနဲ့သူတို့က သင်းအုပ်ဆရာခေါ်ပြီး ဆုတောင်းပေးမယ်ဆိုပြီး လုပ်တယ်။ တအောင့်လောက် ကြာတော့ သင်းအုပ်ဆရာရောက်လာပြီး ဆုတောင်းပေးတယ်။ ဒီအချိန်မှာ ကလေးက "အင့်"ခနဲ ညစ်အော်ပြီး အသံထွက်လာတယ်။ သူ့အမေက ထင်တာ ပြန်ကောင်းလာပြီပေါ့။ ကျွန်တော်ကတော့ သိလိုက်တယ်၊ သွားပြီပေါ့။ ကျွန်တော့်စိတ်ထဲမှာ အတော်ထိခိုက်မိတယ်။ ငါသာ ဆရာဝန်ဖြစ်ရင် ဒီလိုကလေးမျိုးတွေ မသေစေရဘူးပေါ့။ ကယ်နိုင်တာပေါ့။ ငါသာ ဆရာဝန် ဖြစ်ပြီးရင် ဒီလိုကျေးရွာတောင်တန်းတွေမှာ ဆေးကုပြီး လူ့အသက်တွေ ကယ်မယ်ပေါ့ဗျာ။ ဒီလို ဆုံးဖြတ်တယ်။ ပြီး ကျွန်တော် ကြိုးစားတယ်။ ကျွန်တော် ဆရာဝန်ဖြစ်ချင်တာက ဂုဏ်လိုချင်လို့လည်း

www.burmeseclassic.com



မဟုတ်ဘူး။ ပိုက်ဆံလိုချင်လို့လည်း မဟုတ်ဘူး။ ဒီလို လိုအပ်သူတွေကြားထဲသွားပြီး အုပ်တစ်ချပ်၊ သဲတစ်ပွင့်၊ ရေတစ်မှုတ် လုပ်နိုင်ရင် တော်ပြီဆိုပြီး ကျွန်တော့်မှာ ခံစားချက် ရှိတယ်။ ဒီလို ခံစားချက်ရှိလို့လည်း ဆရာဝန်ဖြစ်လာပြီးနောက်ပိုင်း ကျေးရွာတွေမှာ ခုနပြောသလို လျှောက်လုပ်တာပေါ့ဗျာ။

ဒါကြောင့် ဒီအနာကြီးရောဂါသည်တွေကို ကျွန်တော်ဘာလို့ကုနိုင်သလဲလို့ဆိုတော့ လိုအပ်တဲ့နေရာမှာ ကူညီဖို့ဆိုတဲ့ ခံယူချက်က ကျွန်တော်မှာ ရှိပြီးသား။ ဒီအနာကြီးဆေးရုံမှာ ဆေးရှိတယ်၊ အားကိုးမယ့်လူနာတွေ ရှိတယ်၊ အဲဒီကာလ ဆရာဝန်ကလည်း ရှာမရသေးဘူး။ သူ့တို့က ဆေးရုံကို ပိတ်ရမယ့် အနေအထားတောင် ရောက်နေတယ်ဆိုတော့ ကျွန်တော်ကတော့ မပိတ်ချင်သေးဘူး။ ကျွန်တော် ဆရာဝန် ဖြစ်နေတာပဲ၊ ကျွန်တော် ဘာလုပ်မလဲ၊ စရည်ရွယ်တုန်းကတော့ တစ်နှစ်၊ နှစ်နှစ်ပေါ့။ ဒီအတွင်း သူတို့ဆရာဝန် ပြန်ရှာရရင် ကျွန်တော်ကတော့ ကျွန်တော့်ဌာနေတောတောင်ကျေးရွာပြန်ပြီး ဆေးပြန်ကုမယ်ပေါ့။ ဒါပေမဲ့ ဆရာဝန်ကမရတဲ့အပြင် ကျွန်တော်လာကုစဉ် အချိန်က ဒီအနာကြီးရောဂါဆိုတာလူတွေကလည်း ကောင်းကောင်းမသိကြသေးဘူး။ ကြောက်ရွံ့ရွံ့ရှာတုန်းဆိုတော့ ခွဲလင်းလုပ်ရမယ့် ရောဂါတစ်ခုကလည်း ဖြစ်နေသေးတော့ကျွန်တော်ပိုပြီး စိတ်ဝင်စားလာတယ်။ စိတ်ဝင်စားလာတာနဲ့ အလျောက်လည်း ကျွန်တော့်ကို ပညာပေး ထောက်မတဲ့ အစီအစဉ်ပါ ပါလာတော့ဒီပညာနဲ့ ပတ်သက်ပြီး ကျွန်တော်နည်းနည်းကျွမ်းကျင်လာတယ်။ ကျွမ်းကျင်လာတဲ့ အလျောက်လည်း ဒီဆေးရုံကို အကောင်းဆုံးဖြစ်အောင် ကြိုးစားတယ်။ နိုင်ငံခြားကို ရောက်တော့လည်း ကျွန်တော်ဆေးရုံတွေကို လိုက်လေ့လာပြီးတော့ ဒီမှာနဲ့ လိုက်လျောညီထွေဖြစ်တဲ့ ပုံစံဖြစ်အောင် ကြိုးစားလုပ်တော့ခုနည်းနည်းအောင်မြင်လာတဲ့ သဘောပါပဲ။





# အမေ . . . သတိလစ်ခြင်း

မအုံးကြည်ရဲ့ ပါးကလေးဟာ ဖြူဖြူဖွေးဖွေးနဲ့ဖောင်းဖောင်းကလေးပေါ့။ မုန့်ပေါင်းသည်က "ဟောဒီမှာ မုန့်ပေါင်း၊ မအုံးကြည်ရဲ့ ပါးကလေးလိုဖောင်းလို့" ဆိုပြီး အော်ကာရောင်းသတဲ့။ "အုံးကြည်ကသဘော်ခိုကလေးလို ကော့ကော့ကလေး တယ်ချောသကွလို့" အဘိုး ဦးချစ်စ ကလည်း သူ့ချွေးမ ချောပုံကိုပြောပါတယ်။ အဲဒီ မအုံးကြည် သတိလစ် နေတာ ၃လ ရှိပါပြီ။ အဲဒီ မအုံးကြည်ဟာ ကျွန်တော့်အမေပါပဲ။

ကျွန်တော့်အမေဟာ သာမန်ဆရာမလေးတစ်ယောက်ပါပဲဗျာ၊ စာရေးဆရာတွေဟာ ကိုယ့်

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကိုယ် ရေးအပ်သလား၊ မရေးအပ်သလား မသိပါဘူး၊ သို့သော် ကိုယ့်အမေ သတိလစ်နေတာ ကြည့်ပြီး အမေနဲ့ နေခဲ့ရတာတွေ တွေးမိတာနဲ့ ရေးမိတာပါပဲ၊ ဒါကြောင့် ဒီစာဟာ လူ့လောက အကျိုးပြုဖို့တို့ ယေဘုယျပြုပြီး ရေးနိုင်တာတို့ ဟုတ်ချင်မှ ဟုတ်မှာပါ။ ဒါပေမဲ့ ဘယ့်နဲ့တတ်နိုင်မလဲ။ သား ဆိုတော့ အမေ့အကြောင်း ရေးချင်တာပေါ့။ ကျွန်တော့်အမေ အကြောင်း ရေးပါရစေ။

> မအုံးကြည်ရဲ့ ပါးကလေးဟာ ဖြူဖြူဖွေးဖွေးနဲ့ ဖောင်းဖောင်းကလေးပေါ့။ မုန့်ပေါင်းသည်က 'ဟောဒီမှာ မုန့်ပေါင်း၊ မအုံးကြည်ရဲ့ ပါးကလေးလို ဖောင်းလို့' ဆိုပြီး အော်ကာရောင်းသတဲ့။

ကျွန်တော့်အမေမှာ သားကြီးသြရသမောင်တာအပြင် မောင်ပါ၊ မဝါ စသည်ဖြင့် သားသမီး ၆ ယောက် ရှိပါတယ်။ ဆရာမလေးနဲ့ စာရေးလေးညားပြီးတဲ့အခါ ဟိုခေတ် ဟိုအခါကမို့ ထင်ပါရဲ့။ သားသမီးတွေကို ဘွဲ့ ကလေးတွေ ကိုယ်စီကိုယ်င ရအောင် ကျောင်းထားနိုင်ခဲ့ပါတယ်။ တောမှာ နေလို့ လောက်ငတာပါပဲ။ မြေလေးယာလေး အသင့်အတင့်တော့လည်း အမေတို့မှာ ရှိပါတယ်။ မြေလေးယာလေးက ရတဲ့ ပဲလေးပြောင်းလေး စားပြီး၊ လခကလေးကို စုတော့ ကျွန်တော်တို့ငယ်ငယ်က တစ်လ ရွှေဒင်္ဂါးတစ်ပြား စုနိုင်ပါတယ်။ ကျွန်တော်တို့ ကျောင်းတက်တော့ အဲဒီ ရွှေဒင်္ဂါးပြားလေးတွေ ရောင်း–ရောင်းပြီး ကျောင်းထားတာပါပဲ။ မောင်တာက စလို့ အကြီးသုံးယောက် ကျောင်းထားပြီးတဲ့အခါမှာတော့ စုထား





တာလေးတွေ ကုန်ပါပြီ၊ အကြွေးလေးတောင် တင်ပါပြီ။ ကျောင်းပြီးတဲ့အခါ ကျွန်တော့်ရွာမှာ ဆေးခန်း ဖွင့်ပြီး ကုလို့ ငွေလေးကြေးလေးရတဲ့အခါ ပြန်ဆပ်ရပါတယ်။ အငယ် သုံးယောက် ကျောင်းစရိတ်ကို တစ်လှည့် တာဝန်ယူရပါတယ်။

ကျွန်တော်ဟာ ကျွန်တော့်ကိုယ် ကျွန်တော်တော့ မမိုက်မဲဘူးလို့ ထင်တာပါပဲ၊ သို့သော် အမေကတော့ စိတ်မချဘူးတဲ့။ သူ့သား အကြီးဆုံးတောမှာ သူ စိတ်မချတာ ၃ ချက် ရှိတယ်လို့ သတိမလစ်ခင် ၃–၄ ရက်က ပြောပါတယ်။ တစ်အချက်က ဆက်ဆံရေး မပြေပြစ်တာ၊ နှစ်က ဘာသာရေးနဲ့ ပတ်သက်ပြီး အလေးအနက် မရှိလှတာ၊ သုံးက တောင်ရေးမြောက်ရေးစာတွေရေးတော့ တခြားသူတွေ ငြိငြင်ကြမှာလို့ ပြောပါတယ်။ မုံရွာက ရန်ကုန်ပြောင်းလာတော့လည်း ယောက္ခမအိမ်မှာ နေတာကို စိတ်မချဘူးလို့ ပြောတာပါပဲ။ ဆွေမျိုးလည်း တော်တော့ ယောက္ခမဆိုလည်း အမေပါပဲ အစ်မရာလို့ ပြန်ပြောရပါတယ်။ သူ့ချွေးမကိုတော့ တော်လိုက်တာလို့ ပြောလေ့ ရှိပါတယ်။ ဆိုးချင်ဆိုးရင်၊ သူ့သား တောကသာ ဆိုးမှာလို့လည်း ပြောတတ်ပါတယ်။

ကျွန်တော့် စာတွေကိုလည်း မင်းဟာက တောင်ရောက်မြောက်ရောက်ကွယ်လို့ပဲ ပြောလေ့ရှိပါတယ်။ သူ့သားကြီးကို သူ ကာကွယ်တာ တစ်ခုပဲ ရှိပါတယ်။ တချို့လူတွေက အမေ့ကို စတဲ့အနေနဲ့ . . . မမကြည်ရာ၊ မမကြည်ကတော့ ရုပ်ချောပါရဲ့၊ မောင်တာ့ကျတော့ တယ် . . . အရုပ်ဆိုးတာပါလို့ ပြောရင်၊ အမယ် . . . ငါ့သားက မကောက်မခွက်ပါကွယ်လို့ ကာကွယ်တာပါ။ ဟုတ်သားပဲ၊ အမေက ကျွန်တော့်ကိုတော့ ချောချော မမွေးဘူးလို့ ကျွန်တော်ကလည်း နောက်တတ်ပါတယ်။ ကျွန်တော်က မျက်စိလည်းမှေး၊ နှုတ်ခမ်းလည်း ထော် . . . သူ ပြောစရာဟာ မကောက်တာနဲ့ မခွက်တာပဲ ရှိတာပါ၊ ငါ့သားက အမွေးမညစ်ဘူးကွယ့်လို့လည်း ပြောလေ့ရှိပါတယ်။ တချို့လူတွေက ရုပ်ရည် ချောမောသော်လည်း၊ အရေအရောင်



www.burmeseclassic.com

www.burmeseclassic.com



မပြောင်ဘူး၊ ကျက်သရေ မရှိဘူးလို့ ပြောချင်ပုံ ရပါတယ်။ ရုပ်ရည်ရှုပကာယနဲ့ ပတ်သက်ပြီး အမွေး ညစ်တယ်၊ အမွေး မညစ်ဘူးဆိုတဲ့ အသုံးအနှုန်းကို အမေပြောတာပဲ ကြားဖူးပါတယ်။

ကျွန်တော် မမွေးခင်ကတည်းက၊ ကျောင်းဆရာမလုပ်တဲ့ အမေဟာ ကျောင်းဆရာအလုပ်ကို အင်မတန် ဝါသနာ ပါတာပါ။ ကျွန်တော်တို့ ငယ်ငယ်က ကျွန်တော်တို့အိမ်ဟာ ကျောင်းသားတွေနဲ့ တရုန်းရုန်းပေါ့ဗျာ၊ အိမ်မှာ ညအိပ်ကျောင်းသားတွေလည်း ရှိတယ်၊ အမေက ကျောင်းသားဆိုရင် တစ်ရွာက ဖြစ်စေ၊ ရွာကဖြစ်စေ၊ အိမ်မှာခေါ်ပြီး စာသင်တာပါပဲ။ ညအခါ ရေနံဆီမီးခွက်၊ လသာမှန်အိမ်နဲ့ပေါ့။ ရေနံဆီဖိုး စိုက်ရတာပါပဲ။ တစ်ရွာက တချို့ ကျောင်းသားတွေကို ထမင်းကျွေးပြီးလည်း သင်ပါတယ်။ ဒါပေမဲ့ ယခုခေတ်မှာ ပြောသလို၊ ဆရာ ဆရာမဆိုတာ အနစ်နာခံရတယ်လို့ အမေ့ ပြောသံ တစ်ခါမှ မကြားဘူးပါ။ အမေက သူသင်ချင်လို့ သင်တာပါပဲ။ သင်ချင်လို့ သင်မှတော့ အနစ်နာခံရတယ်၊ ဘာညာပြောစရာ မလိုတော့ပါဘူး။

အမေ့ ဒဿနက ကိုယ့်ကို ထမင်းကျွေးတဲ့အလုပ်ကို ရှိသေရမယ်၊ တာဝန်ကျေရမယ်တဲ့၊ ကိုယ့်ကို ထမင်းကျွေးတဲ့ အလုပ်ကိုမှ မရိုသေတဲ့ လူကို၊ သူကတော့ အထင်မကြီးဘူးတဲ့၊ ဒါကြောင့် မုံရွေးက ကျောင်းဆရာတွေ ဟိုခေတ်က ပါတီကောင်စီတွေမှာ ဝင်လုပ်ပြီး၊ စာတော့ ကောင်းကောင်း မသင်ရင် သူက အဲဒီလို ဆရာတွေကို ဝေဖန်လေ့ရှိပါတယ်။ သူကတော့ နွေကျောင်းပိတ်မှာကတည်းက နောင်နှစ် သင်ရမယ့် သင်ခန်းစာတွေကို ပြင်ဆင်လေ့ရှိပါတယ်။ အမေက ပထဝီလည်း သင်ပါတယ်၊ သချာလည်း သင်ပါတယ်၊ ပထဝီ သင်တဲ့နေရာမှာတော့ ဝိတ်ပါပဲ၊ ခုနစ်တန်း စကောလားရှစ် အောင်တဲ့သူတွေ အများကြီးထွက်အောင် သင်နိုင်ပါတယ်။

အဖေကတော့ နိုင်ငံရေး စိတ်ဝင်စားပါတယ်။ သဘောလည်း အင်မတန်ကောင်းပါတယ်။ သူ့သူငယ်ချင်း နိုင်ငံရေးသမားတွေ လာရင် မရှိ ရှိတာ ရှာဖွေကျွေးတတ်ပါတယ်။ အိမ်မှာ ပိုက်ဆံရှိတယ် မရှိတယ် သူ





မသိပါဘူး။ ကျွေးချင်တာပဲ သူသိပါတယ်။ အမေက ရှာဖွေပေးရတာပါပဲ။ ကျွန်တော်ကတော့ အမေက ကျွန်တော့်ညီ ဖိုးပါကို ချီလို့၊ လေးနှစ်သား ကျွန်တော်က အမေ့လက်ကို ဆွဲလို့၊ လသာသော ညတစ်ညမှာ ဦးဆယ် အုတ်တိုက်နံဘေး လမ်းဖေါ်က ကြေးမုံကို ပုန်းအိပ်ဖို့ သွားရတာကို ပြန်ပြီး သတိရပါတယ်။ အဖေက အလံနီဆိုတော့ ရဲဘော်ဖြူတွေက ရန်လုပ်မှာ စိုးတာနဲ့ ကျွန်တော်ငယ်ငယ်တုန်းက ညဆိုရင် ဟိုအိမ်မှာ ဒီအိမ်မှာ ပုန်းအိပ်ရပါတယ်။ ကျွန်တော် အသက်ကြီးလာတော့ လကုန်ခါနီးလို့ ပိုက်ဆံ မရှိရတဲ့ အထဲမှာ အဖေ့သူငယ်ချင်းတွေလာလို့ လက်ဖက်၊ ဆေးလိပ် ခဏခဏ သွားဝယ်ရတာကို သတိရပါတယ်။ သူတို့ခေတ်၊ သူတို့အခါအလျောက် စည်းရုံးရေး အတွက် ရှာဆင်းပါသတဲ့။ ကျွန်တော်ကတော့ အဖေ့ အားနာတာနဲ့ လဖက်ရည်အိုး မီးထိုးရတာပါပဲ၊ အမေကတော့ နိုင်ငံရေးသမားဆိုသော်လည်း တချို့လူတွေကို အထင် မကြီးလှပါ၊ သို့သော် ရှိတာလေးတော့ ကျွေးတာပါပဲ။

'အိပ်လို့ လည်း မပျော် . . . ၊
ဆင်အော်လို့ မနိုး၊၊ စားလို့လည်း
မဝင် . . . တစ်ပြည်ချက်ကမှ
တင်းမတိမ်။ ငါကိုယ်တော် မိန့်လှ
. . . ကျောက်ဖရုံတုံး'

အမေ့မှာ အစ်မကြီးတစ်ယောက်ပါ ရှိပါတယ်။ ဒေါ်အုံးမေတဲ့။ ဒေါင်းတလီ မောင်းတလီနဲ့ အာကျယ်ကျယ် စွာတာတာ အစ်မကြီးပါပဲ။ ဒေါ်အုံးမေ



www.burmeseclassic.com

www.burmeseclassic.com



လည်း ကျောင်းဆရာမကြီးပါ။ အင်မတန် ထက်တဲ့သူပေါ့။ တစ်ရွာလုံးကို ဆရာလုပ်တဲ့သူပါပဲ။ ကျောက်ပေါက်မာနဲ့ အရုပ်ဆိုးတဲ့သူကို နွားချေးပုံ ပြောပြော မိုးသောထားသလိုပဲဟဲ့လို့ ပြောတဲ့သူပေါ့။ သူ ပြောတာတွေ အများကြီး ရှိတယ်။ "လင်လိုချင် အသော . . . အသော တဲ့" "အိပ်လို့ လည်း မပျော် . . ၊ ဆင်အော်လို့ မနိုး။ စားလို့လည်း မဝင် . . . တစ်ပြည်ချက်ကမှ တင်းမတိမ်၊ ငါကိုယ်တော် ပိန်လှ . . . ကျောက်ဖရုံတုံး" စသဖြင့် ရယ်စရာတွေ ပါပဲ။ ရယ်တတ် လှောင်တတ်သော ဒေါ်ဒေါ်ကြီးလည်း တစ်ယောက်တည်း သော သူညီမ အလှကလေး ခေါင်းတုံးကြီး ဖြစ်နေတာကို ကြည့်ပြီး ခုတော့ သိပ်မရယ်နိုင်တော့ပါဘူး။

မေလ ၈ ရက်နေ့ ညက အမေ သတိလစ်သွားတာပါ၊ ဦးနှောက် သွေးကြော ပြတ်တာမို့ ဦးနှောက်အာရုံကြောဆရာဝန်ကြီးနဲ့ ခေါင်းခွဲဖေါက်ပြီး ခွဲစိတ်ရပါတယ်။ ဒါနဲ့ အမေ့ခေါင်းလည်း ခေါင်းတုံး တုံးရပါတယ်။ ခွဲပြီးလည်း သတိမရတော့ သတိရလို ရငြား ဘုရားစာတွေ တရားစာတွေ ရွတ်ကြတာပါပဲ။ အလှအပ ကြိုက်တတ်သော အမေ့ကို ယခု ခေါင်းတုံးကြီးနဲ့ဖြစ်တဲ့ အမေ့ကို သားကြီး ကျွန်တော်ကတော့ မကြည့်ဖြစ်အောင် သတိထားနေတာပါပဲ။ နှမ ဝါဝါတို့ မော်မော်တို့ကတော့ အမေ . . . အမေနဲ့ ခေါ်, ခေါ်ကြည့်ကြပါတယ်။ အမေက အအိပ်ကြီးတာကို မကြိုက်ပါ။ အအိပ်ကြီးတာကို ဘယ်ထိ မကြိုက် သလဲဆိုရင် . . ၊ တစ်ခါမှာ စိတ်ပေါက်ပေါက်နဲ့ ငါ့သားသမီးတွေ နောက်များ တက္ကသိုလ် မထားတော့ဘူးလို့ ပြောတယ်။ တက္ကသိုလ်ကျောင်းက ပြန်လာမှ ကျွန်တော်တို့က နေဖင်ထိုးအောင် အိပ်သတဲ့။ အရင်က အဲသလို မဟုတ်ဘူးတဲ့။

အိပ်တာကို မကြိုက်တဲ့အမေ . . . ခု အိပ်နေပေါ့၊ အမေ အိပ်နေတာကိုကြည့်ပြီး (အိပ်တယ်လို့ပဲ သဘောထားရပါတယ်) သေပိုင်ခွင့် (Right to Die) စတဲ့ အတွေးအခေါ် မျိုးတွေပါတဲ့၊ အနောက်နိုင်ငံက စာတွေ ဖတ်တဲ့ ကျွန်တော်ဟာ အသုံးမကျစွာ လျှောက်တွေးနေမိပါသေးတယ်။ အမေ့





သေပိုင်ခွင့်ကို ကျွန်တော်က နှောင့်ယှက်နေသလားပေါ့ဗျာ၊ စိတ်ထဲက မရှင်းလှပါ။ ခေါင်းတုံးကြီးနဲ့ အမေ့မှာ ပိုက်တွေ အများကြီးပေါ့၊ နှာခေါင်းပိုက်၊ ဆီးပိုက်၊ ဒရစ်ပိုက်၊ အောက်ဆီဂျင်ပိုက်တွေနဲ့။ အမေ ဆင်းရဲနေမလား။ အနောက်နိုင်ငံမှာတော့ ဦးနှောက်သေ မသေကို ဦးနှောက် အီလက်ထရိုဂရမ် လုပ်ပါတယ်။ အမေ့ဦးနှောက် သေ မသေ ကျွန်တော် လုပ်ကြည့်သင့်သလား။ အမေ သတိလစ်စ တစ်ပတ် နှစ်ပတ်မှာ ကျွန်တော် မဝေခွဲနိုင်၊ မရှင်းမလင်း ဖြစ်နေပါတယ်၊ ငါကတော့ ကုပေးတာ အမေက ဆင်းရဲနေမလား။ သေပိုင်ခွင့် . . . အမေ့ သေပိုင်ခွင့် . . . ဟာ . . . အလကားဟာတွေပါ။ သည်းခံပါဗျာ . . ၊ ဒီနေရာမှာတော့ အနောက်ကလူတွေ သူတို့အတွေးနဲ့ သူတို့နေပေါ့။ အရှေ့တိုင်းသား ကျွန်တော်ကတော့ ကျွန်တော့်ဆရာကြီးတစ်ယောက် ပြောသလိုပဲ နှလုံးသွင်းပါတော့တယ်။ "မောင်တာ . . . ဆရာလည်း ဆရာ့ အမေတုန်းက၊ မင်း အမေလိုပဲ ကြုံရဖူးတယ်။ ဆရာ့အမေက ၂ နှစ် ကြာ သတိမေ့နေတယ်။ ဆရာဆေးရုံ မသွားမိ၊ ဖေးရုံအပြန်မှာ သတိလစ်နေတဲ့ အမေ့ကို ပြုစုတာပဲ။ ဗုဒ္ဓဘာသာမှာ အမေဟာ ဘုရားနဲ့ တဂိုဏ်းထဲ မဟုတ်လား၊ အမေ သတိရရ၊ သတိမရရ အမေရှိနေတာဟာ အိမ်မှာ ဘုရား ရှိနေတာပဲပေါ့။ ဘုရားကို ဆွမ်းတော်ကပ်သလိုပေါ့။ မင်းအမေကို မင်း . . . ပြုစု ပေါ့တဲ့" အမေ သတိမရတာ ဘယ်လောက်ကြာကြာ သားဖြစ်တဲ့ ကျွန်တော် ဆွမ်းကပ်မှာပေါ့ဗျာ . . . ဒါပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



# အမေ့ ခေါ်သံ

ရင်းရင်းနှီးနှီး သတင်းရေးနည်း ဆိုတဲ့ စာအုပ်တစ်အုပ်မှာ သတင်းတစ်ပုဒ် အကြောင်း ဖတ်မိပါတယ်။ ရေးတဲ့သူက ဝေါ့ဟဲရင်တန်တဲ့ သူ့အယ်ဒီတာက အိုမင်းမစွမ်းဖြစ်တဲ့ မိဘတစ်ယောက်နဲ့ တစ်အိမ်တည်း အတူနေတဲ့ မိသားစုတစ်စုအကြောင်း သတင်း တစ်ပုဒ် အရေးခိုင်းသတဲ့။

အိုမင်းမစွမ်းဖြစ်တဲ့ မိဘတစ်ယောက် အတူနေတဲ့ မိသားစုဟာ သတင်းလား။ ဟဲရင်ဝါန်

www.burmeseclassic.com

www.burmeseclassic.com



လူမှုဝန်ထမ်းဌာနတွေကို ဆက်သွယ်ရသတဲ့။ နေ့ပိုင်း ဘိုးဘွားရိပ်သာတွေကို စုံစမ်းရသတဲ့။ ဟဲရင်တန် သတင်းရေးချင်တာက အိုကြီးအိုမ မိဘရှိတယ်။ မိဘဟာ ကိုယ့်ကိုယ်ကိုယ် မချီ မသယ်နိုင်လို့ သားတွေ သမီးတွေရဲ့ နေမှုထိုင်မှုတွေကို အလုပ်ရှုပ်စေ၊ ထိခိုက်စေမယ့် အခြေအနေမျိုးရှိတဲ့ မိသားစုတဲ့၊ ဟဲရင်တန်က သူ လိုချင်တဲ့ မိသားစုတစ်စု တွေ့ပါတယ်။ သမီးဟာ သူ့စိတ်ခံစားမှုတွေကို အရင်းအတိုင်း ပြောရဲပါတယ်။ သူ့အဖေကြီး အိုမင်းမစွမ်းနဲ့ ကိုယ့်အရိုး ကိုယ်မချီနိုင်တော့ [illegible]နေရတဲ့ သမီးဟာ သူ့အဖေ သူ့အိမ်ရောက်လာတာကို လုံးဝဉဿုံ မပျော်ပါဘူးလို့ ပြောသတဲ့။

အသက်ကြီးလို့ အိုမင်းမစွမ်းဖြစ်လည်း လူတစ်ယောက်ဟာ လူပါပဲ။ ပြောင်းလဲ ရှင်သန်နိုင်သေးတာပါပဲလို့ လူမှု သိပ္ပံပညာရှင်တွေက မှတ်ချက်ပြုပါတယ်။ အိုမင်းလာတာရယ်၊ ချစ်ခင်ရတဲ့ လူအိုတစ်ယောက်ကို စောင့်ရှောက်တာရယ်ဟာ လူ့ဘဝသံသရာ စက်ဝန်းရဲ့ အစိတ်အပိုင်းတစ်ခု အဖြစ် ခံယူသင့်တယ်လို့ ကျွန်တော်ဖဟော့ ထင်တာပါပဲ။

၂၀၂၅ မှာ အမေရိကန် လူဦးရေ နှစ်ဆယ်ရာနှုန်းဟာ အသက် ၆၅နှစ်ကျော်တဲ့ လူအိုတွေ ဖြစ်တော့မှာတဲ့။ ၁၄သန်းလောက် ရှိလိမ့်မယ်တဲ့။ အမေရိကန်မှာလည်း၊ ယခုခေတ် လူငယ်တွေဟာ သူတို့ အဖေအမေတွေကို လူအိုရုံထဲမှာ ထားတာ များပါတယ်လို့ ပြောရင်၊ သိပ်မမှန်လှပါဘူးတဲ့၊ ၅ရာနှုန်းလောက်သာ လူအိုရုံ တွေမှာ ရှိသတဲ့။ လေးပုံသုံးပုံသော အိုကြီး အိုမ မိဘဟာ သားသမီးတွေနဲ့ပဲ အတူနေသတဲ့။ ဒါဟာ အမေရိကန်မှာပေ့.

လေဖြတ်နေတဲ့ အမေဟာ ကျွန်တော်နဲ့ နေပါတယ်။ သူ့မှာ အသိလည်း မရှိတော့ပါဘူး၊ ကျွန်တော့် အနေနဲ့ကတော့ အမေ အိမ်မှာရှိတာ ဂုဏ်ယူစရာလည်း ဖြစ်တာပ်။ ကျေကျေနပ်နပ် အရသာရှိရှိလည်း ဖြစ်ပါတယ်။ တစ်ခုပဲ၊ ဝာစ်ခါတစ်ရံမှာ အမေ ဝဋ်ဒုက္ခများ ခံနေရတာလားလို့ တွေးမိတတ်တာပါ။ ဆီးပိုက်ရှိနေတော့ ရောဂါပိုး နည်းနည်းဝင်ရင် အမေ ချမ်းတုန်နေတာမျိုး





ဖြစ်တတ်ပါတယ်။ အဲဒီအခါမျိုး မှာ တွေးမိတာပါ။ အမေသာ အသိရှိရှိနဲ့ ဆိုရင်တော့ ဒါမျိုးတွေးတောမိစရာ အကြောင်း မရှိပါဘူး။

———— ॥ ————

မနှစ်က ဩဂုတ်လ နေ့တစ်နေ့မှာ မုံရွာက စာတစ်စောင် ရောက်ပါတယ်။ စာတိုတိုလေးပါ။

ကိုတာ

သာဓု . . . သာဓု . . . သာဓု

ခနထွန်း

အုံမောင်

မောင်ချစ် (မုံရွာ ကာလသားကြီး)

အောင်သာစံ

မင်းဆွေနှစ်

ခမောင်မောင်ထွေး

ဝင်းမောင် (သမိုင်း)

လေဖြတ်နေတဲ့ အမေ့ကို သားတစ်ယောက်က ပြုစုထားတာကို မိတ်ဆွေတွေက သာဓု သာဓု ခေါ်တဲ့စာပါ။ အမေ့ကို သားက [illegible]င်မကျွေးလို့ ဘယ်သူက ကျွေးမှာလဲ၊ ကျွန်တော့်အခြေအနေကလည်း မကြောင့်မကြရ လို့ပါ။ ဒါပါပဲ တကယ်တော့ ဘာမျှ [illegible]တ်ပါ၊ လုပ်စရာရှိတာ လုပ်တာပါ။

တကယ်တော့ အောက်ထပ် အခန်းတစ်ခုမှာရှိတဲ့ အမေ့ထံ တစ်အိမ်တည်းနေ ကျွန်တော် နေ့တိုင်းမရောက်ပါ။ အမေ့ကို နေ့တိုင်း မကြည့်ဖြစ်ပါ။ အမေဟာ ကျွန်တော့်ကို မမှတ်မိတော့ပါ။ တခြားသားသမီး



www.burmeseclassic.com

www.burmeseclassic.com



တွေကိုလည်း မမှတ်မိတော့ပါ။ အမေ . . . မောင်တာလေ ဆိုသော်လည်း သိတော့တာ မဟုတ်ပါ။ ဆံပင်တွေ ကြာဇံလို ဖွေးနေတဲ့ အပေါ်မှာ ဆရာမက စံပယ်ပွင့်လေး ၂ပွင့် ၃ပွင့် ပန်ပေးထားတယ်။ ဆီလူးပြီး ဘီးနဲ့ ဖြီးထားပါရဲ့၊ အမေ့ ခန္ဓာကိုယ်ကလည်း အနံ့အသက်မရှိ၊ ပေါင်ဒါနံ့ မွှေးနေပါရဲ့။ သို့သော် ကျွန်တော့်ကို မသိတဲ့အမေဟာ . . . ကျွန်တော့်အမေတော့ အမေပါပဲ။ ဒါပေမဲ့ ငယ်ငယ်က အမေနဲ့လည်း မတူဘူး။ တောလိုလည်း မခေါ်ဘူး။

"ငယ်ငယ်က အမေ့"ကို လွမ်းလွမ်းနဲ့ ကျွန်တော် ရေးထားတဲ့ စာတစ်ပိုဒ်ကို ပြန်ဖတ်ကြည့်မိတယ်။

"အတိတ်ကို လွမ်းတဲ့အခါ ကျွန်တော် ရွာပြန်ပါတယ်။ မုံရွေးရွာဟာ ကျွန်တော့်အတိတ်ပါပဲ။ ယခု ကျွန်တော် ငါးဆယ်ရှိပါပြီ။ ဒါပေမဲ့ မုံရွေးရွာကတော့ ကျွန်တော်လူမှန်းသိစကနဲ့ အတူတူပါပဲ၊ ကျွန်တော်က လွမ်းလို့ ကျွန်တော့်အတိတ်ကို ပြန်သွားချင်သလား။ ကာလယန္တရား စီးဖို့ မလိုပါခင်ဗျ၊ ရွာပြန်ဖို့ပဲ လိုပါတယ်။ ရွာရှေ့က ယာခင်းကလည်း ဒီအတိုင်းပဲ၊ သူရင်းငှားကိုချစ်ညိန်လည်း အကျီမပါတာ ဒီအတိုင်းပဲ။ တပေါင်းလ အိုးပုတ်ချိုးရုပ် ရောင်းနေကျ အိုးပုတ်လုည်းတွေလည်း ဒီအတိုင်းပါပဲ၊ အမေက နည်းနည်း အိုသွား၊ ဒေါ်ဒေါ်ကတော့ ပိုအိုသွားတာ တစ်ခုပါ။ အခုလို တန်ဆောင်မုန်းလ ညတစ်ညမှာ အစောကြီး နိုးနေပြီး၊ ပြန်လည် အိပ်မရ၊ အမေ့လည်း လွမ်းရထာ နဲ့ မှုံရွာကနေပြီး ဆိုင်ကယ်တစ်စီးနဲ့ ရွာပြန်တာကို မှတ်မိသေးတယ်။ နှင်း နည်းနည်း ကျပြီး မြူတွေက ခပ်ဆိုင်းဆိုင်း၊ ဆိုင်ကယ် တဖုတ်ဖုတ် စီးလာတော့ လေက တဟူးဟူးဗျ။ မနက် ၄နာရီခွဲလောက် ရွာရောက်တော့ ကြက်ဖလည်း တွန်နေပြီ။ အမေ . . . အမေလို့ ကျွန်တော်က ခေါ်တော့ အိမ်ရှေ့တံခါး ဖွင့်ပြီး၊ အမေဟာ မီးခွက်ကလေး ကိုင်ဆင်းလာတယ်။ အရင်ကလိုပါပဲ။ "ငတာလားဟဲ့တဲ့။ ကျွန်တော် မနက်အစောကြီး ရောက်လာလည်း သိပ်အံ့သြပုံ မရပါ၊ သားကြီးကို နေ့တိုင်း မျှော်နေ





သလားမှ မသိတာ။ သူ့သားကြီး လာမယ်လို့ သူ ဘယ်လို သိသလဲ ကျွန်တော်တော့ မသိပါ။ အမေက ရေနွေးအိုး တည်ထားတာကို ကြည့်လိုက်ဦးလို့ ပြောပြီး အကြော်သွားဝယ်တယ်။ မီးခွက်ကလေး မှိတ်တုတ်မှိတ်တုတ်နဲ့ပါပဲ။ ကျွဲထွန်သွားတဲ့ လှည်းစာမထိုးလို့ တကျွီကျွီမြည်နေတဲ့ လှည်းတွေက ရွာလည်လမ်းမှာ သွားနေတယ်။ ကျွန်တော်က မီးဖိုနံဘေးက ကွပ်ပျစ်ပေါ်မှာထိုင်ပြီး သားစားဖို့ အကြော်ဝယ်ထွက်သွားတဲ့ အမေ့ကို ငေးကြည့်နေတယ်။ မောင်မောင်ကြီး လာသလားတဲ့၊ ခဏကြာတော့ နှမအငယ်ဆုံး နိုးလာပြီး ကျွန်တော့်ကို ခေါ်ပါတယ်။ သူလည်း ထမင်းအိုး တည်ပြီး ရေသွားခပ်တာ။ ကျွန်တော်ငယ်ငယ်ကလိုပါပဲ၊ ဘာမှမပြောင်းလဲပါဘူး၊ တကယ့်ကို ဘာမှ မပြောင်းလဲပါဘူး၊ ကျွန်တော် ထမင်းကြမ်းနဲ့ အကြော်စားပြီး မလင်းခင်ဘဲ မုံရွာကို ပြန်ပါတယ်။ အမေနဲ့ ရွာကလေးကတော့ မှောင်ထဲမှာ ကျန်နေခဲ့ပါတယ်။ အတိတ်ကို လွမ်းရင် ကျွန်တော့်ဆေးနည်းကတော့ ရွာပြန်တာပါပဲ။"

အမေ ရွာမှာ ရှိတုန်းက အဲသလိုပဲ ၁လ ၁ခေါက်၊ ၂လ ၁ခေါက် ဆိုသလို၊ ကျွန်တော် ရွာပြန်လေ့ ရှိပါတယ်။ အဖေ ဆုံးသွားတော့ မုဆိုးမ အမေ့ထံကို သားကြီး သြရသဟာ၊ မကြာခဏ သွားမှ သင့်မှာမို့ပါ။ ရန်ကုန်မှာ နေလို့ ဝေးသော်လည်း စိတ်ကူးပေါက်ရင် ထပြီးသွားလေ့ ရှိပါတယ်။ (ဆရာစွမ်းရဲ့) အမေ့ခေါ်သံက၊ အသံမထွက်ဘဲ မြည်ဟီးပါတယ်။ အမေ့ကို ချစ်တဲ့သားလို့ လူကြားအောင် ပြောတာမဟုတ်ပါ။ ချစ်တာ မချစ်တာထက်၊ သားဟာ သားတာဝန်ကျေဖို့၊ တာဝန်ကျေနိုင်တဲ့ အခြေအနေလည်း ရှိနေလို့ အမေ့ထံ ပြန်ခြင်းမျှသာပါ။ မုံရွာက ဦးလေးချစ်က အမေ့ထံ သားပြန်တာကို အလွန်သဘောကျပါတယ်။

သို့သော် မနှစ်က အမေ လေဖြတ်တဲ့အခါတော့ မုံရွေးက အမေဟာ ရန်ကုန်ရောက်လာပြီး၊ ကျွန်တော်နဲ့ နေရပါတယ်။ ကျွန်တော်လည်း အမေ့ထံ ပြန်စရာမလိုတော့ပါဘူး။ ကျွန်တော့်အတိတ်လည်း ပျောက်ကွယ်သလို



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားတော့ပါပဲ။ ယခု နေလေဖြတ်တဲ့ အမေဟာ ကျွန်တော် လွမ်းနေတဲ့ အမေနဲ့လည်း မတူဘူး ခင်ဗျ။

အခု အမေက အော် . . . အော် ငိုနေတတ်တယ်။ ဦးနှောက်အာရုံကြောထိခိုက်တဲ့ လူနာတွေဟာ ဒီလိုပဲတဲ့။ အော်ပြီး ငိုမနေဘဲနဲ့ ရယ်နေပါလား။ လူတွေဟာ ဒီလိုပဲလား၊ သဘာဝဟာ ဒီလိုပဲလား၊ အမေဟာ ဝေဒနာခံစားနေရလို့လား၊ မသေဘဲ နေနေရတဲ့၊ ပြောမှ မပြောနိုင်တဲ့ ဘဝကြီး ကို ငြီးငွေ့လို့လား၊ အဖေ့ကို သတိရလို့လား။

အဖေ့အကြောင်းပြောရင်၊ မျက်ရည်ကျတာနဲ့ အမေ သိလို့နေမှာပဲ။ သိလို့နေမှာပဲဆိုပြီး၊ အဖေ့အကြောင်း အမေ့ရှေ့မှာ မပြောကြတော့ပါဘူး။ တရားခွေတွေ ဖွင့်ထားရင်လည်း ငေးပြီး နေတယ်။ သိတာလား မသိတာ လား၊ ကြားနေကျမို့လား၊ စိတ်က စွဲလို့လား။ အမေ အော်နေရင် တရားခွေဖွင့်ရတယ်၊ သို့မဟုတ် တရားစာတွေ ဖတ်ပြရတယ်။ ကျွန်တော်လည်း တစ်ခါတစ်ရံ ဖတ်ပြပါရဲ့၊ နှမအထွေးလေးကတော့ ဒိုင်ခံဖတ်ပြရတာပါပဲ။ ကျွန်တော့်ညီ မောင်ဖိုးပါလည်း ရုံးက အပြန် ပြေးလာပြီး တရားစာ လာဖတ်ပါတယ်။ အမေက ခဏခဏ မောင်ပါအိမ်သွားမယ်လို့ ပြောတတ်တယ်။ ဖိုးပါက အမေ့အနားမှာ ရှိနေလျက်သားပဲ။ အမေ ကျွန်တော် မောင်ပါပဲ၊ မောင်ပါ အမေ့အနားမှာ ရှိနေတာပဲလို့ ပြောသော်လည်း မောင်ပါအိမ်သွားမယ်၊ မောင်ပါအိမ် သွားမယ်လို့ အော်နေတတ်တယ်။ သူ တစ်ခုခု ပြောချင်တာ တစ်ခုခု လုပ်ပေးစေချင်တာ၊ အဲလို အခါမျိုးမှာ မောင်ပါအိမ်သွားမယ်လို့ ပြောတော့တာပါပဲ။

အမေ့ ညာလက်က မလှုပ်နိုင်ပါ။ ညာဘက်ခြေထောက်လည်း မလှုပ်နိုင်ပါ။ ပိုက်တွေ တပ်ထားရတာ ၁နှစ်ကျော်ပြီ၊ ဆီးပိုက်နဲ့ အစာပိုက်တွေပါပဲ။ မျက်လုံးတွေကလည်း မကြည့်တတ်တော့ဘူး၊ တစ်နေရာကို စိုက်ကြည့်နေတတ်တယ်။ လည်ပင်းကိုလည်း သိပ်မလှည့်နိုင်တော့ ဆရာမကပဲ စောင်းပေးရ၊ လှည့်ပေးရတယ်။ အရင်က အမေ့မျက်လုံးတွေဟာ





ကြည်နေတာ၊ ရီနေတာ၊ အမေ့အနားမှာလည်း သနပ်ခါးနဲ့ အမြဲသင်းနေတာ၊ အခု ဆရာမ လိမ်းပေးတဲ့ ပေါင်ဒါနံ့ မဟုတ်ဘူး။

အမေ့အစ်မ ဒေါ်ဒေါ်ကြီးလည်း ရွာမှာ မနေနိုင်တော့ဘူး။ တစ်ယောက်တည်းသော ညီမလေးကို ပြုစုဖို့ အနားမှာထိုင်ပြီး အုန်းကြည်ဒါလေး စားပါဦးလား၊ ဟိုဟာလေး စားပါဦးလား၊ ဦးကောဝိဒ ဘယ်တရားက ဘယ်လို ကောင်းတာ ပြောနိုင်ဖို့ ရန်ကုန် လိုက်လာရတယ်။ အားလုံး ရန်ကုန် လိုက်လာကြတော့ ကျွန်တော်လည်း ရွာမပြန်ဖြစ်တော့ဘူး၊ ရွာပြန်စရာ အကြောင်း မရှိတော့ဘူး။ စနေ၊ တနင်္ဂနွေ စာလေး ဘာလေး ရေးဖို့ စားပွဲမှာ ထိုင်ရင်း လျှောက်တွေးမိတဲ့အခါ . . . ရွာအကြောင်းလေးတွေ တွေးမိရင် လွမ်းတော့ လွမ်းပါရဲ့။ သို့သော် အမေ့ခေါ်သံဟာ ထိုအရပ်မှာ မရှိတော့ပါ။

———— ။ ————

အမေစပြီး သတိလစ်ကတည်းက ကျွန်တော် လျှောက်တွေးမိတာတွေ အများကြီးရှိသည်။ ကျွန်တော် တွေးမိတာတွေ ပြောချင်ပါသည်။

"အသိ"ဆိုတာက 'သိခြင်း'ဆိုတာ ဘယ်က ဘယ်လို ဖြစ်ပေါ်တာတုန်း။ ကိုယ့်အမေ ပြန်လည်သိစေချင်သည်။ နှဗ်ကြောအဖွဲ့ အစည်းဆက်စပ်ဖွဲ့ နှောင်မှုတွေ ပြတ်တောက်ကုန်လို့ နှဗ်ဆဲလ်တွေ သေကုန်လို့ 'သိခြင်း'မရှိတော့။ မျက်စိက ကြောင်တောင်တောင်၊ လျှာက သူ့အပေါ် အစာရေစာ ထွင်လာသော်လည်း မသိမ်းနိုင်၊ နားကတော့ နားအကြားအာရုံကောင်းသေးသည်။ သို့သော် မောင်တာဆို၍မှ မောင်တာ ဆိုတာ သားကြီးမှန်းမသိ၊ မောင်ပါဆို၍မှ သားလတ်မှန်းမသိ။ အကြားကို အဓိပ္ပာယ် မဖော်နိုင်။ တရားခွေဖွင့်ရင်တော့ သဘောကျသည်။ တရားကတော့ စွဲနေလို့လား။ မေညွှန့်က ရွာခေါ်ခဲ့ပါလား၊ ရွာက သူသူငယ်ချင်းတွေ ဆွေမျိုးတွေနဲ့ တွေ့ရင် ပြန်သတိရချင်ရမှာဟု စာရေးသော်လည်း၊ ကျွန်တော် ညီနှင့်



www.burmeseclassic.com

www.burmeseclassic.com


နှမများဖြစ်သော ဖိုးပါတို့ မဝါတို့က သားသမီးကိုမှ မသိတော့တာ ဘယ်သူ့ကို သိအုန်းမှာလဲတဲ့။ ကျွန်တော်ကလည်း ဝတ္ထုတွေထဲကလို မီးပွင့်ကလေး လင်းသကဲ့သို့ ဖျတ်ခနဲ ပွင့်သလို ဖြစ်နိုင်မည် မထင်၊ ပြီးတော့ ရွာမှာ ဖုံတွေက ထလာသည်။ ပဲရိတ်ချိန်ဆိုလျှင် ပဲမှုန်တွေက လွင့်လာသည်။ အညာ ဆိုတော့ ပူကလည်း ပူလှသည်။ ပြီးတော့ ယခုလို အခြေအနေနဲ့ဆိုရင်၊ သိတာနဲ့ မသိတာ ဘယ်ဟာက ကောင်းသလဲ။ တစ်ခါတလေ အမေ မသိ တော့ အခံရသက်သာသည်ဟု တွေးမိတတ်သေးသည်။ အမေ့သွေးတိုးမှာ သတိ မလစ်ခင်က ထိန်းမရ သိမ်းမရ တက်ချည် ဆင်းချည် ဖြစ်သော်လည်း၊ သတိ မရတော့သော ၁နှစ်ကျော် ကာလတွင် ပုံမှန်ဖြစ်နေသည်။ အကယ်၍ သိခြင်းရှိလာလျက်၊ ဝမ်းနည်း စိတ်ဆင်းရဲလျှင် သွေးတိုးလည်း တက်မည်။ မျက်ရည်လည်းကျမည်။ မသိတာက ခပ်ကောင်းကောင်းထင်ပါရဲ့ဗျာ။

ဒေါ်ဒေါ်ကြီးက ... မောင်တာရို ... ငါ့မှာများ အဲလိုဖြစ်ရင်တော့ ဆေးမကုကြပါနဲ့ကွယ်ဟု တောင်းပန်ပါသည်။

အသက် ၈၀ အရွယ် လူအိုတစ်ယောက် ဦးနှောက်သွေးကြော ပြတ်သည် ဆိုပါစို့။ ကုရမှာလား။ မကုရမှာလား။ ကျွန်တော့်သဘောမှာ ကုတော့ ကုရမှာပဲ၊ သို့သော် အမြန်ကုပါ ချက်ချင်းကုပါ။ တစ်ဝက် တစ်ပျက် မလုပ်ပါနဲ့။ အချိန်တော့ မဆွဲနှင့်၊ သတ္တိတော့ ရှိရမှာပဲ၊ လူနာရှင်လည်း သတ္တိရှိရမည်။

အမေဟာ အဓိပ္ပာယ်ရှိတဲ့လူတစ်ယောက် ဖြစ်သေးရဲ့လား

အဓိပ္ပာယ်ရှိတဲ့ လူဆိုတာ ဘာလဲ။ ပတ်ဝန်းကျင် (ကျွန်တော်တို့) အတွက် ဖြစ်စေ၊ သူကိုယ်နှိုက်အတွက် ဖြစ်စေ၊ နေရတဲ့နေခြင်းဟာ အဓိပ္ပာယ် ရှိရမယ်၊ အမေ့မှာ အဲဒီ အဓိပ္ပာယ် တစ်စုံတစ်ရာ ရှိရဲ့လား။ အမေ့ပါးစပ်ဟာ မစားနိုင်ဘူး၊ ပိုက်နဲ့ ထည့်ရတယ်။ ဆီးမသွားနိုင်ဘူး၊ ပိုက်နဲ့ပဲ။ မရွှေ့နိုင်ဘူး၊ နပ်စ်က ပွေ့ပြီး ရွှေ့ရတယ်။ မလျှောက်နိုင်ဘူး၊ တွန်းလှည်းပေါ်တင်ပြီး





တယောက်ယောက်က တွန်းရတယ်။ အမေဟာ အနုပ်ထုပ်ဝန်ပိုး ဖြစ်နေပါပြီလို့တော့ ဘုရားစူးရပါစေ ကျွန်တော် တစ်ခါမှ မတွေးမိပါဘူး။ ကိုယ့်အမေကို ငါ ... လုပ်ပေးနိုင်တယ် စောင့်ရှောက်နိုင်တဲ့ကောင် ဆိုပြီး မာန်မာနတွေ (မာန်မာန ထက် ကိုယ့်ကိုယ်ကိုယ် ကျေနပ်မှုတွေလို့ ပြောရ လော တဖွားဖွား ခံစားရ လို့ အရသာတောင် ရှိပါ သေးတယ်) တက်သေး တယ်။ အဲ ...အဲဒီလို ဆိုရင် ကျွန်တော့်အတွက် အမေ တည်ရှိတာ အဓိပ္ပာယ် ရှိတာပေါ့။ သို့သော် ... သူကိုယ်နှိုက်အတွက် ... အမေ့အတွက် အဓိပ္ပာယ် ရှိရဲ့လား။ အဲဒါတော့ ကျွန်တော် မသိပါဘူးဗျာ။

မိသားစုဆိုတာလည်း အရေးကြီးတာ ပေါ့နော်။ ကလေးတွေ မွေးဖို့လည်း လိုတာပေါ့။ ကလေးတွေ မွေးထားတော့ (တခြားလူဘား တစ်ယောက်နှစ်ယောက် သုံးယောက်ကို 'အပြည့်အဝ' တာဝန်ယူ ထားခဲ့တော့) ကလေးတွေထဲကတစ်ယောက် နှစ်ယောက် သို့မဟုတ် အားလုံးက သူ တတ်နိုင်တဲ့နည်းနဲ့ အမေအိုတို့ ပြန်ကြည့်မှာပေါ့။

အဲလေ တစ်ယောက်ယောက် အတွက် အဓိပ္ပာယ် ရှိနေရင် ပြီးရောပေါ့။ သားသမီးတွေ၊ ဆွေမျိုးတွေ၊ မိတ်ဆွေတွေ အတွက် အိပ်ရာထက် လဲနေတဲ့ အမေ ဟာ အဓိပ္ပာယ်ရှိပါ သေးတယ်။ ဥပမာ ဖိုးပါဆိုပါစို့။ ဖိုးပါဟာ ကျွန်တော့်ညီ ပေါ့။ ဒီကောင်ဟာ အင်မတန် တော်တဲ့ အကောင်၊ ကျွန်တော့်ထက် တော်တယ်။ ရုံးကပြန်တိုင်း အမေ့ဆီ ဝင်လာတယ်။ တရားစာ



www.burmeseclassic.com

www.burmeseclassic.com



လာဖတ်တယ်။ အမေ နားလည် မလည် ဘယ်သူမျှ မသိဘူး။ သို့သော် အဲဒီလို လုပ်ပေးရင်း မောင်ဖိုးပါ ပီတိဖြစ်နေမှာပဲ၊ လုပ်သင့်တာ တစ်ခု မာတာပိတ္ ဥပဋ္ဌာန် မင်္ဂလာတရား ဒီကောင် ရနေတာ။ ကျွန်တော့်ဒေါ်ကြီး ဒေါ်အုံးမေလည်း ဒီလိုပဲ။ သူတို့မှာ ညီအစ်မနှစ်ယောက် ပဲရှိတာ၊ ဒေါ်ဒေါ် ၈၁ ရှိပြီ။ ညီမကို ပြုစုနေရတာ၊ သူသဘောကျနေမှာပဲ၊ ငါ တယ်ဟုတ်ပါ ကလားလို့ ထင်မှာပဲ။ သိပ်ကောင်းတာပဲ။ အမေ ခန္ဓာကိုယ်ကြီး ရှိနေလို့ပေါ့။

## မိသားစုဟာ အရေးကြီးပါတယ်

အမေ သတိလစ်စကာလများမှာ ရွာမှ သူတပည့်များ၊ ဆွေမျိုးများ၊ သူငယ်ချင်းများ ရန်ကုန်ထိ လိုက်လာကြတယ်။ မလာနိုင်လို့ စိတ်မကောင်းကြသူတွေလည်း တစ်ပုံတစ်ပင်ပါပဲ။ ခုထိလည်း တဖြောက်ဖြောက်ရောက်လာကြပါတယ်။ အမေက ကျောင်းဆရာလုပ်ခဲ့လို့ ထင်ပါရဲ့။ ဆရာမ မည်ကာမတ္တ မဟုတ်ဘဲ စေတနာပြည့်ဝ နှလုံးလှခဲ့လို့လည်းနေမှာ။ အကယ်၍ ကျွန်တော်များ အမေလို ဖြစ်တယ်ဆိုပါစို့၊ ဘယ်သူဘယ်ဝါ အနားမှာ ရှိမလဲ။ အဲဒီလို စဉ်းစားမိသောအခါ . . . အမေက ကံကောင်းပါတယ်ဗျ။ မိသားစုဆိုတာလည်း အရေးကြီးတာပေါ့နော်။ ကလေးတွေ မွေးဖို့လည်း လိုတာပေါ့။ ကလေးတွေ မွေးထားတော့ (တခြားလူသား တစ်ယောက် နှစ်ယောက် သုံးယောက်ကို 'အပြည့်အဝ' တာဝန်ယူထားခဲ့တော့) ကလေးတွေထဲက တစ်ယောက်နှစ်ယောက် သို့မဟုတ် အားလုံးက သူတတ်နိုင်တဲ့နည်းနဲ့ အမေအိုကို ပြန်ကြည့်မှာပေါ့။ သားသမီးနဲ့ မိဘဆိုတာ မေတ္တာကို ပေးအပ်ပြီး အနှက်ရှိုင်းဆုံးနည်းနဲ့ သံယောဇဉ်နှောင်ဖွဲ့ခြင်းပါပဲ။

ဟုတ်တာပေါ့ဗျာ။ အမေရှိနေတာနဲ့ ကျွန်တော့်အိမ် စည်စည်ကားကားဖြစ်နေတော့တာပါပဲ။ မုံရွေးက နှမလည်း ၁လ တန်သည် ၂လ တန်သည် လာနေတယ်။ ပုလိပ်က နှမလည်း ၁လ-၁ခေါက် ရောက်လာတယ်။ အသိ မရှိသော်လည်း အမေဟာ မဏ္ဍိုင်ကြီး ဖြစ်သေးတာပါပဲ။ သူတည်ရှိခြင်းဟာ အဓိပ္ပာယ်ရှိသေးတာပါပဲ။





# ရသမယ်လို့ဒီအတွက် ကိုတွေးထက်၍ အမေးများကို ဖြေခြင်း

၁။ ဆရာ စာ စရေးဖြစ်ပုံလေးကို ကြုံတုန်း ပြောပြပေးပါ။

ကျောင်းသားတုန်းက ကျောင်းစာအပြင် ပြင်ပစာဖတ်တဲ့ သူတချို့ မှာ ကျွန်တော်လည်း ပါပါတယ်။ ကျောင်းပြီးသောအခါ စာမဖတ် ဖြစ်ပါ။ ၉၀ ခုနှစ်များမှာမှ စာပြန်ဖတ်ဖြစ်ပါတယ်။ စာပြန်ဖတ်တဲ့အခါ ယားကျိကျိ ခံစားရတာတွေ ရှိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



၂။ ဆရာ ရေးခဲ့သမျှ ဒီစာအုပ် အပါအဝင် အရင်ထွက်ခဲ့ပြီးတဲ့ (ဖြန့်ထွက်တွေးခြင်း၊ ရယ်ရွှင်ဖွယ်)တို့မှာ အနာဂတ်အတွက် ကြိုတင်ပြင်ဆင်ဖို့ အတွေးအခေါ်ဟောင်းတွေ၊ စဉ်းစားနည်းအဟောင်းတွေ ပြောင်းဖို့ နည်းသစ် လမ်းသစ်တွေရှာဖို့ စသည်တို့ရှည်းသာ ဖြစ်တယ်လို့ ဆရာဇော်ဇော်အောင်က မှတ်ချက် ချထားပါတယ်။ ဒီအတိုင်း ဟုတ်ပါသလား ဆရာ။

ဆရာဇော်ဇော်အောင်သာ မကပါ၊ ဒေါက်တာသန်းထွန်းက ခင်ဗျားဟာက ရန်သူမိတ်ဆွေ မခွဲဘဲ ဦးအောင်ပစ်၊ ပြီးမှမေး (shoot and ask) ဖြစ်နေတယ်လို့ ဝေဖန်ပါတယ်။ သူများနိုင်ငံတွေက ၂၁ ရာစု ဝင်ဖို့ လုပ်နေပြီ၊ ငါတို့ဘာလုပ်ကြမလဲလို့ မေးတာက မေးရုံသာရှိမယ်။ အဖြေတွေ့ ပုံမပေါ်လို့ လည်း ပြောပါတယ်။ တကယ့် Reality နဲ့တခြားစီ ဖြစ်နေတယ်လို့ လည်း ပြောပါတယ်။

၃။ ပို့စ်မော်ဒန် စာပေအနုပညာအပေါ် ဆရာရဲ့ သဘောထားကို သိပါရစေ။

"ပို့စ်မော်ဒန် အနုပညာ"အကြောင်း ကျွန်တော် သိပ်မသိပါ။ သို့သော် freedom of indifference ဘယ်ဟာကိုမှ ခြားနားတယ်ရယ်လို့ မငြင်းပယ်ဘဲ လွတ်လွတ်လပ်လပ် ဖြစ်နိုင်ခြင်းကို ယခု လောလောဆယ်ဆယ် ခံစားချက်အရ ကြိုက်နေပါတယ်။ ကျွန်တော် သိသလောက် ပို့စ်မော်ဒန်က inclusionary လက်ခံနိုင်ခြင်း သဘောလို့ ထင်ပါတယ်။ လက်မခံနိုင်ခြင်း သဘော Exclusionary မဟုတ်လို့ အဲဒီသဘောတရားကို ကြိုက်ပါတယ်။ ဒီထက် ပိုပြီး ကျွန်တော် မသိပါ။

၄။ 'မုံရွေး'စာအုပ်တိုက် တည်ထောင်ဖြစ်ခဲ့ပုံလေးနဲ့ ရည်ရွယ်ချက်ကို သိပါရစေ။

မုံရွေးစာအုပ်တိုက်က ကျွန်တော် လုပ်ချင်တာ လုပ်တာပါ။ ကျွန်တော် ထုတ်ချင်တဲ့စာအုပ်ကို ထုတ်မှာပါ။ ကျွန်တော် ထုတ်ချင်တာရယ်၊





စာဖတ်သူ အကျိုးရှိဖို့ (ကျွန်တော် ယူဆတာပေါ့လေ)ရယ်၊ စာအုပ်တိုက် ရပ်တည်နိုင်ရေး၊ စီးပွားရေး သဘောရယ် . . . ဟန်ချက်ညီဖို့ ကျွန်တော် ရှာနေတုန်းပါပဲ။ မြတ်သည် ဖြစ်စေ၊ ရှုံးသည်ဖြစ်စေ၊ အဆိပ်အတောက် ဖြစ်မယ့်စာအုပ်ကိုတော့ မထုတ်ပါဘူး။

၅။ "အရင်က လက်ဖက်ရည်ဆိုင်ထိုင်တဲ့ လူငယ်တွေကို ကျွန်တော် အထင်သေးတယ်၊ ယခုတော့ အဲဒီလူတွေကိုကြည့်ပြီး ဝမ်းနည်းနေတယ်" လို့ လက်ဖက်ရည်ဆိုင် စာတမ်းမှာ ရေးထားတယ်နော်၊ ဘာကြောင့် အထင် သေးခဲ့မိတယ်၊ ဘာကြောင့် ဝမ်းနည်းနေတယ်ဆိုတာ ရှင်းပြပေးနိုင် မလား။

လက်ဖက်ရည်ဆိုင်မှာ အားအားယားယားထိုင်ပြီး လေကန်နေကြတာ၊ အလုပ်တော့ မလုပ်ကြဘူး၊ ပညာတော့ မရှာကြဘူးလို့ တွေးတဲ့အခါ အဲဒီလူငယ်တွေကို အထင်သေးမိပါတယ်။ လိပ်ပက်လက်လှန်သလို ခံနေကြရတဲ့ လူငယ်တွေလို့ တွေးမိတဲ့အခါ ဝမ်းနည်းပါတယ်။ ခံစားမှုဆိုတာ ပြောင်းနေတာပါပဲ။ ဘာထရန်ရပ်ဆဲလ်ရဲ့ အားအားယားယား ရှိခြင်းကို အမွှမ်းတင်ခြင်း (In praise of idleness) ကို ဖတ်ပြီးတဲ့အခါ၊ အသော့အနှင် လုပ်ခြင်းဟာ နတ်ဆိုးတို့၏ အလုပ်တည်းလို့ တွေးတဲ့အခါ တွေးတာပါပဲ။ ဒါပေမဲ့ လူငယ်တွေဟာ အကြာကြီးတော့ မထိုင်သင့်ဘူးဗျ။ ကျွန်တော်တို့ကတော့ တစ်ခါတစ်ရံ ထိုင်မပေါ့ဗျာ။

၆။ "ဘာသာစကားဆိုတာ 'ဆက်သွယ်မှု' communication ပဲ။ ဘယ်လိုရေးရေး ရတယ်။ အရေးပုံစံတွေဟာ ဒီနေ့အကုန်ရောနေတယ်။ အမျိုးအစား genres တွေရဲ့ နယ်နိမိတ်တွေ ကျိုးပျက်နေတယ်။" လို့ ဆရာဇော်ဇော်အောင်က အမှာစာမှာ ရေးခဲ့တာနဲ့ ပတ်သက်ပြီး ဆရာ သဘောတူပါသလား။

ဆရာဇော်ဇော်အောင်က တတ်တဲ့သူပဲ။ စာလည်း ပိုနံ့စပ်တဲ့သူပဲ။ သူရေးတာ မှန်မှာပေါ့ဗျာ။ နယ်နိမိတ်ကျိုးပျက်နေတာဟာ တကယ် အခြေအမှန်



www.burmeseclassic.com

www.burmeseclassic.com



ဆိုလျှင် ကျွန်တော် သဘောမတွေ့လည်း မှန်မှာပဲ။

၇။ "တင်မောင်သန်းက 'ကိုတာကြီးက စာပေနယ်ကို ခဏအလည် လာတာဗျ'လို့ ကျွန်တော့်ကို မှတ်ချက် ပြုဖူးတယ်" လို့ ရွှေဝတ်ရည် အင်တာဗျူးမှာ ဆရာပြောခဲ့တော့၊ အဲဒီအတိုင်း ခဏအလည်လာတာပဲလား၊ အမြဲနေသွားဖို့ စိတ်ကူး မရှိဘူးလား။

ဒါက တင်မောင်သန်း ပြောတာပဲ။ သူ့ထင်မြင်ချက်ပါပဲ။ ကျွန်တော်က စာပေနယ်ကို တကယ် ခုံမင် စွဲလန်းနေသလား . . .။ ရေးချင်တဲ့ဟာကို ရေးဖြစ်နေမှာတော့ သေချာသဗျ။ ရေချိုးခန်းထဲ သီချင်းဆိုရသလို လွတ်လွတ်လပ်လပ် ရှိရင်ပေါ့။ အောက်ကလိအာမို့ အများက ဝိုင်းဆဲကြရင်တော့ အဆို အညည်း နည်းသွားမှာပေါ့။ ကျွန်တော် သီချင်းဆိုဖို့ ဝါသနာပါတာဟာ သေချာပါတယ်။

၈။ လူငယ်ဘဝက ကဗျာတွေ၊ စာတွေ ရေးခဲ့တယ်လို့ သိရပါတယ်။ အခြားကလောင်အမည်တစ်မျိုးနဲ့ ရေးခဲ့တာလား၊ ဘယ် အတိုင်း အတာ အထိ ရေးခဲ့ပါသလဲ။

ကျောင်းသားဘဝက ကျောင်းစာစောင်လောက်ပါဗျာ။ ကျောင်းပရဝုဏ်အပြင်ဘက် ခြေထောက်တစ်ဖက်တောင် မရောက်ပါဘူး။

၉။ ဆရာ စာရေးဖြစ်နေခြင်းရဲ့ အကြောင်းရင်းကို သိပါရစေ။

ကျွန်တော့်မှာလည်း ကျွန်တော့်ခံစားတာတို့၊ ထင်မြင်တာတို့ ရှိတာပေါ့ဗျာ။ ဒါနဲ့ ရေးကြည့်တာပါပဲ။ စိတ်ဝင်တစား ဖတ်တယ်ဆိုရင် ဝမ်းသာတာပါပဲ။ ကျွန်တော် ခံစားတယ်ဆိုတာ ကျွန်တော် ထင်မြင်တယ်ဆိုတာ ဘာမျှမဟုတ်ဘူး။ အသုံးမကျဘူး၊ ပုဂ္ဂလိက စိတ္တဇဝေဒနာတွေပါလို့ ဆိုကြလျှင်တော့ ကိုယ်ရေးတာ ကိုယ်ပြန်ကြည့်ရမှာပေါ့။





၁၀။ 'အတိတ်'ထက် အနာဂတ်က ပိုပြီးကြီးကျယ် သင့်တယ် ဆိုရင် ပစ္စုပ္ပန်နဲ့ ပတ်သက်တဲ့ ဆရာရဲ့ သဘောထားကို သိပါရစေ။

ပစ္စုပ္ပန်အပေါ် ကျွန်တော့်သဘောထားက ယေဘုယျအားဖြင့် ခင်ဗျားတို့ သဘောထားနဲ့ အတူတူနေမှာပါ။ ကျွန်တော့်သဘောထားက ခင်ဗျားတို့နဲ့ မတူဘူးထင်လို့လား။

၁၁။ အတွေးအခေါ်၊ ယဉ်ကျေးမှု၊ ဘာသာစကား မတူသူတွေ စုပေါင်းနေထိုင်ခြင်းဟာ မြို့ပြတွေရဲ့ ဖွံ့ဖြိုးတိုးတက်မှု လက္ခဏာတစ်ရပ် အဖြစ် ကော့စမိုပိုလီတန် စာတမ်းမှာ တင်ပြထားတာ တွေ့ရတယ်၊ ဒါနဲ့ ပတ်သက်ပြီး ရှင်းပြပေးပါဦး။

ရှင်းပြီးသား ထင်တာပါပဲ။

၁၂။ "ကမ္ဘာကြီးက တရှိန်ထိုး တိုးတက်နေပါတယ်၊ အရာဝတ္ထုတွေ ပိုများလာပါတယ်။ လူတွေ ပိုများ၊ အနုပညာပစ္စည်းတွေ ပိုများ၊ ဆက်ဆံမှုတွေ ပိုများ၊ ပိုများလာတဲ့အရာတွေက နေရာတွေပေးဖို့ တောင်းဆို လာကြတဲ့အခါ ငြင်းဆန်မှုတွေလည်း ပြုလုပ်ကြပါတယ်။ ငြင်းဆန်ပြီး ပိတ်ပင်ကြလျှင်တော့ မဝင်လာကြတော့ဘူး၊ ကြုံလိုသွားတော့မှာ၊ မကြွယ်ဝနိုင်တော့ဘူးပေါ့ . . ." (ကော့စမိုပိုလီတန်)။ အချို့ကတော့ ကောင်းတာကိုပဲ ယူ၊ မကောင်းတာကို ပယ်ပြီး ကိုယ်နဲ့သင့်လျော်မယ့် ပုံစံတစ်ခုကို လုပ်ယူရမယ်လို့ ပြောတာလည်း ရှိတယ်။ ဒီအယူအဆကို ဆွေးနွေးပေးပါဦး။

ကိုယ်နဲ့သင့်လျော်မယ့်ပုံစံဆိုတာကို ဘယ်လို လုပ်ယူမလဲ။ အရင် လက်ခံကြည့်မလား။ အစကတည်းက ကြိုတင်ငြင်းပယ်လိုက်မလား။ ကျွန်တော်က ဖွင့်ထားတဲ့စိတ်ကို တိမ်းညွှတ်နေပါတယ်။ လက်ခံခြင်းဟာ ရှုပ်ထွေး ပွေလီခြင်းရလဒ် ဖြစ်ပေါ်စေနိုင်တာကို သိပေမယ့် တန်ဖိုး သဘောထားတွေကို တစ်ယောက်ယောက်က သတ်မှတ်ပေးတာကို မကြိုက်တဲ့ ခံစားမှုမျိုး ကျွန်တော့်မှာ ယခုလောလောဆယ်၌ ရှိနေတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ဟာက ကောင်းတာတုန်း၊ ဘယ်ဟာက မကောင်းတာတုန်း၊ ကောင်းတာ မကောင်းတာကို ဘယ်သူက သတ်မှတ်မှာတုန်း။ သာမန်အားဖြင့် တန်ဖိုး သဘောထားတွေကို ပြုလုပ်တဲ့ အဖွဲ့ (Insti tution) တွေက အစဉ်အလိုက် အားဖြင့် မိသားစု၊ စာသင်ကျောင်း၊ ဘုန်းကြီးကျောင်းလို့ ပြောကြပါတယ်။ အခုတော့ တီဗွီက နေရာတိုးချဲ့ယူလာပါပြီ။ စာနယ်ဇင်းတွေကလည်း ပါဝင် ဆင်နွှဲသပေါ့ဗျာ။ မိသားစု၊ စာသင်ကျောင်း၊ ဘုန်းကြီးကျောင်း၊ တီဗွီ၊ စာနယ်ဇင်းပေါ့။ ကော့စမိုပိုလီတန် အယူအဆများကို ဘရာဇင်းစကီးလို အနောက်က လူတချို့ကလည်း မကြိုက်ပါဘူး။ ဘယ်ဟာဖြစ်ဖြစ် လက်ခံ တယ်ဆိုတာ ကျင့်ဝတ်အရ အားပြော့သွားတာ၊ စိတ်ဓာတ်-အကြောပြော့ ရောဂါရတာ စသည်ဖြင့် ပြောကြပါတယ်။ အားလုံးကို လက်ခံတာဟာ စိတ်ဓာတ်ကို ဖေါက်ဖေါက်ပြန်ပြန်ဖြစ်မှုနဲ့ အသက်ရှုကျပ်စေနိုင်တယ် (Corrupt asphyxiation of the soul) လို့ ငြင်းခုန်ကြပါတယ်။ သို့သော် ကျွန်တော်တို့ကို ကျွန်တော်တို့ရဲ့ မိသားစု၊ စာသင်ကျောင်းနှင့် ဘုန်းကြီး ကျောင်းတွေက အခြေခံအယူအဆ၊ တန်ဖိုး သဘောထားကို အတွင်းထဲ အနက်အရှိုင်းထိ သတ်မှတ်ပေးပြီးသား ရှိပါတယ်။ ဘယ်ဟာဝင်မလာစေနဲ့လို့ အလွန်အကျွံ မပူပန်မိပါ။

၁၃။ တီဗွီတွေ၊ အင်တာနက်တွေ အခုထက် ပိုတွင်ကျယ်လာရင် စာအုပ်ထီးရိပ်ကို ခိုနေလို့ ရနိုင်ပါဦးမလား ဆရာ။

တီဗွီ၊ အင်တာနက်စတာတွေက "အမြန်နှင်ခြင်း" (Rush of immediacy) အပေါ်မှာ တည်ဆောက်ထားတာ၊ စာအုပ်က "အမြန်နှင်ခြင်း" မဟုတ်၊ အသေးအဖွဲ့များနှင့် လွှမ်းပစ်ခြင်း မဟုတ်လို့၊ ကောင်းသောစာအုပ်၊ ထီးရိပ်ကတော့ လုံ့စရာအဖြစ် တည်နေမှာပါဗျာ။ အချက်အလက်နဲ့ အဓိပ္ပာယ်ကြားမှာ ကာလတစ်ခု ခြားထားရမယ်။ တီဗွီ၊ ဂျာနယ်စတာတွေဟာ အချက်အလက်တွေ ကဲတယ်၊ စာအုပ်က အဓိပ္ပာယ် ကဲတယ်၊ မီဒီယာဆိုပေမယ့် တခြားစီပါ။ ကာလခြားတဲ့ မီဒီယာပေါ့။





၁၄။ 'နံနက်စာစက်ရုံ'ကို တက်ကျမ်းဆောင်းပါးလို့ ပြောနိုင်မလား စီးပွားရေးလမ်းညွှန်အဖြစ် ရည်ရွယ်ရေးခဲ့ပါသလား။

နံနက်စာစက်ရုံက အင်ဒရူးဂရိုဖ့်ရေးတဲ့ Breakfast factory ကို ချုံ့ပြီး ရေးတာပါ။ လုပ်ငန်းလေးတစ်ခုတလေ လုပ်မယ့်သူတွေ စဉ်းစား စရာရမလားလို့ပါ။

တက်ကျမ်းတို့ဘာတို့ ခင်ဗျားတို့ သတ်မှတ်ချင်ရာ သတ်မှတ်ကြပါ။

၁၅။ နောက်ဆုံးအနေနဲ့ 'ပြတင်းပေါက်မှ ကြည့်သူ၏စိတ်ကူးများ'နဲ့ ပတ်သက်ပြီး စာဖတ်သူတွေကို တစ်ခုခု ပြောပါဦး။

သာမန်စာရေးသူတစ်ဦးအနေနှင့် ကျွန်တော်က စာရေးလို့၊ ကျွန်တော့်စာထဲမှာ အယူအဆတစ်ခုပါလျှင် ထိုအယူအဆကို စဉ်းစားစရာ တစ်ခုအနေနှင့်သာ ယူကြပါရန်။ သူများဆီက ကူးယူသည်ဖြစ်စေ၊ ကျွန်တော့် ထင်မြင်ယူဆချက်သာဖြစ်စေ၊ ထိုအယူအဆသည်မှန်ချင်လည်း မှန်နိုင် ပါသည်။ မှားချင်လည်း မှားနိုင်ပါသည်။ သဘောတူလျှင်လည်းယူပါ၊ သဘော မတူလျှင် မယူပါနှင့်။ ကျွန်တော့်၌ တစ်သမတ်တည်း စွဲမြဲသော အယူဝါဒ မရှိပါ။ "ပြတင်းပေါက်က ကြည့်တော့ ကောင်းကင်ကို မြင်တယ်။ မြေကြီးကို လည်း မြင်တယ်။" ထိုအခါ ပြတင်းပေါက် ကျဉ်းနေ၍ ချဲ့ဖို့ လိုသည်ဟု ပြောသောသူလည်း ရှိပါသည်။ ပြတင်းပေါက် ကျဉ်းနေ၍ ပိတ်ပစ်ရမည် ဟု ပြောသောသူ မရှိ၍တော်ပါသေးသည်။ ကစားမြူးထူးစိတ် "Spirit of play" နှင့် ရေးသောစာလည်း ရှိကြောင်းပါ ဆရာတို့ခင်ဗျား။



www.burmeseclassic.com

www.burmeseclassic.com

# မိုးပေါ်သို့ လိမ့်ကျခြင်း

- သိပ္ပံဝတ္ထုများ
- မောင်ထင်၏ မြန်မာပြန်
- မိုးပေါ်မှ လိမ့်ကျသည်ဟူမှ အမှန် မဟုတ်လော . . .။

မိုးပေါ်သို့ ဘာလို့ လိမ့်ကျရသတုန်း . . .။

စက်မှုထွန်းကားသော နိုင်ငံများတွင် သိပ္ပံဝတ္ထုများကို လူကြီးလူငယ်မရွေး ဖတ်နေကြသည်။ သိပ္ပံဝတ္ထုများ ဖတ်ခြင်းဖြင့် သိပ္ပံနယ်သို့ ရောက်နိုင်သည်။ သိပ္ပံစိတ်ကူးများ ရနိုင်သည်။ ယခုခေတ်သည် သိပ္ပံခေတ်ကြီး မဟုတ်လော . . .။ ကျွန်တော်တို့လည်း သိပ္ပံဝတ္ထုများ ဖတ်ရှုသင့်သည် မဟုတ်လော၊ ကျွန်တော်တို့ သားသမီးများလည်း ဖတ်ရှုသင့်သည် မဟုတ်လော။

| |
|---|
| မုံရွေးစာအုပ်တိုက်က မုံရွေးသိပ္ပံစာစဉ်အဖြစ် ထုတ်ဝေလိုက်တယ်။ |

BURMESE CLASSIC .com

## ပင်လယ်ဝသို့ လှေတလေးနှင့် ထွက်ခဲ့

ပင်လယ်ဆိုတာ အကျယ်ကြီး

လှေကလေး ဘယ်ပုံသွား . . .

သို့သော် လှေကလေးထွက်လာခဲ့

မကြောက်တဲ့ လှေကလေး . . .။

မောင်သာချို၏ ကဗျာအကြောင်း ဆောင်းပါးများ

မောင်သာချို ခံစားဝေဖန်သည်။

www.burmeseclassic.com

www.burmeseclassic.com

# ရယ်ချင်ရယ် မောချင်မော

(ကာတွန်းဆရာကြီးများရဲ့ အနှစ်အသက် ကာတွန်းများ)

“ရယ်တော့ ရယ်ပါရစေ၊
မေတော့ မောပါရစေနဲ့
တောင်းပန်ပါတယ်၊ ကာတွန်းဆရာများရယ်”

ရယ်သော
လျောင်သော
ခနဲ့တဲ့တဲ့ ပြောသော
မထိခလုတ် ထိခလုတ် ဖြစ်သော
ရယ်ချင် ရယ်ပေတော့
မောဖို့တော့ မဟုတ်ပါ။

# သချ်ာဘုရင်မ

– “အရှေ့ကို လျှောက်ပါလို့၊ အနောက်ကိုတဲ့ မျှော်လိုက်လျှင်
တံခွန်တိုင် ရွှေကုက္ကားနဲ့
ဘုရားကို မြင်
မမလေးတို့ ပျိုညယျာဉ် . . . ”

– သချ်ာဘုရင်မ ဟူသည် သချ်ာ၏ အကြောင်း . . .
သချ်ာ၏ သမိုင်း . . .
သချ်ာ၏ သဘော . . .

“အရှေ့ကို လျှောက်ပါလို့” ဘာဆိုင်သတုန်း။
– ဆိုင်ပါသော်ကော
သချ်ာတတ်မှ ရှေ့ရောက်သတဲ့
သချ်ာဟူသည် သဘာဝရဲ့ မာယာကို ဖော်ပြနိုင်တဲ့
စကား ပညာတဲ့
– လွှဏ်းမောင်က ဖတ်သူများမယ်လို့တော့ မထင်ပါ၊
သို့သော် ဖတ်သူတစ်ယောက်တဇ်လရှိလည်း ပြီးတာပါပဲတဲ့။

BURMESE CLASSIC .com
www.burmeseclassic.com